# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


ဘုရားပွင့်၍ ချမ်းသာ၏။
တရားဟော၍ ချမ်းသာ၏။
သံဃာသင့်မြတ် ချမ်းသာ၏။
ညီညွတ်အကျင့် ချမ်းသာ၏။
ပွင့်ခြင်း ဟောခြင်း သင့်မြတ်ခြင်း
ညီညွတ်ခြင်းကြောင့် ချမ်းသာ၏။

ဓမ္မပဒ၊ ဗုဒ္ဓဝဂ်၊ ဘုရားသခင်-၁၉၄။
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၄ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၃၂)


# ဘေးဒုက္ခများကြုံတွေ့လာချိန်တွင် နိုင်ငံတော်နှင့်နိုင်ငံသားများ ပူးပေါင်းဆောင်ရွက်ခဲ့ မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရှင်သန်ရေးကူညီမှုအသင်းအား ရွေးချယ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ပြည်သူသို့ကျေးဇူးတင်လွှာ
၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်)

၁။ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုသက်ရောက်မှုဖြစ်စဉ်၏ အကျိုးဆက်အဖြစ် ယခုနှစ်နွေရာသီကာလအတွင်း မြန်မာနိုင်ငံသူနိုင်ငံသားများအနေဖြင့် အပူချိန်မြင့်မားမှုနှင့် ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းမြင့်မားမှု သဘာဝဘေးဒဏ်ကို ကြုံတွေ့ခံစားနေရသည့်အပြင် နေရာဒေသတော်တော်များများတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုများနှင့်လည်း ရင်ဆိုင်နေကြရပါသည်။

၂။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များမှ အထူးအလေးထားလျက် ကူညီပံ့ပိုးမှုများဆောင်ရွက်လျက်ရှိပါသည်။ အလားတူ သောက်သုံးရေ ရှားပါးပြတ်လပ်နေကြသော နေရာဒေသများသို့ နိုင်ငံသူ နိုင်ငံသား၊ ပုဂ္ဂလိကအလှူရှင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ စီးပွားရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများက မည်သူ့တိုက်တွန်းနှိုးဆော်ချက်မှမပါဘဲ သွေးရင်းသားရင်းရိုင်းပင်းခြင်း၊ အားနည်းသူ ကူညီခြင်းစိတ်ရင်းအခံဖြင့် ခက်ခက်ခဲခဲသွားရောက်ကာ သောက်သုံးရေများ ကိုယ်ထိလက်ရောက် လှူဒါန်းလျက်ရှိကြသည်ကိုလည်း ဝမ်းသာကြည်နူးဖွယ်ရာ တွေ့မြင်ကြားသိနေရပါသည်။ နိုင်ငံတော်တည်ဆောက်ရေးအပါအဝင် ဘေးဒုက္ခများကြုံတွေ့လာရချိန်တွင် အရေးကြီးသွေးနီးဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရသာမက


*စာမျက်နှာ ၃ ကော်လံ ၁* ✻




# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ရက် ၁၀၀ အတွင်း ယန္တရားကြီးများ ပိုမိုတင်သွင်းခွင့်နှင့် ကုန်သွယ်မှုဖြေလျှော့ရန် ဦးစားပေးဆောင်ရွက်မည်

တွေ့ဆုံမေးမြန်း-ဆုနှင်းလဲ့ စာ-၁၆၊ ၁၇



**ရန်ကုန်မိုး**

ရန်ကုန်မြို့ တာမွေမြို့နယ်၌ မေ ၂၃ ရက် ညနေပိုင်းက မိုးအဆက်မပြတ် ရွာသွန်းခဲ့သောကြောင့် လမ်းမကြီး ရေလျှံမှုဖြစ်ကာ မော်တော်ယာဉ်များနှင့် ပြည်သူများ ခက်ခဲစွာသွားလာနေရသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-ရဲထွဋ်)




# အဓိပ္ပာယ်မမဲ့စေလိုပါ

မန္တလေးမြို့မှ လူကူးခုံးကျော်တံတားတစ်စင်း ယခုလအတွင်း ဖျက်သိမ်းတော့မည်ဟုဆိုသည်။ တံတားကို စတင်တည်ဆောက်ခဲ့စဉ်က လိုလောက်သောအကြောင်းအရာများရှိခဲ့၍သာ တည်ဆောက်ခဲ့ခြင်းဖြစ်နိုင်ပြီး ဖျက်တော့မည်ဟုဆိုသောအခါတွင်လည်း ဖျက်သိမ်းရန်လုံလောက်သော အကြောင်းအရာတို့ရှိနေခဲ့သည်။ အဓိကအကြောင်းအရာများအနက် တစ်ခုမှာ တံတားကို အသုံးပြုသူများ မရှိသလောက်ဖြစ်နေ၍ဟု ဆိုသည်။

ရန်ကုန်တွင်လည်း လူကူးခုံးကျော်တံတားများကို မြို့လယ်ဒေသများတွင်ရော အဓိကလမ်းမကြီးများတွင်ပါ တည်ဆောက်ထားသည်။ တပ်မတော်အစိုးရလက်ထက် အစောပိုင်းကာလများက တည်ဆောက်ခဲ့သည့် တံတားများရော မကြာမီက တည်ဆောက်ခဲ့သည့် တံတားများအပါအဝင် လူကူးခုံးကျော်တံတားများကို ရည်ရွယ်ချက်ကောင်းများဖြင့် တည်ဆောက်ပေးထားခြင်းဖြစ်သည်။ အထူးသဖြင့် ယာဉ်သွားလမ်းပေါ်တွင် လမ်းဖြတ်ကူးသူများနှင့် မော်တော်ယာဉ်များ ရှုပ်ထွေးကာ ယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်တိုက်မှုအန္တရာယ်ဖြစ်ပေါ် ခြင်းတို့ကို ရှောင်လွှဲနိုင်စေရန်ရည်ရွယ်တည်ဆောက်ပေးထားခြင်းဖြစ်သည်။ နောက်ပိုင်းတည်ဆောက်သည့် လူကူးတံတားများတွင် တံတားအသုံးပြုသူ ခြေကျင်ခရီးသွားများ သက်သောင့်သက်သာ အသုံးပြုနိုင်ရန်အတွက် စက်လှေကားများ တပ်ဆင်ပေးထားပြီး စကြံလမ်းတစ်လျှောက် အမိုးအကာများဖြင့် ခေတ်မီမီတည်ဆောက်ပေးထားခြင်းဖြစ်သည်ကို တွေ့ရသည်။

မည်သို့ပင် တည်ဆောက်ပေးထားစေကာမူ အဆိုပါတံတားများကို အသုံးပြုသူများက နည်းပါးလှသည်။ စက်လှေကား တပ်ဆင်ထားသောတံတားများတွင်ပင် တံတားကို အသုံးမပြုလိုကြရာစက်လှေကားတပ်မထားသည့် တံတားများတွင်ကား ဆိုဖွယ်ရာမရှိတော့။ လမ်းပေါ်တွင် တားဆီးထားသော အကာအရံများကို ကွေ့ဝိုက်ရှောင်ရှားကာ လမ်းမပေါ်ကားများကြားမှ ယခင်အတိုင်းပင် တိုးဝှေ့ဖြတ်သန်းသွားလာကြသည်ကို နိစ္စဓူဝတွေ့မြင်ကြရသည်။ လူကူးတံတားများသာမက ယာဉ်ကြောပိတ်ဆို့မှုသက်သာရရေးအတွက် တည်ဆောက်ထားသော မော်တော်ယာဉ်သွားတံတားကြီးများကိုပင် ဘတ်စ်ကားအချို့က အသုံးမပြုကြဘဲ ခရီးသည်ရရှိရေးအတွက် တံတားအောက်မှပင် ဖြတ်သန်းကြပြန်ရာ ခုံးကျော်တံတားများ တည်ဆောက်ခဲ့ရသည့် မူလရည်ရွယ်ချက်တို့ အပြည့်အဝအောင်မြင်မှု မရဟုယူဆရမလိုပင် ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် စည်းကမ်းမှာ အရေးကြီးသည်။ ပြည်သူများ စည်းကမ်းလိုက်နာမှု ရေချိန်အနိမ့်အမြင့်က ဒီမိုကရေစီခိုင်မာအားကောင်းမှုအခြေအနေကို ဖော်ညွှန်းသည်။ ပြည်သူများစည်းကမ်းလိုက်နာရန် အရေးကြီးသကဲ့သို့ စည်းကမ်းမလိုက်နာသူများကို အရေးယူရန်မှာလည်း အရေးကြီးသည်။ စည်းကမ်းမလိုက်နာမှုများကို အရေးယူရန် တာဝန်ရှိသူများက မိမိတို့၏တာဝန်များကို ကျေပွန်ဖို့လိုသည်။

မည်သို့ပင်ဆိုစေ ပြည်သူလူထုအကျိုးအတွက် ဘဏ္ဍာငွေအမြောက်အမြားအကုန်အကျခံတည်ဆောက်ပေးထားသော တံတားကြီးများ အဓိပ္ပာယ်မဲ့မဖြစ်စေလိုပါ။ သို့မဟုတ်ပါကလည်း အများပြည်သူ အသုံးမပြုသော၊ အသုံးပြုရန်လည်းမလိုအပ်သော တံတားများကို ငွေကုန်ကြေးကျခံကာ အဓိပ္ပာယ်မဲ့စွာ မတည်ဆောက်စေလိုပါ။ ပြည်သူတို့အကျိုးအတွက် လိုအပ်ချက်ကြောင့် တည်ဆောက်ထားသော တံတားကြီးများကို ပြည်သူအများက ကျေနပ်အားရစွာ အသုံးပြုကြစေလိုပါကြောင်း။ ။




## စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စာရင်းရေးသွင်းမှုမှန်ကန်ရေး သင်တန်းဖွင့်

**မိုးမောက် မေ ၂၃**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်နှင့် ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကော်မတီဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် စာရင်းရေးသွင်းမှုများ စနစ်တကျ မှန်ကန်စေရန် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၁၆)ကို မေလတတိယပတ်က ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန် / ဆက်)

## ထင်သာမြင်သာပြုပြင်စရာ



ရန်ကုန်မြို့လယ်တွင် ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် လူကူးခုံးကျော်တံတား တည်ဆောက်ထားသော်လည်း ခုံးကျော်တံတားပေါ်မှ ဖြတ်သန်းသွားလာခြင်း မရှိဘဲ စည်းကမ်းမဲ့စွာ သွားလာနေကြသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်

ဓာတ်ပုံ - ဇော်မင်းလတ်

## ညအိပ်ညနေ စည်းကမ်းမဲ့ယာဉ်ရပ်နားနေမှု ရှင်းလင်းပေးစေချင်

ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ဖျာပုံတံတားကြီး ခြေဆင်း တြိဂံချွန်းနေရာသည် အများပြည်သူများ အပန်းဖြေနားနေရန် ရောင်စုံမီးများနှင့် ပန်းအလှများစိုက်ထူထားပြီး လမ်းဘေးဝဲ၊ ယာ ယာဉ်မရပ်ရနေရာ ဖြူ၊ နီကျားသတ်မှတ်ရေးဆွဲထား၍ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက် ပေးထားခဲ့သော်လည်း နေ့နေ့ညည ခရီးသည်တင်ယာဉ်များရပ်၍ ခရီးသည်အတင်အချပြုလုပ်ခြင်း၊ ခရီးသည်ခေါ်ဆောင်ခြင်းများအပြင် ညအချိန် ၁၀ နာရီကျော်ခန့်မှစတင်၍ ကုန်တင်ယာဉ်ကြီးများ၊ တြိဂံချွန်းလမ်းဘေးဝဲ ယာတွင် စည်းကမ်းမဲ့စွာ ညအိပ်ညနေ ရပ်ထားမှုများကြောင့် ပြည်သူများခရီးသွားလာမှု အခက်တွေ့နေရကြောင်း သိရသည်။

“များပြားလာတဲ့ ခရီးသည်ယာဉ်တွေ၊ ကုန်တင်ယာဉ်ကြီးတွေ တြိဂံချွန်းထိပ်မှာ ပေါ်ပေါ်တင်တင်ရပ်နားနေလို့ ယာဉ်တိုက်မှုကြောင့် ပြည်သူတွေ နေ့စဉ်နီးပါး ထိခိုက်ဒဏ်ရာရပြီး အသက်အန္တရာယ်စိုးရိမ်နေရတာကို သက်ဆိုင်ရာတာဝန်ရှိသူတွေက အမြန်ဆုံးရှင်းလင်းပေးဖို့လိုအပ်နေပါတယ်”ဟု မြို့နေပြည်သူတစ်ဦးက ပြောသည်။

အလားတူ ဖျာပုံမြို့တွင် ရေပေးဝေရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း ပြည်သူများအတွက် မြို့တွင်းလမ်းများတွင် ရေပိုက်ချထားနိုင်ရန် လမ်းဘေးဝဲယာ မြေတူးဖော်ပြီး လမ်းပေါ်မြေစာများ ပုံထားမှုကြောင့် ယာဉ်များရပ်နားရာတွင် လည်းကောင်း၊ ပြည်သူများ လမ်းလျှောက်သွားလာရာတွင်လည်းကောင်း အခက်အခဲဖြစ်လျက်ရှိသဖြင့် သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၃-၅-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၂.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၀.၂၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၈.၁၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး | ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| စာတည်းမှူး | - | ဝင်းရွှေ | ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် | | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| သတင်းထောက်မှူး | - | မြင့်ဆွေ | ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) | | | Fax- ၀၁-၈၆၀၄၅၄၆ |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

# ရှင်သန်ရေးကူညီမှုအသင်းနည်းတူ နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိနိုင်ငံ၊ မိမိနိုင်ငံသားများအကျိုးအတွက် နိုင်ငံသား စိတ်ဓာတ်ကို အရင်းခံလျက် ရှေ့သို့ဆက်၍ လျှောက်လှမ်းကြရာ၌ ဝိုင်းဝန်းကူညီ

**✻ ရှေ့ဖုံးမှ**

နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။

၃။ မည်သူ့တိုက်တွန်းချက်မှမပါဘဲ မိမိတို့၏ အများအကျိုး ထမ်းပိုးသယ်ရွက်လိုသော စိတ်ရင်းစေတနာကိုအခြေခံ၍ ကူညီမှုဆောင်ရွက်နေသော အသင်းအဖွဲ့များအနက် ရှင်သန်ရေးကူညီမှုအသင်း (NOBLE HEART) သည် သောက်သုံးရေရှားပါးပြတ်လပ်နေသော ပြည်သူများအတွက် ထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးနိုင်ခြင်း၊ ကူညီမှုများဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ခြင်း၊ အကျိုးဖြစ်ထွန်းသည့် အိမ်ထောင်စုနှင့် နယ်မြေရိယာကျယ်ပြန့်ခြင်း၊ ရေတိုရေရှားပါးမှု အခက်အခဲများသာမက ရေရှည်အတွက် အခက်အခဲလျော့နည်းစေသော နည်းလမ်းများကိုပါ တိုးချဲ့ဆောင်ရွက်နိုင်ခြင်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသော ပြည်သူများ၏ သတင်းအချက်အလက်များကို ကျယ်ပြန့်စွာ သိမြင်စေလျက် ပါဝင်ကူညီဆောင်ရွက်လိုသူ လူငယ် လူရွယ်များ တိုးမြင့်ပါဝင်လာနိုင်စေရန်လည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ သို့ဖြစ်၍ ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် “ရှင်သန်ရေးကူညီမှုအသင်း” အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ ရှင်သန်ရေးကူညီမှုအသင်းနည်းတူ နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိနိုင်ငံ၊ မိမိနိုင်ငံသားများအကျိုးအတွက် နိုင်ငံသားစိတ်ဓာတ်ကို အရင်းခံလျက် ရှေ့သို့ဆက်၍ လျှောက်လှမ်းကြရာ၌ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပြည်ထောင်စုရှေ့နေချုပ်ရုံး မဟာဗျူဟာစီမံကိန်းနှင့်အညီ အကောင်အထည်ဖော်မှု ဆွေးနွေး

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် UNDP မှ တရားဥပဒေစိုးမိုးရေးလုပ်ငန်းဆိုင်ရာ အထူးကျွမ်းကျင်သူ Ms. Mascha Matthews Johanna နှင့် IDLO မှ ဌာနေကိုယ်စားလှယ် Mr. Kartik Sharma တို့ဦးဆောင်သော အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းနှင့်အညီ အားထုတ်ကြိုးပမ်းအကောင်အထည်ဖော်ရေး ကိစ္စ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများတွင်လည်း ပိုမိုပူးပေါင်းလုပ်ဆောင်သွားမည့်ကိစ္စ၊ UNDP မှ Ms. Mascha Matthews Johanna၊ လုပ်ငန်းစီမံကိန်း တာဝန်ခံ U Paul Doila နှင့် IDLO မှ Mr. Kartik Sharma တို့က ၄င်းတို့ ဆောင်ရွက်လျက်ရှိသည့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများကို လုပ်ငန်းအဆင့်အလိုက် ဆွေးနွေးကြကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒေါ်နုနုယဉ်နှင့် ဒေါ်ခင်ချိုအုန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများလည်း တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၂၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ကယား၊ ချင်း၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ပဲခူး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မွန်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်ပါ သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**(မြန်မာ့အလင်း)**

**❍ ကျောဖုံးမှ**

လက်ခံပေးနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပြောကြားသည်။

“အရင်နှစ်တွေကလည်း သူငယ်တန်းအတွက် ကျောင်းအပ်နှံတဲ့အခါမှာ အသက်လိုအပ်ချက်ကို အခုလိုပဲ ထောက်ခံပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ယခုပညာသင်နှစ်တွင် သင်ရိုးသစ်ဖြင့် စတင်သင်ကြားမည့် KG သူငယ်တန်းပညာရေးအတွက် တက်ရောက်သင်ယူကြမည့် ကလေးများ၏ အသက်ကန့်သတ်ချက်အပေါ် ၄င်းက ရှင်းလင်းပြောကြားခဲ့သည်။

ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့် ကျောင်းအသီးသီးတွင်မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ပေးထားကြောင်း သိရသည်။

**■ ကျောဖုံးမှ**

လက်ဝှေ့ကျော်များဖြစ်သော စောဂေါ်မူဒို၊ သပြေညို၊ သွေးသစ်အောင်နှင့် ဖျံသွေးတို့ လေးဦး ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။ ရိုးရာကျားတို့၏ ယင်းနေ့ စိန်ခေါ်ပွဲကြီးတွင် စုစုပေါင်း တွဲဆိုင်းကိုးဆိုင်း ရင်ဆိုင်ယှဉ်ပြိုင် စိန်ခေါ်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းစိန်ခေါ်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းများမှာ လေးချီတွဲ အထူးစိန်ခေါ်ပွဲ တစ်ဆိုင်း၊ ငါးချီ အထူးစိန်ခေါ်ပွဲ ရှစ်ဆိုင်းနှင့် စုစုပေါင်း တွဲဆိုင်းကိုးဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ငါးချီအထူးစိန်ခေါ်ပွဲတွဲဆိုင်းများတွင် စောဂေါ်မူဒို (သတ္တိ)နှင့် သွေးသစ်အောင်(နဂါးနီ)၊ သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး)၊ ရှမ်းကို(T&T) နှင့် စောမင်းအောင် (တောင်ကလေး)၊ ဒေါင်းသည်းခြေ (အောင်မြန်မာ)နှင့် ကြယ်စင်ထူး(ဘိလပ်မြေစက်ရုံ)၊ ရွှေရာမာဉ်(ရွှေဒေါ်ပုံ)နှင့် ဗိုလ်စိုးအောင် (ဗမာ့သွေး)၊ ထွန်းလွင်မိုး(နဂါးမာန်)နှင့် စောရာဇာ (ရွှေမိုးထိငြိမ်းချမ်းရေး)၊ ရဲသွေးနီ(တောင်ကလေး)နှင့် မိုးဟိန်း (ဘိလပ်မြေစက်ရုံ)၊ နက္ခအောင်(တောင်ကလေး)နှင့် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကာ လေးချီအထူးစိန်ခေါ်ပွဲတွင် ရွှေဖားစည် (ဘိလပ်မြေစက်ရုံ)နှင့် စွမ်းထက်နိုင်(ဗမာ့သွေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

“ဇွန် ၅ ရက်မှာထိုးသတ်မယ့် ပြည်တွင်းပွဲတွေက ပထမတန်း လက်ဝှေ့ကျော်တွေ့ရဲ့ လက်ရည်နှိုင်းယှဉ်စစ်မယ့်ပွဲလို့ပြောရမယ်။ ဘာလို့လဲဆိုတော့ ရိုးရာလက်ဝှေ့လောကရဲ့ ပထမတန်းတွေဖြစ်တယ်။ ပြောရရင် နောင်အနာဂတ်မှာ ဘယ်သူမြန်မာပြည် အလွတ်တန်းချန်ပီယံဖြစ်မလဲဆိုတာ ဒီပွဲမှာ ခန့်မှန်းလို့ရမှာ ဖြစ်တယ်။ အားလုံးက လက်ရည်သိပ်မကွာကြဘူး။ သူ့ပါဝါနဲ့သူတော့ ရှိကြတာပဲ”ဟု ရိုးရာလက်ဝှေ့ဝါသနာရှင် ကိုမိုးမြင့်က ပြောသည်။

ယင်းရိုးရာကျားတို့၏ ပြည်တွင်းအားပြိုင်စိန်ခေါ်ပွဲကြီးတွင် ရုံဝင်ကြေးအဖြစ် ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၂၀၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀ တို့ဖြင့် လက်မှတ်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## အာရှဒေသ သန့်ရှင်းသောစွမ်းအင်ဆိုင်ရာ ဖိုရမ် ၂၀၁၆ ဇွန် ၆ ရက်မှ ၁၀ ရက်ထိ မနီလာမြို့တွင် ကျင်းပမည်

**နေပြည်တော် မေ ၂၃**

အာရှဒေသ သန့်ရှင်းသောစွမ်းအင်ဆိုင်ရာဖိုရမ် ၂၀၁၆ (ASIA CLEAN ENERGY FORUM 2016) ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဇွန် ၆ ရက်မှ ၇ ရက်ထိ ဖိုရမ်အကြို ဆက်စပ်အစည်းအဝေးများကို လည်းကောင်း၊ ဇွန် ၈ ရက်မှ ၁၀ ရက်အထိ မျက်နှာစုံညီသန့်ရှင်းသော စွမ်းအင်ဆိုင်ရာ ဖိုရမ် ၂၀၁၆ ကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့် ငါးရက်တာဖိုရမ်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးချရေး၊ စွမ်းအင်ရရှိနိုင်ရေး၊ စွမ်းအင်ချွေတာရေးနှင့် အနာဂတ်ကာလအတွက် စွမ်းအင်ဆိုင်ရာ လုပ်ဆောင်သွားမည့်အစီအစဉ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရပြီး ပြီးခဲ့သည့်နှစ်ဖိုရမ်ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဇွန် ၁၅ ရက်မှ ၁၉ ရက်ထိ ကျင်းပခဲ့ကြောင်း သိရသည်။

အာရှဒေသ သန့်ရှင်းသောစွမ်းအင်ဆိုင်ရာဖိုရမ်ကို ဒေသတွင်းရှိ ရာသီဥတုပြောင်းလဲမှုနှင့် စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် မူဝါဒ၊ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများမျှဝေနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အာရှဒေသတွင်းနိုင်ငံများမှ အစိုးရအဖွဲ့ဝင်များ၊ သန့်ရှင်းသော စွမ်းအင်ဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သန့်စင်၊ဟန်နီ**

# မြန်မာတောင်တက်သမား သုံးဦး မေ ၂၅ ရက်တွင် ရန်ကုန်သို့ ရောက်မည်

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံအလံအား ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်ပေါ်တွင် လွှင့်ထူနိုင်ခဲ့သော မြန်မာတောင်တက်အဖွဲ့သည် မေ ၂၅ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။



“အခုလိုအတွေ့အကြုံရှိပြီးသက်စွန့်ကြိုးပမ်းတက်ရောက်နိုင်ခဲ့တဲ့ မြန်မာလူငယ် တောင်တက်အဖွဲ့ဟာ မြန်မာပြည်ကို ကိုယ်စားပြုရုံတင်မက မှိန်ဖျော့နေတဲ့ တောင်တက် အားကစားလောကကိုပါ ဖွံ့ဖြိုးတိုးတက်လာအောင်၊ သက်ဝင်လာအောင်၊ အရှိန်ရလာအောင် ရှေ့ဆောင်လမ်းပြလုပ်ပေးနိုင်ခဲ့တဲ့ မျိုးဆက်သစ်လူငယ်လေးတွေဖြစ်လို့ ဂုဏ်ယူမိပါတယ်။ ဒီခရီးစဉ်တစ်လျှောက်လုံးအတွက် အဓိက ပံ့ပိုးကူညီပေးခဲ့တဲ့ ဦးတေဇ ဦးဆောင်တဲ့ ထူးဖောင်ဒေးရှင်း အဖွဲ့သားတွေကို အလွန်ကျေးဇူးတင်ပါတယ်။ နိုင်ငံတကာမှာတော့ တောင်တက်အားကစားဟာ အလွန်ကို ဖွံ့ဖြိုးတိုးတက်တယ်။ တက်ရောက်တဲ့သူတွေများတယ်။ ဒါကိုလည်း အခု ဧဝရက်တောင်ခရီးစဉ်မှာ နိုင်ငံတကာက တောင်တက်အားကစားသမားတွေကို မြန်မာလူငယ် တောင်တက်အဖွဲ့ မျက်မြင်ကိုယ်တွေ့သိခဲ့ရပါပြီ။ ကြိုးစားတဲ့သူတွေ ပေါ်ထွက်လာသလို ပံ့ပိုးထောက်ပံ့ပေးတဲ့ အဖွဲ့အစည်းတွေရှိမှုလည်း ကစားသမားတွေအနေနဲ့ အင်အားတစ်ရပ်ဖြစ်ပေါ်စေမှာပါ။ အနာဂတ်မှာ အခုလိုနိုင်ငံ့ဂုဏ်ဆောင် လူငယ်ကစားသမားတွေ ပေါ်ထွက်ပါစေလို့ ဆုတောင်းပါတယ်”ဟု တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်းမှ အမှု ဆောင်တစ်ဦးက ပြောသည်။

မြန်မာလူငယ်တောင်တက်အဖွဲ့အား ဧဝရက်တောင်၏ တောင်ခြေစခန်း Base Camp သို့ သွားရောက်ကြိုဆိုသော မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် ထူးဖောင်ဒေးရှင်း နာယက ဦးတေဇနှင့်အတူ မြန်မာတောင်တက်လူငယ်အဖွဲ့သည် မေ ၂၂ ရက် နေ့လယ်ပိုင်းတွင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်သို့ ရောက်ရှိခဲ့သည်။ ထိုအဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦးနှင့်ဇနီး၊ နီပေါ-မြန်မာ ချစ်ကြည်ရေးအသင်းတို့မှ တာဝန်ရှိသူများက ကြိုဆိုကာ ဂုဏ်ပြုညစာများဖြင့် တည်ခင်းဧည့်ခံပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာလူငယ် တောင်တက်ကစားသမား သုံးဦးဖြစ်သော ကိုညီညီအောင်၊ ကိုပြည့်ဖြိုးအောင်၊ ကိုဝင်းကိုကို တို့သည် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် လက်အောက်ခံ မြန်မာနိုင်ငံ၏ ပထမဆုံး Rock Climbing တောင်တက်အဖွဲ့ဖြစ်သည့် Technical Climbing Club Of Myanmar မှ အသင်းဝင်ကစားသမားများဖြစ်သည်။ ပြီးခဲ့သည့် မတ်လ စတုတ္ထပတ်မှစတင်ကာ ရက်ပေါင်း ၆၀ ကြာ ဧဝရက်တောင်ခရီးစဉ် အောင်နိုင်ရေးအတွက် ထူးကုမ္ပဏီများအုပ်စုနှင့် ထူးဖောင်ဒေးရှင်းတို့မှ အဓိကပံ့ပိုးကူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာတောင်တက်အဖွဲ့ ပြန်လည်ရောက်ရှိပြီး မေ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ဧဝရက်တောင်ခရီးစဉ်နှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အရည်အချင်းပြည့်ဝသည့် ပြောဆိုခွင့်ရသူများကြောင့် ဌာနနှင့် အစိုးရအဖွဲ့၏ပုံရိပ်ကို တိုးတက်စေမည်

**နေပြည်တော်  မေ  ၂၃**

အရည်အချင်းပြည့်ဝသည့် ပြောဆိုခွင့်ရသူများကြောင့် ဌာနနှင့် အစိုးရအဖွဲ့၏ပုံရိပ်ကို တိုးတက်စေမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားလိုက်သည်။

ဝန်ကြီးဌာနများအလိုက် ပြောရေးဆိုခွင့်ရှိသူများ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပစဉ် **(အောက်ပုံ)** ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မီဒီယာသည် အစိုးရပိုင်းလုပ်ကိုင်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အများပြည်သူဝေဖန်မှုများကို နားထောင်ဖော်ပြရန်လိုအပ်ကြောင်း၊ ထူးခြားသည့်အကြောင်းအရာများ၊ ပြည်သူသိချင်သည့်အကြောင်းအရာများအား မေးမြန်းသင့်သူများကိုမေးမြန်းကာ ပြန်လည်အစီရင်ခံရမည်ဖြစ်ကြောင်း၊ အစိုးရပိုင်းသည် ပြည်သူကိုအသိပေးပြောဆိုရန်လိုအပ်ပြီး မီဒီယာအများစုသည် ပြည်သူကို အသိပေးနေကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစိုးရနှင့် မီဒီယာအဖွဲ့အစည်းများအကြား တွဲဖက်လုပ်ကိုင်ရန်လိုအပ်ကြောင်း၊ Access to Information ရရှိရေးကို လုပ်ဆောင်ပေးခြင်းသည် အလွန်အရေးကြီးကြောင်း၊ အစိုးရဌာနအသီးသီးအဆင့်ဆင့်အနေဖြင့် မေးမြန်းမှုများကိုဖြေကြားရန်၊ ပြည်သူသိသင့်သည်များကို ပြောဆိုပေးရန်အတွက် ပြောရေးဆိုခွင့်ရှိသူသည် အလွန်ပင်အရေးကြီးကြောင်း၊ သတင်းထုတ်ပြန်ပေးမှုများလုပ်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများရှိကြောင်း၊ ပြောရေးဆိုခွင့်ရှိသူခန့်ထားခြင်းဖြင့် အများသိသင့်သည်များကို ပြောဆိုနိုင်သလို သိသင့်သည်များကို ကြိုတင်ပြောဆိုမှုများဖြင့် ကောလာဟလကို ကြိုတင်ကာကွယ်တားဆီးနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးသီဟစောက သတင်းသမားများလိုက်နာရန်အတွက် သတင်းမီဒီယာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ Right to Information Law မှာ အကြမ်းထည်ပြီးစီးနေပြီဖြစ်ပြီး ဆွေးနွေးနေဆဲဖြစ်ကြောင်း၊ ပြောခွင့်ရသူများအတွက် အလွန်အရေးကြီးကြောင်း၊ အတည်ဖြစ်ပြီးပါက နိုင်ငံသားတစ်ဦးသည် ယင်းဥပဒေအရ အချက်အလက်များ တောင်းဆိုခွင့်၊ ရပိုင်ခွင့်ရှိကြောင်း၊ ပြည်သူများအနေဖြင့် သတင်းအချက်အလက် သိပိုင်ခွင့် ပိုမိုဖြစ်ပေါ်စေကြောင်း ဆွေးနွေး ပြောကြားသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဦးအောင်လှထွန်းက ဒီမိုကရေစီစနစ်တွင် သတင်းအချက်အလက်သိပိုင်ခွင့်အတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်ရှိကြောင်း၊ ပြည်သူကိုအသိပေးရန် အစိုးရတွင်တာဝန်ရှိကြောင်း၊ အမျိုးသားလုံခြုံရေးကို ထိခိုက်စေမည့် အကြောင်းအရာကိုမူ ပြောဆိုခွင့်မရှိကြောင်း၊ အစိုးရ၏ လုပ်ငန်းများကို ချပြရန် ပြောရေးဆိုခွင့်ရှိသူ လိုအပ်ကြောင်း၊ ပြောဆိုခွင့်ရသူသည် အများပြည်သူအတွက် သတင်းအချက်အလက်စုဆောင်းပေးသည့် သတင်းထောက်တစ်ဦးလည်းဖြစ်ကြောင်း၊ ပြည်သူကို သတင်းအချက်အလက် အမြန်ဆုံး အမှန်ဆုံး ပေးနိုင်ရမည်ဖြစ်ကြောင်း။

လူမှုမီဒီယာများ ပေါ်ထွန်းလာမှုကြောင့် Citizen journalism များ ပေါ်ထွန်းခဲ့ကြောင်း၊ ထို့ကြောင့် မီဒီယာသမားများအပေါ်တွင် ဖိအားများစွာရှိလာကြောင်း၊ သတင်းမြန်ဆန်မှုသည် ကောင်းမွန်သလို ဆိုးကျိုးများလည်းရှိကြောင်း၊ Citizen journalism သည် မိုဘိုင်းဖုန်းဖြင့် ပြည်သူများ စိတ်ဝင်စားသည်များအား ချက်ချင်းတင်ပေးသူများကို ခေါ်ဆိုကြောင်း၊ ပြည်သူ သိထိုက်သည့်အကြောင်းအရာကို လေးလေးနက်နက်ဖြင့် တင်ပြရေးသားခြင်း၊ ဥပမာ- မှုခင်းကိစ္စများကို ဖော်ထုတ် ရေးသားသူသည် Investigative Journalism ဖြစ်ကြောင်း၊ လူ့ဘောင်လောကကို စောင့်ကြည့်ရေးသားသူများကို Keeping watch dogs ဟု သုံးနှုန်းကြောင်း ဆွေးနွေးပြောကြားသည်။



မဇ္ဈိမ မီဒီယာအယ်ဒီတာချုပ် ဦးစိုးမြင့်က ပြောခွင့်ရသူ၏ပြောစကားသည် အစိုးရအဖွဲ့တစ်ခုလုံးကို ကိုယ်စားပြုကြောင်း၊ ၎င်း၏အရည်အချင်းနှစ်ချက်မှာ မိမိဌာန၏ လုပ်ငန်းများကို သိရန်လိုအပ်ပြီး ဝန်ကြီးဌာန၏ကြေညာချက်များကိုထုတ်ပြန်ရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မီဒီယာအဖွဲ့အစည်းများနှင့် နေ့စဉ်ထိတွေ့မှုရှိရန် လုပ်ဆောင်ရမည်ဖြစ်ပြီး မိမိနှင့်ဆက်သွယ်နေသည့် မီဒီယာနှင့် Strong Relationship ဖြစ်အောင် တည်ဆောက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ရန်ကုန်သတင်းစာပညာကျောင်းမှ ဒါရိုက်တာ ဦးရဲနိုင်မိုးက ဝန်ကြီးဌာနများ၌ တိကျသည့် Guidelines များ ရှိရန်လိုအပ်မှု၊ တိကျသည့်မူဝါဒများချမှတ်ထားရန် လိုအပ်မှု၊ ဝန်ကြီးဌာနများအနေဖြင့် ပြောခွင့်ရသူကို သတ်သတ်မှတ်မှတ် ခန့်အပ်ထားရန်လိုအပ်မှု၊ Media Plan ကြိုတင် ပြင်ဆင်ထားရန်လိုအပ်မှု၊ ဝန်ကြီးဌာနများက ပြောခွင့်ရသူများအတွက် ဘယ်အတိုင်းအတာအထိ ပြောခွင့်ရှိသလဲဆိုသည်ကို သတ်မှတ်ထားကာ ပြောပိုင်ခွင့်ပေးထားရန် လိုအပ်မှုတို့ကို ဆွေးနွေးပြောကြားသည်။

ဝန်ကြီးဌာနများအလိုက် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များက ပြောရေးဆိုခွင့်ရှိသူကိုယ်တိုင် သတင်းအချက်အလက်ရရှိရန် လိုအပ်နေမှုများနှင့် မီဒီယာများနှင့် ဆက်ဆံရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကိုရှင်းလင်းဆွေးနွေးခဲ့ပြီး မီဒီယာ ဆက်စပ်အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလ မီဒီယာကျွမ်းကျင်သူများက ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မီဒီယာ ဆက်စပ်အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလ မီဒီယာကျွမ်းကျင်သူများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများအား စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် သင်တန်းများကို ၂၀၁၆ ခုနှစ် ဇွန်လအတွင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# သူများက ကိုယ့်အကြောင်းအတင်းပြောနေတာကို နားထောင်မလား ဒါမှမဟုတ် ကိုယ်က ကိုယ့်အကြောင်းကိုယ် ပြန်ရှင်းပြမလား

ပြန်ကြားရေးဝန်ကြီးဌာန၌ မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည့်ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားတင်ပြလိုက်ပါသည် -

**ဦးတင့်ဆွေ (အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန)**

ဒီနေ့တွေ့ဆုံပွဲက ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူတွေနဲ့ တွေ့ဆုံညှိနှိုင်းပွဲ ဖြစ်ပါတယ်။ ဝန်ကြီးဌာန ၂၁ ခုက ပြောရေးဆိုခွင့်ရှိသူပေါင်း ၆၇ ဦး တက်ရောက်ပါတယ်။ အဓိက ဒီပွဲမျိုးကို ပြန်ကြားရေးအနေနဲ့ စီစဉ်လုပ်ဆောင်ရတဲ့အပိုင်းကတော့ ပြောရေးဆိုခွင့်ရှိသူတွေအနေနဲ့ မီဒီယာတွေနဲ့ထိတွေ့ပြီးတော့ လူထုသိချင်တဲ့သတင်းတွေ၊ မီဒီယာတွေက ရယူချင်တဲ့သတင်းတွေကို အမှန်တကယ် ထိတွေ့ပြောဆိုမှုရှိလာအောင် ကျွန်တော်တို့က ဖြစ်စေချင်တဲ့ဆန္ဒနဲ့ အားလုံးကို ညှိနှိုင်းဆွေးနွေးတဲ့ပွဲပါ။

ပြီးခဲ့တဲ့အချိန်က ဒါတွေမလုပ်ခဲ့ဖူးပါဘူး။ အရင်က လုပ်ခဲ့တာတွေ ဘာကြောင့်မအောင်မြင်ခဲ့သလဲဆိုတာ ဒီကနေ့ပြန်ပြီးဖော်ထုတ်တာတွေလည်း ပါပါတယ်။ မီဒီယာကျွမ်းကျင်သူ ပုဂ္ဂိုလ်လေးဦး တက်ရောက်ဆွေးနွေးပါတယ်။ ပြည်ထောင်စုဝန်ကြီးလည်း အစအဆုံးတက်ရောက်ပါတယ်။ သက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူတွေလည်း ဒီမှာအားလုံးဝိုင်းဝန်းဆွေးနွေးကြတယ်။ မီဒီယာကျွမ်းကျင်သူတွေပြောတာကတော့ လက်ရှိမြန်မာနိုင်ငံရဲ့မီဒီယာစိန်ခေါ်မှုတွေ၊ တကယ်တမ်းထိတွေ့ဆောင်ရွက်ရမယ့် ပြောရေးဆိုခွင့်ရှိသူတစ်ယောက်ရဲ့အနေအထားတွေ ပြောပါတယ်။ ပြင်ဆင်ထားရမယ့်အချက်တွေကို အကြံပြုပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ မီဒီယာနဲ့ အစိုးရဌာနတွေကြားမှာ ဆက်ဆံရေးကို ရှင်းပြပါတယ်။ ပြောရေးဆိုခွင့်ရှိသူတွေဘက်ကလည်း ပြင်ဆင်ထားတာတွေတော့ ရှိပါတယ်။ ဒါပေမယ့် မီဒီယာနဲ့ထိတွေ့တဲ့အခါ အခက်အခဲတွေရှိပါတယ်။ ဝန်ကြီးဌာနတွေထဲမှာကိုပဲ ဘယ်လောက်ပြောရေး



ဦးတင့်ဆွေ

ဆိုခွင့်ရှိပါတယ်၊ ဘယ်လိုမျိုးသတင်းကို စုဆောင်းရမလဲ၊ ဘယ်လောက်အထိ တာဝန်ခံရမလဲဆိုတာတွေကို ကွဲကွဲပြားပြား မသိသေးတာတွေရှိလို့ ဒီဟာတွေကို ပထမဆုံးအကြိမ် ညှိနှိုင်းတာဆိုတော့ တော်တော်လေး ပွင့်ပွင့်လင်းလင်းရှိပါတယ်။

ရှေ့ဆက်သွားဖို့လည်း တော်တော်အားရစရာကောင်းတဲ့ ဆွေးနွေးပွဲလို့မြင်ပါတယ်။ ပြန်ကြားရေးအနေနဲ့ ဘာလုပ်ထားသလဲဆိုတော့ ပြောရေးဆိုခွင့်ရှိသူတွေကို ဒီထက်ပိုပြီး အရည်အသွေးပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေဖြစ်လာဖို့အတွက် စွမ်းဆောင်ရည်မြှင့်တင်တဲ့ သင်တန်းတွေပေးဖို့ လျာထားပါတယ်။ ဇွန်လထဲမှာ သင်တန်းတွေပေးပြီးတော့ ပြောရေးဆိုခွင့်ရှိသူတွေရဲ့အရည်အသွေးကိုမြှင့်ပေးမယ်။ မီဒီယာဘက်က လိုအပ်တဲ့ဟာတွေကိုလည်း တောင်းဆိုပြီး နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားဖို့ လုပ်ထားပါတယ်။

**ဦးသီဟစော(အတွင်းရေးမှူး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ)**

ဒီနေ့လုပ်တဲ့ပွဲက ဝန်ကြီးဌာနအားလုံးရဲ့ ပြောရေးဆိုခွင့်ရှိသူတွေနဲ့ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးတာဖြစ်ပါတယ်။ သူတို့ဘက်က လုပ်ငန်းသဘောအရ ညှိနှိုင်းတာတွေ ရှိပါတယ်။ ဝန်ကြီးဌာနတွေမှာရှိတဲ့ ပြောရေးဆိုခွင့်ရှိသူတွေကို မီဒီယာအကြောင်း ပိုပြီး သိအောင် တွေ့ဆုံဆွေးနွေးတဲ့သဘောပါ။ သူတို့ဘက်ကလည်း မီဒီယာနဲ့ပတ်သက်ပြီး လိုလားချက်တွေရှိပါတယ်။ အဲဒီကိစ္စတွေကို ညှိနှိုင်းပြောဆိုကြတာပါ။ ညှိနှိုင်းမှုတွေအရ သတင်းရယူခွင့် ပိုပြီးရှိလာမယ်လို့ ထင်ပါတယ်။ အရင်ကလည်း ပြောရေးဆိုခွင့်ရှိသူတွေ ခန့်ဖူးပါတယ်။ မေးရင် မဖြေနိုင်တာတွေရှိခဲ့ပါတယ်။ ဒီနေ့လည်း အဲဒီလိုကိစ္စတွေ ဆွေးနွေးကြပါတယ်။ အများစုက မှုရင်းတာဝန်လည်းရှိတယ်။ အဲဒီလို ဖြေကြားရမယ်ဆိုရင် ခက်ခဲမှုတွေရှိရင် ဘယ်လိုဖြေရှင်းကြမလဲ။ အရင်ထက်စာရင် သတင်းသမားတွေ မေးစရာပိုများလာပါမယ်။ မေးခွင့်လည်း ပိုရလာမယ်လို့ ထင်ပါတယ်။

များသောအားဖြင့် ဌာနတွေမှာရှိတဲ့ အတွင်းဝန်တွေက သတင်းသမားတွေနဲ့ ဆက်ဆံတဲ့နေရာမှာ ခက်ခဲတာတွေရှိတယ်။ အဲ့ဒီအပေါ် ကျွန်တော်တို့ရှင်းပြခဲ့တာက သတင်းသမားဆိုတာက စည်းမဲ့ကမ်းမဲ့ မေးချင်တာမေးလို့မရပါဘူး။ လိုက်နာရမယ့် ဥပဒေတွေ၊ ထိန်းချုပ်ရတဲ့ဥပဒေတွေကြားက မေးရတာဆိုတာကို သိစေချင်ပါတယ်။ သတင်းမီဒီယာကောင်စီကလည်း ဥပဒေတွေပြောင်းလဲပြင်ဆင်ဖို့အတွက် သီးခြားဆွေးနွေးပွဲ



ဦးသီဟစော

လုပ်စရာတွေ၊ တောင်းဆိုစရာတွေရှိပါတယ်။ ကြိုးတော့ ကြိုးစားနေပေမယ့် ကြာဦးမယ်လို့ထင်ပါတယ်။ ပိုကောင်းတာတစ်ခုက Right to Information Law ဆိုတဲ့ ဥပဒေကြမ်းပြီးနေပြီ။ အဲဥပဒေကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာနရယ်၊ ယူနက်စကိုရယ်၊ သတင်းမီဒီယာရယ်၊ အရပ်ဘက်အဖွဲ့အစည်း (CSO) ရယ် ဆွေးနွေးကြတဲ့အခါမှာ အဖြေတစ်ခုထွက်လာတယ်။ ချက်ချင်းကြီးမလုပ်သင့်သေးဘူး။ အဲ့ဒီဥပဒေကို အခုထက်ကောင်းအောင် ဝိုင်းရေးကြဦးမယ်။

သတင်းသိရှိပိုင်ခွင့်ဥပဒေလို့ ဆိုလို့ရပါတယ်။ သတင်းသမားရော၊ ပြည်သူပါ သတင်းသိရှိပိုင်ခွင့်ရှိမယ်။ အဲဒီဥပဒေက ဘာတွေသိခွင့်ရှိတယ်။ ဘာတွေမေးရင် ဘယ်လိုဖြေရမယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာ အတိအကျရေးထားတဲ့ဥပဒေပါ။ ဒီထက်ပိုကောင်းအောင် ဝိုင်းရေးကြမယ်။ ပိုကောင်းတော့မှ လွှတ်တော်ကို တင်မယ်။ အဲဒီလို ပြင်ဆင်နေတာရှိပါတယ်။ အဲ့ဒါတွေ အကုန်လုပ်ပြီးရင်တော့ သတင်းသမားတွေအတွက် ပိုပြီး ကောင်းလာမယ်လို့ ထင်တယ်။

**ဦးရဲနိုင်မိုး(ဒါရိုက်တာ၊ ရန်ကုန်သတင်းစာပညာကျောင်း)**

ဝန်ကြီးဌာနတိုင်းမှာ ပြည်သူနဲ့ဆက်ဆံတဲ့ မူဝါဒတွေလိုအပ်ပါတယ်။ အရင်က မရှိခဲ့ပါဘူး။ ပြောရေးဆိုခွင့်ရှိသူတွေမှာက သူတို့မှားရင် တစ်ခုခုအရေးယူခံရမှာ ကြောက်တယ်။ သူတို့ဘာတွေပြောနိုင်တယ်၊ ဘာတွေမပြောနိုင်ဘူးဆိုတာကိုလည်း သူတို့သေချာ သိချင်မှသိလိမ့်မယ်။ ထိပ်ဆုံးမှာရှိတဲ့ ဝန်ကြီးတွေကလည်း ပြောရေးဆိုခွင့်တွေကို ပြောဆိုခွင့်ပေးဖို့ လိုပါတယ်။ ဘယ်လောက်ပြောနိုင်တယ်၊ မပြောနိုင်ဘူးဆိုတဲ့ Talking Point ကိုလည်း ကြိုပြီးသတ်မှတ်ထားသင့်တယ်။ အခုပြောရေးဆိုခွင့်ရှိသူတွေက ရာထူးပိုကြီးတယ်။ သူတို့မှာ ပြောရေးဆိုခွင့်ပိုရှိမလားလို့တော့ထင်တယ်။ အရင်လက်ထက်ကလည်း ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူတွေကို ခန့်အပ်ခဲ့တယ်။ ဒါပေမယ့် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ဘူး။ ပြောရေးဆိုခွင့်ရှိသူတွေက သတင်းမီဒီယာတွေက မေးမြန်းတဲ့အခါမှာ မဖြေဆိုနိုင်တာတွေ၊ လက်ခံစကားမပြောနိုင်တာတွေ ရှိခဲ့တယ်။

**ဦးရဲနိုင်မိုး**

ဒါဟာ သတင်းမီဒီယာအတွက် သာမကဘူး။ ပြည်သူတွေကို သတင်းအချက်အလက်ပေးဖို့ အင်မတန်အရေးကြီးတဲ့ တာဝန်ဖြစ်တယ်။ အရင်က ပြောဆိုခွင့်ရှိသူတွေက သတင်းမီဒီယာဆိုတာ ပြဿနာတွေရှာနေတာလို့ မြင်တာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါမှမဟုတ်ရင်လည်း သူတို့ဌာနထဲမှာ သူတို့ပြောတာမှားသွားရင် သူတို့အပေါ် အရေးယူမှုခံရမလားဆိုတဲ့ အကြောက်တရားကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒီမိုကရေစီကိုသွားနေတဲ့ အစိုးရအဖွဲ့လုပ်မယ်ဆိုရင်တော့ ပြည်သူလူထုကို သတင်းအချက် အလက်မပေးလို့ မဖြစ်ဘူး။ ဒါက လုပ်ကို လုပ်ရမှာ၊ သူတို့ ပြောကို ပြောရမှာ။ သတင်းမီဒီယာတွေရဲ့ သဘောသဘာဝအရ ဘာကြောင့်သတင်းအချက်အလက်တွေလိုတယ်။ ဘာကြောင့် ကျွန်တော်တို့ကို စကားပြောဖို့ လိုအပ်တယ်၊ သတင်းအချက်အလက်တွေပေးဖို့ လိုအပ်တယ်ဆိုတာကို ရှင်းပြဖို့ ဒီကိုလာတာပါ။ ကျွန်တော်တို့နဲ့ ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်။ သတင်းအချက်အလက်တွေ လိုအပ်တယ်ဆိုတာက ပြည်သူလူထုကိုပေးဖို့ သတင်းအချက်အလက် လိုအပ်တာဖြစ်တယ်။ သူတို့အတွက် အလွန်အရေးကြီးတာက သူများက ကိုယ့်အကြောင်း အတင်းပြောနေတာကို နားထောင်မလား။ ဒါမှမဟုတ် ကိုယ်က ကိုယ့်အကြောင်းကိုယ် ပြန်ရှင်းပြမလား။

**သတင်းအဖွဲ့(သတင်းစဉ်)**

# အနာဂတ်ကို ပုံဖော်ထုဆစ်မည့် တည်ဆောက်သောလက်ပိုင်ရှင်များဖြစ်သည့် ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များ မွေးထုတ်

**နေပြည်တော် မေ ၂၃**

ရေကြောင်းနှင့် လေကြောင်းလူငယ် မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အနာဂတ်ကို ပုံဖော်ထုဆစ်မည့် တည်ဆောက်သောလက်ပိုင်ရှင်များဖြစ်သည့် မောင်တို့မယ်တို့ ကြိုးစားအားထုတ်မှုကြောင့် အမိနိုင်ငံတော်ကြီး၏ အနာဂတ် ပိုမိုတောက်ပြောင်လာမည်ဟု အပြည့်အဝယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအင်အား၊ စစ်ရေးအင်အားနှင့် နိုင်ငံရေးအင်အား များကိုတွက်ချက်ကြရာတွင် အလုပ်လုပ်နိုင်သည့်လူဦးရေကို အလေးထား ဖော်ထုတ်ထည့်သွင်း တွက်ချက်ကြကြောင်း၊ အဓိကမှာ လူငယ်အင်အားပင်ဖြစ်ပြီး ယင်းလူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးရာများကိုပါ တွက်ဆရကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် သန်းခေါင်စာရင်းအရ အသက် ၁၀ နှစ်မှ ၂၄ နှစ်ကြား လူငယ်များမှာ နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း၊ ယင်းအဖြေများကို သုံးသပ်ခြင်းဖြင့် နောင်ဆယ်စုနှစ် အနည်းငယ်အတွင်း ဖြစ်လာမည့်နိုင်ငံ၏ အနာဂတ်ကို မှန်းဆနိုင်ကြောင်း၊ ထိုအနာဂတ်ကို မိမိတို့လူငယ်များ ပိုင်စိုးနိုင်ရန်လိုအပ်ကြောင်း၊ ထိုသို့ ပိုင်စိုးနိုင်ရန်အတွက် ယနေ့လူကြီးများက လုပ်ဆောင်ပေးရမည့်တာဝန်များလည်း ရှိကြောင်း ပြောကြားခဲ့သည်။

ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၆) နှင့် လေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၁၆) တို့ကို ရေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းဌာနချုပ်များတွင် ၂၀၁၆ ခုနှစ် ဧပြီ ၂၅ ရက်မှ မေ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းကာလ နောက်ဆုံးပတ်တွင် သင်တန်းစခန်းများပေါင်းဆုံ၍ စခန်းပေါင်းစုံ ပြိုင်ပွဲများပြုလုပ်ခြင်း၊ လေ့လာရေးခရီးသွားရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရေကြောင်း/လေကြောင်း လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

ရေကြောင်းနှင့် လေကြောင်းလူငယ် သင်တန်းများကို ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အခြေခံသင်တန်းတက်ပြီးသော လူငယ်များအတွက် တန်းမြင့်သင်တန်းများကို ဖွင့်လှစ်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ ရေကြောင်းလူငယ်အခြေခံအဆင့် တက်ရောက်အောင်မြင်ပြီးသူ ၇၀၃ ဦးနှင့် တန်းမြင့်အဆင့် တက်ရောက်အောင်မြင်ပြီးသူ ၂၁၇ ဦးရှိပြီး လေကြောင်းလူငယ် အခြေခံအဆင့် တက်ရောက်အောင်မြင်ပြီးသူ ၁၀၀၂ ဦးနှင့် တန်းမြင့်အဆင့် တက်ရောက်အောင်မြင်ပြီးသူ ၈၀ စုစုပေါင်း ၂၀၀၂ ဦးကို တပ်မတော်မှ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

**(မြဝတီ)**

# မြန်မာ-အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆွေးနွေး



**နေပြည်တော် မေ ၂၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ကော်ဒမ်မှုခိုပါဒယနှင့်တွေ့ဆုံစဉ် စက်မှုလုပ်ငန်း၊ လူသုံးကုန်နှင့် စားသောက်ကုန်လုပ်ငန်းစသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေး ပိုမိုခိုင်မာမှုရှိရန်လုပ်ဆောင်နိုင်သည့်နယ်ပယ်များ တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဘတ်ဆွန်နှင့်တွေ့ဆုံစဉ် ဒီမိုကရေစီစနစ်ကျင့်သုံးသူများ အနေဖြင့် ဒီမိုကရေစီ Practice ကို နားမလည်ပါက နိုင်ငံရေးတည်ငြိမ်မှုမရှိနိုင်သဖြင့် ယင်းအလေ့အကျင့်များရရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးအရ တည်ငြိမ်မှုရှိစေရန်အတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်နေကြောင်း၊ ယင်းတည်ငြိမ်မှုများရရှိပါက ယခုထက်ပို၍ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်နိုင်မည့်နယ်ပယ်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကော်ဒမ်မှုခိုပါဒယအား လက်ခံတွေ့ဆုံစဉ်

# ဝန်ထမ်းလူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးကိစ္စဆွေးနွေး

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် World Bank မှ Senior Governance Specialist ,Mr. Soren Davidsen ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရုံးအမှတ် (၁၇) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် World Bank နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းပို့ချမှုနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပေးခဲ့မှုများ၊ အစိုးရဌာနများနှင့်ပူးပေါင်း၍ ပြည်သူ့ဘဏ္ဍာရေးစနစ် ပြုပြင်ပြောင်းလဲမှု တွင်ပါဝင်သည့် Civil Service Pay, Compensation and Human Resource နှင့်ပတ်သက်၍ စစ်တမ်းကောက်ယူမှုအခြေအနေနှင့် ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု ကဏ္ဍတွင် ပြည်သူ့ဝန်ထမ်းလူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေး၊ ပြည်သူ့ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများတွင် World Bank မှ ကူညီပံ့ပိုးမည့်အခြေအနေများ၊ ဖွင့်လှစ်ရန် ရည်ရွယ်ထားသည့် Civil Services Academy တွင် ပို့ချမည့်ဘာသာရပ်ဆိုင်ရာများနှင့် သင်ရိုးညွှန်းတမ်းများ ပြုစုရေးဆွဲရာတွင် World Bank မှ ကူညီနိုင်မည့်အခြေအနေများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အစိုးရသစ်၏ ရက် ၁၀၀ ကာလအတွင်း ဝန်ထမ်းရေးရာကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေပါ နှစ်ပြည့်ပင်စင်ခံစားမည့် ဝန်ထမ်းများ၏ အသက်ကန့်သတ်ချက်ကိစ္စနှင့်ဝန်ထမ်းများ ပြက္ခဒိန်နှစ်အတွင်း လုပ်သက်ခွင့်စုဆောင်းခွင့်ရရှိရန် ကိစ္စများအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သမဝါယမတက္ကသိုလ်(သန်လျင်)၌ ဆရာ ဆရာမများ သင်ကြားမှုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ရန်ကုန် မေ ၂၃**

ဆရာ ဆရာမများ သင်ကြားမှုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း "Training Course on Capacity Building for Teachers of Co-operative Universities and Colleges" ဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၈ နာရီတွင် သမဝါယမတက္ကသိုလ် (သန်လျင်) ဥတ္တရဆောင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက ပညာရေးအဆင့်အတန်းကို တိုင်းတာသတ်မှတ်ရာတွင် ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေးသည် အရေးကြီးသည့်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပြီး သင်ကြားသင်ယူမှုဖြစ်စဉ်နှင့် သင်ကြားသင်ယူမှုပတ်ဝန်းကျင်ကို အခြေခံ၍ အကျိုးရှိမည့်ရလဒ်ကို မျှော်မှန်းပြီး ပြောကြားသည်။




ဆရာ ဆရာမများ သင်ကြားမှုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို မေ ၂၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သမဝါယမတက္ကသိုလ် (သန်လျင်)မှ သင်တန်းသား ဆရာ ဆရာမ ၆၅ ဦး၊ သမဝါယမကောလိပ် (ဖောင်ကြီး)မှ သင်တန်းသား ဆရာ ဆရာမ ၁၃ ဦး၊ စုစုပေါင်းသင်တန်းသား ဆရာ ဆရာမ ၇၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# မော်ကွန်းတိုက်အကြောင်း ... တစေ့တစောင်း

## ဒေါက်တာဥမ္မာလင်း(မော်ကွန်းတိုက်)

နိုင်ငံသားတိုင်းအတွက် မိမိနိုင်ငံနှင့်လူမျိုးများ၏ သမိုင်းကြောင်းနှင့် နောက်ခံသမိုင်းများသည် လွန်စွာအရေးကြီးလှပေသည်။ သမိုင်းကြောင်းများကို သိရှိမှသာ "အတုယူဖွယ်နှင့် အတုမယူဖွယ်"နှစ်ရပ်ကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။ တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် နိုင်ငံသားတိုင်း ခေတ်နောက်ကျကျန်နေသည် မဖြစ်ကြစေရန်အတွက် မိမိနိုင်ငံ၏ ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများအား သိရှိလေ့လာထားရန်လိုအပ်ပေသည်။ နိုင်ငံ့ဦးနှောက်သဖွယ် အရေးကြီးလှသည့် သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် အုပ်ချုပ်ရေးစနစ်များ နှစ်ပေါင်းကြာရှည်စွာ တည်တံ့စေရန်အတွက် အမျိုးသားမော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိပါသည်။

အမျိုးသားမော်ကွန်းတိုက်ကို ၁၉၇၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်သစ် ဖော်ထုတ်ရေးအရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ စတင်တည်ထောင်သည့် ၁၉၇၂ ခုနှစ်တွင် ကိုလိုနီခေတ်အုပ်ချုပ်ရေးနှင့် ဆက်နွယ်နေသည့် ရှားပါးစာအုပ်များအား ပုံနှိပ်မော်ကွန်းများအဖြစ် အတွင်းဝန်ရုံးစာကြည့်တိုက်မှ လွှဲပြောင်းရယူခဲ့ပါသည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၁၈၅၃ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ မော်ကွန်းစာတွဲများနှင့် နှောင်းကျန်စာစုများ (၁၈၃၅ ခုနှစ်)ကိုလည်း စီမံချက်များချမှတ်ကာ ရယူသိမ်းဆည်းခဲ့ပါသည်။ အမျိုးသားမော်ကွန်းတိုက်ကို ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် အမှတ်(၁၁၄)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ယခုအောက်မြန်မာပြည်ဌာနခွဲ(ရန်ကုန်) တည်ရှိရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

၁၉၈၂ ခုနှစ်တွင် UNDP Project ဖြင့် အမျိုးသားမော်ကွန်းတိုက် အင်အားဖြည့်တင်းရေးစီမံချက် (Strengthening of National Archives Project) အရ နည်းပညာပိုင်းဆိုင်ရာများကို UNESCO အကြံပေးပညာရှင်များက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမှုများ ပြုလုပ်ပေးခဲ့သည်။ စက်ပစ္စည်းကိရိယာ အထောက်အပံ့များကိုလည်း ပံ့ပိုးပေးခဲ့ပါသည်။ မော်ကွန်းတိုက်မှ အဆင့်မြင့်အရာထမ်းများအား ဂျပန်၊ တရုတ်၊ အိန္ဒိယနှင့် အရှေ့တောင်အာရှနိုင်ငံများရှိ မော်ကွန်းတိုက်များသို့ စေလွှတ်ကာ မော်ကွန်းပညာရပ်ဆိုင်ရာများနှင့် နည်းပညာရပ်ဆိုင်ရာများကိုပါ လေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့သည်။ ပြည်ပသို့သင်တန်းများ စေလွှတ်ခဲ့သည့်အပြင် ပြည်ပမှ ပညာရှင်များကိုယ်တိုင် လာရောက်ပို့ချမှုများကိုလည်း ပြုလုပ်ပေးခဲ့သည်။

အမျိုးသားမော်ကွန်းတိုက် (အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန) သည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ၁၉၉၁ ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (International Council on Archives-ICA) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ၁၉၉၃ ခုနှစ် တွင် အရှေ့တောင်အာရှ ဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (Southeast Asian Regional Branch of International Council on Archives -SARBICA)အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံလည်း ဖြစ်လာခဲ့သည်။ ICAနှင့် SARBICA အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည့်အတွက် နှစ်စဉ်အသင်းဝင်ကြေးများကိုလည်း အချိုးကျထည့်ဝင်ခဲ့ရသည်။ နှစ်စဉ်အလှည့်ကျ ဥက္ကဋ္ဌတာဝန် ယူရသော SARBICA အိမ်ရှင်နိုင်ငံများတွင်ကျင်းပသော အထွေထွေညီလာခံနှင့် အစည်းအဝေးများသို့လည်း တက်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာ အပြည်ပြည် ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ အထွေထွေညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ အရှေ့တောင်အာရှ နိုင်ငံများရှိ မော်ကွန်းတိုက်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများကြောင့် မော်ကွန်း/မှတ်တမ်းစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ပြည်သူလူထုအား သတင်းအချက်အလက်နှင့် အထောက်အထားပံ့ပိုးပေးနိုင်မှုစနစ်များကို ခေတ်မီနည်းစနစ်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ စီမံဆောင်ရွက်နိုင်ခဲ့သည်။

> ● အမျိုးသားမော်ကွန်းတိုက်သည် နိုင်ငံ့အုပ်ချုပ်ရေးနှင့် စပ်လျဉ်းသော အထောက်အထားများ မပျက်စီးစေရန်နှင့် လုံခြုံစွာထိန်းသိမ်းထားရန်၊
>
> ❑ ထိန်းသိမ်းထားရှိသည့် မှတ်တမ်းမော်ကွန်းများအား ဌာနဆိုင်ရာများနှင့် ပြည်တွင်း၊ ပြည်ပ သုတေသီများ ရည်ညွှန်းကိုးကား အသုံးပြုနိုင်ရန်၊
>
> ◆ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ရည်မှန်းကာ ဆောင်ရွက်ပေးလျက်ရှိ

အမျိုးသားမော်ကွန်းတိုက်သည် နိုင်ငံ့အုပ်ချုပ်ရေးနှင့် စပ်လျဉ်းသော အထောက်အထားများ မပျက်စီးစေရန်နှင့် လုံခြုံစွာထိန်းသိမ်းထားရန်၊ ထိန်းသိမ်းထားရှိသည့် မှတ်တမ်းမော်ကွန်းများအား ဌာနဆိုင်ရာများနှင့် ပြည်တွင်း၊ ပြည်ပ သုတေသီများ ရည်ညွှန်းကိုးကားအသုံးပြုနိုင်ရန်၊ နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏အကျိုးအတွက် ရည်မှန်းကာ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ စီမံခန့်ခွဲမှုယန္တရားနှင့် သက်ဆိုင်သည့် အုပ်ချုပ်ရေးရာ၊ မူဝါဒရေးရာ၊ စီးပွားရေးရာ စသည့်မှတ်တမ်းများအား အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေအရ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ မှတ်တမ်းများကို လွှဲပြောင်းလက်ခံကာ ထိန်းသိမ်းထားရှိပါသည်။ နိုင်ငံသားတိုင်း မော်ကွန်းဆိုသည်ကို သိရှိတန်ဖိုးထားတတ်စေရန်အတွက် မော်ကွန်း၊ မှတ်တမ်းဆိုင်ရာ အသိပညာများပြန့်ပွားစေရေး၊ မူရင်းရှားပါးသည့် အထောက်အထားများအား ရည်ညွှန်းကိုးကားအသုံးချမှုတိုးပွားစေရေးအတွက် မျှော်မှန်းကာ အကောင်အထည်ဖော်လျက်ရှိသည်။

အမျိုးသားမော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိသည့် စစ်သူကြီးမဟာဗန္ဓုလ ပေစာ(၁၈၂၄ ခုနှစ်)၊ ရန္တပိုစာချုပ် (၁၈၂၆ ခုနှစ်)၊ ဗမာနိုင်ငံ၏ အုပ်ချုပ်ရေးအစီရင်ခံစာများ (၁၈၅၆ ခုနှစ် - ၁၉၃၅ ခုနှစ်)၊ ဗမာ့ပြန်တမ်းစဉ်များ(၁၈၆၂ ခုနှစ်- ၂၀၀၉ ခုနှစ်)၊ အစိုးရ၏ကြေညာချက်များ (၁၈၈၀ ခုနှစ်- ၂၀၀၉ ခုနှစ်)၊ ပင်လုံစာချုပ်၊ အောင်ဆန်း- အက်တလီစာချုပ်နှင့် နု-အက်တလီစာချုပ်အပါအဝင် စာချုပ်စာတမ်းများနှင့် စာချွန်လွှာများ (၁၉၄၇ ခုနှစ် - ၂၀၁၅ ခုနှစ်)၊ လွတ်လပ်ရေးကြေညာစာတမ်း(၁၉၄၈ ခုနှစ်) စသည့် အထောက်အထားများသည် နိုင်ငံအတွက်ထင်ရှားသည့် မူရင်းအထောက်အထားများပင်ဖြစ်သည်။ ခေတ်အဆက်ဆက်အရေးပါလှသော အထောက်အထားများဖြစ်သည့် ဗြိတိသျှခေတ်မော်ကွန်းများ၊ ၁၉၃၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ မြန်မာနိုင်ငံ၏အခြေအနေများ၊ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သည့် ၁၉၄၂ ခုနှစ် နှစ်ဦးအချိန် စစ်အတွင်း ခေတ်မှတ်တမ်းများ၊ ၁၉၄၅ ခုနှစ် ဗြိတိသျှစစ်အုပ်ချုပ်ရေး ခေတ်မှတ်တမ်းများ၊ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံကို ဗြိတိသျှဘုရင်ခံပြန်လည်အုပ်ချုပ်သည့် (မြို့ပြ)အုပ်ချုပ်ရေးခေတ် မှတ်တမ်းများ၊ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဘုရင်ခံ၏ အမှုဆောင်အစိုးရသည် မြန်မာနိုင်ငံအတွက် စီစဉ်ခဲ့သည့် အုပ်ချုပ်ရေးမှတ်တမ်းများ၊ ၁၉၄၈ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ် အတွင်း ပြောင်းလဲလာသည့် အုပ်ချုပ်ရေးစနစ်မှတ်တမ်းများ၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း ပြည်တော်သာ စနစ်မှတ်တမ်းများ၊ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရမှတ်တမ်းများ၊ ၁၉၅၆ ခုနှစ် ပါလီမန်သက်တမ်းကုန်ဆုံးပြီးသည့်နောက် ရွေးကောက်ပွဲကျင်းပခဲ့ပြီး ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပြည်ထောင်စုပါတီ ကြီးမှူးသည့် (ပထစ)အစိုးရသို့ အာဏာလွှဲပြောင်းခဲ့သည့် မှတ်တမ်းများ၊ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးအစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည့် မှတ်တမ်းများသည် နိုင်ငံသားတိုင်း သိသင့်သိထိုက်သော မြန်မာနိုင်ငံ၏ သမိုင်းကြောင်း မှတ်တမ်းမှတ်ရာများပင် ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အသက်သွေးကို စတေးခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ ထိုပုဂ္ဂိုလ်ကြီးများ၏ မိန့်မှာချက်များ၊ ချမှတ်ပေးထားခဲ့သော လမ်းစဉ်များနှင့် ခေတ်ပြောင်းတော်လှန်ရေးတွင် တိုင်းရင်းသားလူမျိုးများ၏ အတွေးအခေါ်၊ စိတ်ထား၊ အယူအဆ၊ သဘောထားခံယူချက်၊ ဆောင်ရွက်ပုံတို့ကို လေ့လာခြင်းဖြင့် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ကောင်းမွန်မှုများကို ဖြစ်ထွန်းစေပါသည်။ မြန်မာသမိုင်းပညာရှင် ဆရာကြီးဒေါက်တာ သန်းထွန်းက **"သမိုင်းကို မအောင်"**နိုင်ငံသားတိုင်း အထူးသဖြင့် ကျောင်းသူ၊ ကျောင်းသားတိုင်း နိုင်ငံ၏သမိုင်းကြောင်းကို လေ့လာသိရှိထားသင့်သည်။ သို့မှသာ နိုင်ငံသားတိုင်း တိုင်းပြည်အပေါ် သစ္စာရှိခြင်း၊ မျိုးချစ်စိတ်ဓာတ်ရှိခြင်း၊ နိုင်ငံအတွက် တက်ကြွစွာပါဝင်လိုသည့် အသိစိတ်ဓာတ်ကောင်းများ (Sentimental value) ရရှိနိုင်မည်ဖြစ်သည်။ ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံရေး လှုပ်ရှားမှုများ၊ သမိုင်းဝင်ဓာတ်ပုံများအား နောင်လာနောက်သားများ သိရှိလေ့လာနိုင်စေရန်၊ သုတေသနပြုသူများ၊ ဌာနဆိုင်ရာများ၊ စာပေရေးသားပြုစုလိုသူများ၊ မြန်မာ့နိုင်ငံရေးသမိုင်းကို စိတ်ပါဝင်စားသူများအတွက် မှန်ကန်တိကျသည့် မူရင်းအထောက်အထားများကို အမျိုးသားမော်ကွန်းတိုက်တွင် အလွယ်တကူလေ့လာနိုင်ပါသည်။ အမျိုးသားမော်ကွန်းတိုက်ကို ခေတ်၊ စနစ်နှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် National Archives Information System (NAIS) Data base စနစ်ကို တည်ဆောက်ထားပြီး နေပြည်တော်မော်ကွန်းတိုက်(ရုံးချုပ်)နှင့် ရန်ကုန်မော်ကွန်းတိုက်(ရုံးခွဲ)တို့တွင် ဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။

ယနေ့အချိန်အခါသည် ပညာခေတ်ဖြစ်သည့်အတွက် လူငယ်၊ လူရွယ်တိုင်းသည် ပညာခေတ်ကြီးတွင် မန်လည်ဆရာတော်၏ အဆုံးအမအတိုင်း "မရှိပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ၊ ခေါင်းပန်းပမာ၊ မှတ်တို့ရာ၏ "ဆိုသကဲ့သို့ "နီတိမသိ၊ အပြစ်ရှိ" မဖြစ်ကြစေရန် ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးထားရန် လိုအပ်ပေသည်။ ပြည်သူလူထု ပညာ၊ အသိဉာဏ် တိုးတက်ပြန့်ပွားစေရန်ရည်ရွယ်၍ ၂၀၁၅ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ရာဇသင်္ဂဟလမ်း ဥတ္တရသီရိမြို့နယ်တွင် အမျိုးသားမော်ကွန်းတိုက် နေပြည်တော်(ရုံးချုပ်)ကို ပထမအဆင့် ဖွင့်လှစ်ခဲ့ပါသည်။ အမျိုးသားမော်ကွန်းတိုက် နေပြည်တော်(ရုံးချုပ်) ဖွင့်လှစ်သည့် တစ်နှစ်ပြည့်မြောက်သည့် အမှတ်တရအဖြစ် နိုင်ငံသားတိုင်းသား မော်ကွန်းများကို တန်ဖိုးထားတတ်စေရန်နှင့် အသုံးချတတ်စေရန် "မော်ကွန်းတိုက်အကြောင်း တစေ့တစောင်း"ရေးသားတင်ပြလိုက်ရပါသည်။

---

## အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆)နှင့် နိုင်ငံသားကတ် သစ္စာစီမံချက်ဖြင့်ထုတ်ပေး

**ကယား မေ ၂၃**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် ကျောက်စုကျေးရွာတွင် ရွှေ့ပြောင်းရောက်ရှိ နေထိုင်သူများကို မေလတတိယပတ်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး (ညွှန်ကြားရေးမှူး)ဦးဝင်းခိုင်၏ ညွှန်ကြားချက်ဖြင့် ဘောလခဲခရိုင်ဦးစီးမှူး ဦးထွန်းဇော်ဦးက ရက်ပေါင်း ၁၀၀ အတွင်း သစ္စာစီမံချက်ဖြင့် လုပ်ဆောင်ပေးမှု လုပ်ငန်းများ ရှင်းလင်းဆွေးနွေးပြီး NRC အဖွဲ့နှင့် ပူးပေါင်း၍ ရွှေ့ပြောင်းခဲ့သောသက်ဆိုင်ရာ မြို့နယ်များသို့ ဆက်သွယ်ညှိနှိုင်း၍



မိသားစုအလိုက် အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆) ၂၁ ဦးနှင့် အသက်(၁၈)နှစ်ပြည့် ၅၆ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ဦးချင်း အခမဲ့နေ့ချင်းပြီး ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

---

## ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ -

- (၁) လမ်းပေါ်တွင်စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
- (၂) မော်တော်ယာဉ်များ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
- (၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
- (၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
- (၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
- (၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
- (၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမှုရန် ဂရုပြုပါ။
- (၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
- (၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကိုဖွင့်မောင်းပါ။
- (၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးနိုင်ရန် လိုအပ်သောဘဏ္ဍာငွေ ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ်ဘီလီယံ ၅၀၀ ချေးယူခွင့် လွှတ်တော်က ကန့်ကွက်သူမရှိအတည်ပြု

**နေပြည်တော် မေ ၂၃**

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်တင့်ဆွေ အား ၂၀၁၆ ခုနှစ် မေ ၁၇ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်သည့်အတွက် ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၄ ရက် မြောက်နေ့၌ လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနကိုကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟုလည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟု လည်းကောင်း ပြောင်းလဲပြင်ဆင်သတ်မှတ်လိုခြင်းနှင့်စပ်လျဉ်း၍ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစောယှားဖောင်အွာ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်တို့က ဆွေးနွေးကြသည်။

**■ ကျန်းမာရေးဝန်ကြီးဌာနအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းကို ကန့်ကွက်သူမရှိ အတည်ပြု**

**❍ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနအား တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းကို လွှတ်တော်၏ဆန္ဒရယူရာ ကန့်ကွက်သူငါးဦးရှိသော်လည်း ထောက်ခံဆန္ဒမဲများသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြု**



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ အောင်သူ

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံတင်ပြ ဆွေးနွေးချက်များအနက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်၏ တင်ပြချက်ဖြစ်သည့် ဒုတိယဝန်ကြီး တစ်ဦးခန့်အပ်ရန် တင်ပြဆွေးနွေးမှုကို ကျန်းမာရေးဝန်ကြီးဌာနအား အသိပေးတင်ပြသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့ပြင် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်က တိုင်းရင်းသားရေးရာနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနဟူ၍ မသဲမကွဲဖြစ်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၈)၌ တိုင်းရင်းသားရေးရာနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေဟု သတ်မှတ်ခဲ့ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟု သတ်မှတ်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ အမိန့်ကြေညာစာအမှတ်၁/၂၀၁၆ ၌ တိုင်းရင်းသားရေးရာဝန်ကြီးဌာနဟု သတ်မှတ်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအဖြစ် ဆက်လက်အသုံးမပြု ပယ်ဖျက်ပါက ဝန်ကြီးဌာနဖွဲ့စည်းမှုသည် အချိန်ကြာမြင့်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများရေးရာနှင့် တိုင်းရင်းသားရေးရာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများသည် ပြည့်စုံသည့်အတွက် လွှတ်တော်မှ သင့်လျော်သည့် အမည်ကို အတည်ပြုပေးပါဟု ပြန်လည်ဆွေးနွေးသည်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စုဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်လိုခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနတစ်ခုချင်းအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ ကျန်းမာရေးဝန်ကြီးဌာနအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းကို ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။

ဆက်လက်၍ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းကိုလွှတ်တော်၏ ဆန္ဒရယူရာ ကန့်ကွက်သူငါးဦး ရှိသော်လည်း ထောက်ခံဆန္ဒမဲ များသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနိုင်ရန် လိုအပ်သော ဘဏ္ဍာငွေအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ်ဘီလီယံ ၅၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့က စိုက်ပျိုးစရိတ်ချေးငွေကို အသုံးပြုသွားမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုအစိုးရအဖွဲ့မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ငွေကျပ်ဘီလီယံ ၅၀၀ ချေးယူခွင့်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ဆန္ဒရယူရာ ကန့်ကွက်သူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည်

**နေပြည်တော် မေ ၂၃**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ကို မေ ၂၄ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ-သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး-ဗျူဟာ ကားလမ်းမကြီး ဖောက်လုပ်နေမှု အစီအစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရမ်းဗြဲမဲဆန္ဒမှ ဦးကျော်ရွှေ၏ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်တွင် ရမ်းဗြဲမြို့မှ လေးတောင်တိုက်နယ်သို့သွားသော ကားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိနှင့် စပ်လျဉ်း၍ မေးခွန်းများမေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။

ထို့အတူ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ကို မေ ၂၄ ရက် နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမင်းဦး (ဥက္ကဋ္ဌ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ)က တင်သွင်းသည့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ဆွေးနွေးရန် အဆိုတင်သွင်းခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် တင်ပြခြင်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အဆိုတင်သွင်းခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တောင်သူများအတွက် ၂၀၁၆ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများထုတ်ချေး

**တောင်ကြီး မေ ၂၃**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် တောင်ကြီးမြို့နယ်ဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ သီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေး ၂၀၁၆ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို မေ ၁၇ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိရာ တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စုမှ တောင်သူအစုအဖွဲ့ ၄၀၊ တောင်သူ ၉၂ ဦးသို့ စပါး ၅၁၃ ဧက အတွက် ချေးငွေ ငွေကျပ် သိန်း ၇၆၉ ဒသမ ၅၀ ထုတ်ချေးပေးခဲ့ပြီး ဖြစ်သည်။



တောင်ကြီးမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ယခင်နှစ်က စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်း ထုတ်ချေးပေးခဲ့ရာမှ ယခုနှစ်တွင် စပါးတစ်ဧကလျှင်ငွေကျပ် ၁ ဒသမ ၅ သိန်းသို့ တိုးမြှင့်ထုတ်ချေးပေးလျက် ရှိကြောင်းနှင့် ချက်ကြံတစ်ဧကလျှင် ငွေကျပ် တစ်သိန်း၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး အတိုးနှုန်းမှာ ငွေရင်း ၁၀၀ လျှင် ၆၅ ပြားဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဒေါ်နန်းမိုဟွမ်က ပြောကြားသည်။

တောင်ကြီးမြို့နယ် ဘဏ်ခွဲအနေဖြင့် ယခု ၂၀၁၆ မိုးရာသီကာလအတွင်း တောင်သူ ၂၉၁၆ ဦးသို့ စပါး ၁၅၄၆၆ ဧက၊ ပြောင်း ဧက ၁၂၀၀ အတွက် ချေးငွေ ငွေကျပ် ၂၃၄၃၉ သိန်း ထုတ်ချေးပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၆၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ**သည် ယင်းတို့၏ ပါတီအမည်အား **ကချင်အမျိုးသားကွန်ဂရက်ပါတီ** [Kachin National Congress (KNC)] ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီအလံနှင့်တံဆိပ်ကိုလည်း ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ကချင်အမျိုးသားကွန်ဂရက်ပါတီ** [Kachin National Congress (KNC)] ဟူသည့် အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကချင်အမျိုးသားကွန်ဂရက်ပါတီ** [Kachin National Congress (KNC)]**၏ အလံပုံစံ**



**ကချင်အမျိုးသားကွန်ဂရက်ပါတီ** [Kachin National Congress (KNC)]**၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# လုပ်ကွက်ငယ် တောင်သူလယ်သမားများအား ထောက်ပံ့ပေးရေး ဆွေးနွေးဟောပြော

**နေပြည်တော်  မေ  ၂၃**

လုပ်ကွက်ငယ် တောင်သူလယ်သမားများအား အထောက်အပံ့ပေးရေးအစီအစဉ် ဆွေးနွေးဟောပြောပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ အမေရိကန်အခြေစိုက် Landesa မြန်မာ့အစီအစဉ်မှ Prof. Roy Prosterman၊ Dr. Mark West နှင့်ဦးရွှေသိန်း (Land Core) တို့၏ အပြန်အလှန်ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**(သတင်းစဉ်)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  မေ  ၂၃**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**(မြန်မာ့အလင်း)**

## နိုင်ငံတော်ဩဝါဒါစရိယ သထုံမြို့နယ် စန္ဒာရုံကျောင်း ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော်  မေ  ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက် စန္ဒာရုံကျောင်း၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏဝံသသည် သက်တော် (၉၄) နှစ်၊ သိက္ခာတော် (၇၄) ဝါအရ ၁၃၇၈ ခုနှစ် ကဆုန်လပြည့်နေ့ (မေ ၂၁ ရက်)စနေနေ့ နံနက် ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်သူများသို့ ထုတ်ချေးရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကျပ် ဘီလီယံ ၅၀၀ ချေးယူခွင့်ရရှိ

**နေပြည်တော်  မေ  ၂၃**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနိုင်ရန် လိုအပ်သောဘဏ္ဍာငွေအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ်ဘီလီယံ ၅၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် ကန့်ကွက်သူမရှိ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးယူခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးက အကြံပြုထောက်ခံဆွေးနွေးကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

**စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်**က နိုင်ငံကို စိုက်ပျိုးရေးအခြေခံ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာ၌ လယ်ယာကဏ္ဍနှင့် တောင်သူလယ်သမားများ၏ဘဝကို မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ ရေခံမြေခံကောင်းပြီး စနစ်တကျ ကြိုးစားပါက ကမ္ဘာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု၏ နံပါတ်(၁)နေရာကို ပြန်ရနိုင်သည့်အပြင် တောင်သူများ၏ဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း**က မှတ်ပုံတင်ပြီး လယ်မြေများကို အာမခံချက်ရှိသော ဘဏ်အသီးသီးတွင် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ပေါင်နှံ၍ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများကို နိုင်ငံတော်အစိုးရအဖွဲ့က ချေးငွေပမာဏသတ်မှတ်ပြီး တရားဝင်ဆောင်



**စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးစဉ်**

ရွက်ပေးပါက တောင်သူလယ်သမားများ ပိုမိုအဆင်ပြေမည့်အပြင် နိုင်ငံအတွက် ငွေကြေးဆုံးရှုံးမှုများ လျော့နည်းမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ အနေဖြင့် မိမိလယ်ယာမြေဆုံးရှုံးမှုမဖြစ်စေရေးအတွက် သတ်မှတ်ကာလအတွင်း အကျေပေးဆပ်နိုင်မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လိုအပ်သောချေးငွေကို လွယ်ကူရှင်းလင်းသည့် နည်းလမ်းများဖြင့် ထုတ်ပေးနိုင်ရန်၊ ချေးငွေလုံလောက်စွာရရှိနိုင်ရန်၊ ချေးငွေ အချိန်အခါ ရာသီအမီ ရရှိနိုင်ရန်နှင့် ကြွေးမြီကင်းရှင်းသော လယ်သမားဘဝ ထူထောင်နိုင်ရန် အကြံပြုတင်ပြပါ



**ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးစဉ်**

ကြောင်း ဆွေးနွေးသည်။

**မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်း**က စိုက်ပျိုးစရိတ်ချေးငွေကို အမှန်တကယ် လက်တွေ့စိုက်ပျိုးသူများကို ချေးပေးရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးမြေမရှိ ချေးငွေယူထားခြင်းအပေါ် လိုအပ်သလို ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ မြေမရှိခြင်း၊ စိုက်ပျိုးမှုမရှိဘဲ စိုက်စရိတ်ငွေရယူထားသူသာမက ပူးပေါင်းကြံစည်သည့် တာဝန်ရှိဝန်ထမ်းများပါ အထူးဥပဒေပြဋ္ဌာန်း၍ အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရာသီဥတုဘေးအန္တရာယ် ကျရောက်မှုမရှိဘဲ ချေးငွေပြန်ဆပ်ရန် ပျက်ကွက်နေသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို**က တောင်သူလယ်သမားများ၏ဘဝ မြှင့်တင်နိုင်ရန်နှင့် ဆင်းရဲမှုများ လျှော့ချနိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေကို အချိန်မီ အလုံအလောက် ချေးပေးရမည့်အပြင် အခြားသွင်းအားစုများဖြစ်သည့် မျိုးကောင်းမျိုးသန့်၊ စံချိန်စံညွှန်းမီ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အခြားစိုက်ပျိုးရေးဆိုင်ရာ ဆေးများကို ထောက်ပံ့ပြီး စနစ်တကျသုံးစွဲနိုင်ရန် ပညာပေးလုပ်ဆောင်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး**က ချေးငွေအတွက် ငွေစက္ကူပုံနှိပ်ထုတ်ဝေ၍ ငွေကျပ်ဘီလီယံ ၅၀၀ ကို ဖြည့်ဆည်းမည်ဖြစ်သည့်အတွက် ငွေကြေးဖောင်းပွမှုအပေါ်တွင် ဖိအားများဖြစ်မည်ကို တင်ပြလိုပါကြောင်း၊ ထို့ကြောင့် ချေးငွေကို တောင်သူလယ်သမားများ လက်ဝယ်သို့ မှန်ကန်မြန်ဆန်စွာ ရောက်ရှိရေးနှင့် ယခုဘဏ္ဍာနှစ်၏ သတ်မှတ်သက်တမ်းအတွင်း၌ ပြန်လည်ပေးအပ်ပါက ငွေကြေးဖောင်းပွမှု လျော့နည်းမည်ဖြစ်ပါကြောင်း၊ ယခုချေးငွေကို ထိရောက်စွာ အကျိုးရှိရှိ အသုံးပြုရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ**က မြန်မာ့စီးပွားရေးဘဏ်မှ ငွေကျပ်ဘီလီယံ ၁၂၀၀နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ်ဘီလီယံ ၅၀၀ စုစုပေါင်းငွေကျပ်ဘီလီယံ ၁၇၀၀ ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ချေးယူပြီး တောင်သူလယ်သမားများကို အတိုးနှုန်း ရှစ်ရာခိုင်နှုန်းဖြင့် ပြန်လည်ချေးငှားပေးမည်ဖြစ်ပါကြောင်း၊ ချေးငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှဘောင်အတွင်းမှ နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သည့် ဆန်စပါးကို ဦးစားပေး ချေးယူပေးခြင်းဖြစ်ပါကြောင်း၊ ချေးငွေများကိုလည်း ဒေသအသီးသီး၌ တောင်သူလယ်သမားများအား စတင်ချေးငှားပေးလျက်ရှိပါကြောင်း၊ လယ်ယာမြေမှုဝါဒအရလယ်ယာ မြေပုံစံ(၇)ရှိမှသာ ချေးငွေရယူနိုင်သည့်အတွက် နိုင်ငံတော်ဘတ်ဂျက်ငွေ မဆုံးရှုံးရေးနှင့် ခိုင်မာရေးအတွက် ပုံစံ(၇)ဖြင့် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း** က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၄ ရာခိုင်နှုန်း အတိုးဖြင့် ငွေကျပ် ၁၁၆၆၇ ဘီလီယံကို ချေးယူထားပြီး ပြန်လည်ပေးဆပ်ရန် တာဝန်ရှိသည့်အထဲက တောင်သူလယ်သမားများ စိုက်စရိတ်ချေးငွေ အချိန်မီရရှိနိုင်ရေးအတွက် ယခုချေးငွေကို ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးမဟာဗျူဟာတွင် လယ်ယာကဏ္ဍ၌ တောင်သူလယ်သမားတစ်ဦးချင်းစီ၏ ကြုံတွေ့နေရသည့် ပြဿနာများ လျော့နည်းရေးအတွက် ယခုနှစ်တွင် ပြဋ္ဌာန်းထားသည့် စီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉ နှစ်နှစ်တာကာလအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ရာ၌ ဆင်းရဲမှုပပျောက်ရေးကိုလည်း ထည့်သွင်းစဉ်းစားခဲ့ပါကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်၍ ဆင်းရဲမှုဒဏ်ပိနေသည့် ပြည်သူများဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ဆက်နွှယ်၍ လယ်ယာမြေပြုပြင်ရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ရေး၊ မီဂါ လယ်ယာမြေများအထိ အစီအစဉ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**သူရဇော်**

## ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မန်စီ  မေ  ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များအလိုက် တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် မန်စီမြို့ ချောင်းထောက်ကျေးရွာအုပ်စု မံဖွကျေးရွာအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူနှင့် မြို့နယ်အဆင့် ကျေးရွာဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ မေလတတိယပတ်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိုးရွာသွန်းမှုကြောင့် မြန်အောင်မြို့ အင်ပင်-ကနောင်လမ်း ရေတိုက်စားပျက်စီး



**မြန်အောင်  မေ  ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် မေ ၂၃ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အင်ပင်အုပ်စု အညာစုကျေးရွာအနီး အင်ပင်-ကနောင်လမ်း၌ ဂုံးပေါက်ဘေး လမ်းအရှည် ၃၅ ပေ၊ အကျယ် ၁၈ ပေ ရေတိုက်စားပျက်စီးသွားခဲ့ကြောင်း သိရသည်။

ရေတိုက်စား၍ ပျက်စီးသွားသောနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့်အဖွဲ့ သွားရောက်ကြည့်ရှုပြီး သွားလာရေးအဆင်ပြေစေရန် ယာယီတံတားပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဓာတ်ပုံသတင်း**



ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်နှင့် ပိုလ်တထောင်မြို့နယ်ရှိ စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနတို့မှ ဝန်ထမ်းများ ရေစီးရေလာကောင်းမွန်စေရန် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းဆုံရာနေရာရှိ ရေမြောင်းများအတွင်းမှ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းနေမှုကို မေ ၂၃ ရက်က တွေ့ရစဉ်

ဓာတ်ပုံ-ဇော်မင်းလတ်

# ပုဂံရှေးဟောင်းဘုရားစေတီများ ရေရှည်တည်တံ့စေရန် ညောင်ပင်များ ရှင်းလင်း


ပုဂံဒေသရှိ ဘုရားစေတီအချို့ကို တွေ့ရစဉ်

ပုဂံသည် အနော်ရထာမင်းကြီးတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော် ဖြစ်သည်။ ပုဂံတွင် မင်း ၅၅ ဆက်အုပ်စိုးခဲ့သည်။ ပုဂံမင်း ၅၅ ဆက်တွင် ဘုရားစေတီ ပုထိုးများ တည်ထားကိုးကွယ်ခဲ့ရာ ပုဂံခေတ်က ဘုရားစေတီ ၅၀၀၀၀ ကျော်ခန့်ရှိခဲ့ သည်။

ပုဂံဒေသတွင် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီဂူပုထိုးများကို စတုရန်းမိုင် ၂၀ အတွင်း ညောင်ဦးဒေသတစ်ဝိုက်၊ ဝက်ကြီးအင်းဒေသ တစ်ဝိုက်၊ ပုဂံဒေသတစ်ဝိုက်၊ မြင်းကပါဒေသတစ်ဝိုက်၊ သီရိပစ္စယာဒေသတစ်ဝိုက်၊ မင်းနန်းသူဒေသတစ်ဝိုက်၊ ဖွားစောဒေသတစ်ဝိုက်တွင် ဘုရားစေတီဂူပုထိုးများ တည်ထားကိုးကွယ်ခဲ့သည်။ ထိုဘုရားစေတီများမှာ မြို့ကြား၊ ရွာကြား၊ တောကြား၊ ယာကြားတွင် တည်ထားပြီး နှစ် ပရိစ္ဆေဒ ကြာမြင့်ခဲ့သည်နှင့်အမျှ ပြိုကျပျက်စီးခဲ့ပြီး မြေအောက်ပျောက်ကွယ်၍ တစ်မျိုး၊ မြေကုန်းများအဖြစ် ပြောင်းလဲ၍တစ်ဖုံ၊ အုတ်ကုန်းများအဖြစ် တည်ရှိခဲ့ရာ ပုဂံမြို့ဟောင်းကို ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသဇုန်သတ်မှတ်၍ ရှေးဟောင်း ဘုရားများ ပြန်လည်ပြုပြင်ထိန်းသိမ်းဖော်ထုတ်ခဲ့ရာ စေတီပုထိုးပေါင်း ၂၂၃၀ သာ ရှိတော့သည်။

ထိုဘုရားစေတီများထဲတွင် မင်းများ တည်ထားသော ဘုရားများမှာ ၄၄ ဆူသာ ရှိတော့သည်။ ကျန်ဘုရားကြီးငယ်တို့မှာ မိဖုရား၊ မှူးမတ်၊ မင်းညီမင်းသား၊ သံပျင်၊ ကလန်၊ သူဌေး၊ သူကြွယ်များနှင့် အမှုထမ်းအရာထမ်းများ၊ ပြည်သူများကောင်းမှုများ သာဖြစ်သည်။

ပုဂံဒေသရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများတွင် ယခုအခါ ညောင်ပင်များ ပေါက်၍ ဘုရားစေတီအား ထိုးဖောက်ဖြိုခွဲမည့် အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရ သည်။ ထိုညောင်ပင်များ ပေါက်ရောက်နေသည့် ဘုရားစေတီများကို ၂၀၁၅ ခုနှစ်က ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို အဖွဲ့ဝင် ၆၁ ဦးနှင့် အလုပ်အမှုဆောင် ၁၆ ဦးပါဝင်သော အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းခဲ့ သည်။ ထိုအဖွဲ့ထဲတွင် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ အငြိမ်းစားရှေးဟောင်းသုတေသန ညွှန်ကြားရေးမှူးများ၊ ပုဂံဒေသရှိ စိတ်ဝင်စားသူများ ပါရှိခဲ့သည်။

ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ရှေးဦးစွာ ညောင်ပင်များပေါက်ရောက်နေသည့် ဘုရားစေတီများအား ရှာဖွေ၍ ညောင်ပင်နုတ်ခြင်း၊ ညောင်ပင်သတ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက် ရေးအဖွဲ့က ရှေးဦးစွာပုဂံဒေသရှိ သမိုင်းဝင်ဘုရားစေတီများတွင် ပေါက်ရောက်နေသည့် ညောင်ပင်များအား ရှာဖွေရှင်းလင်းသုတ်သင်ခဲ့ရာ ပုဂံမြို့သစ်ရှိ ကျောက်စကားကြီး ဘုရားတွင် ပေါက်ရောက်နေသည့် ညောင်ပင်ခုနစ်ပင်၊ မြင်းကပါတောင်ဘက်ရှိ စိုးမင်းကြီးဘုရားတွင် ပေါက်ရောက်နေသည့် ညောင်ပင် ၅၂ ပင်၊ တောင်ဖီလာရွာအနီး ရှိ ရွှေကွန်ခြာစေတီတွင် ပေါက်ရောက်နေသည့် ညောင်ပင် ၁၀၅ ပင်၊ ရွှေဆံတော် ဘုရားအနီးရှိ မြေဘုံသာဘုရားလှဘုရားတွင် ပေါက်ရောက်နေသည့် ညောင်ပင် ၉၅ ပင်၊ ဓမ္မရံကြီးဘုရားအနီးရှိ အင်းဘုရားကြီးတွင် ပေါက်ရောက်နေသည့် ညောင်ပင် ၇၀၊ ညောင်ဦးမြို့သိမ်းမသူဘုရားတွင် ပေါက်ရောက်နေသည့် ညောင်ပင်သုံးပင်၊ ဓမ္မရံကြီး အရှေ့တောင်ဘက်ရှိ စူဠာမဏိစေတီတွင် ပေါက်ရောက်နေသည့် ညောင်ပင် ၅၃ ပင်၊ မြင်းကပါတောင်ဘက်ရှိ အပယ်ရတနာဘုရားတွင် ပေါက်ရောက်နေသည့် ညောင်ပင် ငါးပင်နှင့် ရွှေဆံတော်မြောက်ဘက်ရှိ လောကထိပ်ပန်စေတီတွင် ပေါက်ရောက်နေသည့် ညောင်ပင် ၂၀၊ ရွှေဆံတော်အနောက်ဘက်ရှိ သရမ္ဘူဘုရားတွင် ပေါက်ရောက်နေသည့် ညောင်ပင်ငါးပင်နှင့် ပုဂံမြို့အနောက်ဘက်ရှိ အတွင်းရွှေစည်းခုံတွင် ပေါက်ရောက် နေသည့် ညောင်ပင် ၂၀ စုစုပေါင်းဘုရားစေတီတွင် ပေါက်ရောက်နေသည့် ညောင်ပင် ပေါင်း ၄၃၅ ပင်တို့အား ရှင်းလင်းသုတ်သင်ခြင်း၊ သတ်ခြင်းများကို စုပေါင်းဆောင်ရွက် ခဲ့ကြသည်။ ထို့အပြင် ဘုရားအမှတ် ၁၂၆၉ လုံကျာဘုရားနှင့် ဘုရားအမှတ် ၁၅၈၄ တို့ တွင်လည်း ဆက်လက်မပျက်စီးစေရန် အနားကွပ်ခြင်း၊ ကြားသပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ပုဂံမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီများအား ညောင်ပင်များရှင်းလင်း ထိန်းသိမ်းပေးနေသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်များ ထိန်းသိမ်းရေးအဖွဲ့ အား ရှေးဟောင်းသုတေသနဌာနက ငွေကျပ် ၁၀ သိန်း၊ BALLOON OVER BAGAN အဖွဲ့က ငွေကျပ် ၅၀၀၀၀၊ ရန်ကုန်မြို့မှ အလှူရှင်ဒေါ်သန်းသန်းဆွေနှင့် အခြားပုဂ္ဂိုလ်များက အလှူငွေများနှင့် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ ဒေါက်တာလီလီယန်းက လောကထိပ်ပန်ဘုရားတွင် မိုးယိုခြင်းနှင့်ညောင်ပင်သတ် ခြင်းအတွက် ဒေါ်လာ ၃၀၀ တို့ကို လှူဒါန်းခဲ့ကြသည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့က ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီဂူပုထိုးများတွင် ပေါက်ရောက်နေသည့် ညောင်ပင်များကို ဆက်လက် ရှာဖွေ၍ သုတ်သင်ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာပြည်အရပ်ရပ် မှ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့သို့ဆက်သွယ်ငွေလှူဒါန်းလိုပါက အလုပ် အမှုဆောင် ရှေးဟောင်းယဉ်ကျေးမှု ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) စာရေးဆရာ မင်းဘူးအောင်ကြိုင် ဖုန်း-၉၅၆၁၆၅၁၂၃၊ Fax - ၉၅၆၁၆၅၁၂၃၊ Mobile + 959949216847 နှင့် BAGANHEPITAGETRUST2@gmail.com ထံသို့ ဆက်သွယ်လှူဒါန်းပေးပို့နိုင်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း သက်ကြီးသတင်းစာဆရာများအား ပူဇော်ကန်တော့

**မန္တလေး မေ ၂၃**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) မန္တလေးတိုင်းဒေသကြီး သတင်းစာဆရာအသင်းက ကြီးမှူး၍ စီစဉ်သည့် ပထမအကြိမ် အသက် ၇၅ နှစ်အထက် သက်ကြီးသတင်းစာ ဆရာကြီးများအား ပူဇော်ကန်တော့ ပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက မန္တလေး ၃၂×၃၃ လမ်းကြား၊ ၆၈×၆၉ လမ်းကြားရှိ (Mandalay Community Center) လူထုနေရာတွင် ကျင်းပ ခဲ့သည်။

အခမ်းအနားသို့ ကန်တော့ခံ သက်ကြီး သတင်းစာဆရာများ၊ သတင်း စာဆရာအသင်းဝင်များ၊ စာရေး ဆရာများ တက်ရောက်ကြပြီး အခမ်း အနားမှူးအဖြစ် တိုင်းဒေသကြီး သတင်းစာဆရာအသင်းအတွင်းရေး မှူး ဦးထွန်းဝင်း(ရွှေမန္တလေး)က ဆောင်ရွက်သည်။ ထို့နောက် သက်ကြီး သတင်းစာဆရာကြီးများ အား ကန်တော့ကြပြီး အသင်းဥက္ကဋ္ဌ ဦးဘဦးက ကျေးဇူးတင်စကားပြော ကြားသည်။ ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင် ဦးသာဇော်က သတင်းစာ ဆရာအသင်းဗဟိုက ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ သက်ကြီးသတင်းစာဆရာ၊ ဆရာမ ကြီး ၁၀ ဦးကို ကန်တော့ခဲ့ပြီး ကန်တော့ခံဆရာကြီး ဆရာမကြီးများ က ဩဝါဒစကားပြောကြား၍ ဆရာ ဆူးငှက်နှင့် ဆရာ သိုက်ထွန်းသက် တို့က မုဒိတာစကားပြောကြားသည်။



**ခင်ခင်ဝင်း(ပညာရေး)**

# အသွင်သစ်နှင့်မေလထုတ် သုတပဒေသာစာစောင်ထွက်ပြီ

**ရန်ကုန် မေ ၂၃**

၁၉၇၃ ခုနှစ် ဇူလိုင်လမှစတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးခဲ့သော သုတပဒေသာ စာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင် တို့ အပြောင်းအလဲများ ပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ် ထားရှိပြီး အသွင်သစ်ဖြင့်ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (မေလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မေလထုတ် သုတပဒေသာစာစောင် တွင် ဆရာဦးဟန်ညွှန့် (ဥပဒေ)၊ သန်းစော (စီပီအေ)၊ ကိုဇော်ဌေး(ယဉ်ကျေးမှု) တို့၏ "ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် အလုပ်သမားများ၏ အခန်းကဏ္ဍ" မျက်နှာဖုံးဆောင်းပါးများနှင့် အတူ နာမည်ရ စာရေးဆရာ ဆရာမများ၏ရွေးကောက်ပွဲဆိုင်ရာ ဆောင်းပါး၊ ပညာရေး၊ အတွေးအခေါ်နှင့် နိုင်ငံတကာရေးရာ ဆောင်းပါးများ၊ သိပ္ပံနှင့် နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများ၊ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထား သည်။

အဆိုပါသုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြား၊ မန္တလေးဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေ နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ် အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မန္တလေးတိုင်းဒေသကြီးအတွင်း နေ့စားလပေးဆရာဦးရေ ၁၆၀၀ ခန့်ထားမည်

**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် လစ်လပ်လျက်ရှိသော ဆရာ ၊ဆရာမများ အစားထိုးခန့်ထားရန် နေ့စားလပေးဆရာဦးရေ ၁၆၀၀ ခန့်အား ရွေးချယ်ပြီးဖြစ်၍ မေလနောက်ဆုံးပတ်တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် သင်ကြားရေးဆရာများ လိုအပ်ချက်အရ ဧပြီလအတွင်း လျှောက်လွှာခေါ်ယူခဲ့ရာ လျှောက်ထားသူ ၉၀၀၀ကျော်မှ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူ ၃၀၀၀ ကျော်အား လူတွေ့စစ်ဆေးပြီး ၎င်းတို့အနက်မှ ၁၆၀၀ ခန့်အားရွေးချယ်ခဲ့ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပြောကြားသည်။

"ရေးဖြေစာမေးပွဲအောင်မြင်ခဲ့တဲ့ ၃၀၀၀ ကျော်ကို မေ ၁၅ ရက်မှာ လူတွေ့စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပြီးရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့စာရင်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အတည်ပြုပေးနိုင်ဖို့ ဆောင်ရွက်နေပါပြီ။ မေလကုန်ခါနီးမှာ ရွေးချယ်ထားတဲ့သူစာရင်းကို ကြေညာပေးတော့မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်သင်ကြားနေသည့် အခြေခံပညာကျောင်းများ စာရင်းမှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်စာရင်းများအရ မူလတန်းကျောင်း ၂၅၈၄ ကျောင်း၊ မူလတန်းလွန်ကျောင်း ၅၀၃ကျောင်း၊ အ.မ.က(ခွဲ) ၉၇ကျောင်း၊ အ.မ.က (တွဲ)၄၁၃၅ ကျောင်း၊ အလယ်တန်းအဆင့် ၈၈ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၄၈၈ ကျောင်း၊ အထက်တန်းကျောင်း ၂၀၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၇၃ ကျောင်းရှိပြီး မူလတန်းအဆင့်ကျောင်းသားဦးရေ ၅၀၆၀၀၀ ကျော်၊ အလယ်တန်း အဆင့်ကျောင်းသားဦးရေ ၃၂၆၀၀၀ ကျော်နှင့် အထက်တန်းအဆင့် ကျောင်းသား ဦးရေ ၉၅၀၀၀ ကျော်ရှိပြီး တစ်တိုင်းလုံးတွင် စုစုပေါင်းကျောင်းသားဦးရေ ၉၃၀၀၀၀ ခန့်တက်ရောက်ပညာသင်ကြားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စာပေမြင့်မှ လူမျိုးတင့်မည်

# ဖော်လူဂျာမြို့ကို အိုင်အက်စ်တို့ထံမှ သိမ်းယူမည်ဖြစ်၍ ဒေသခံများ ရှောင်ရှားနိုင်ရေး သတိပေး

**ဘဂ္ဂဒက် မေ ၂၃**

အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်အက်ဘဒီသည် အိုင်အက်စ်အဖွဲ့က အခိုင်အမာ တပ်စွဲထားသော ဖော်လူဂျာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရေး တိုက်ပွဲများ ဆင်နွှဲမည်ဖြစ်ရာ တိုက်ပွဲများ မစတင်မီ ဒေသခံများ ဘေးလွတ်ရာသို့ပြောင်းရွှေ့နိုင်ရေး အီရတ်တပ်ဖွဲ့မှ သတိပေးမှုများ ပြုလုပ်ထားသည်။

"ဖော်လူဂျာမြို့ လွတ်မြောက်ဖို့ သိပ်မကြာတော့ပါဘူး။ အောင်မြင်မှုတွေ ရရှိဖို့ အလွန်နီးကပ်လာပါပြီ" ဟု အီရတ် ဝန်ကြီးချုပ်က ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ဂျီဟတ်အုပ်စုတို့ကို ရည်ရွယ်၍ အာရပ်ဘာသာစကားဖြင့် ရေးသားခဲ့သည်။

ဖော်လူဂျာမြို့သိမ်းတိုက်ပွဲကို အီရတ်တပ်ဖွဲ့ဝင်များ၊ ရဲများ၊ ဒေသခံမျိုးနွယ်စု များ၊ ရှီးယိုက်မဟာမိတ်များနှင့်အတူ ဆင်နွှဲသွားမည်ဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားသည်။ အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များသည် အီရတ်နှင့်ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများရှိရာနေရာကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

ဆွန်နီဂျီဟတ်အုပ်စုများအခြေစိုက်ရာ ဖော်လူဂျာမြို့သည် ဘဂ္ဂဒတ်မြို့ အနောက်ဘက် မိုင် ၃၀ အကွာတွင် တည်ရှိပြီး ၂၀၁၄ ခုနှစ်၌ ဂျီဟတ် အုပ်စုများလက်အတွင်းသို့ အစောဆုံး ကျရောက်သော မြို့လည်းဖြစ်သည်။

အီရတ်တပ်ဖွဲ့ဝင်များ၊ ရဲများနှင့် လေကြောင်းမှ မဟာမိတ်တပ်များသည် လွန်ခဲ့သည့်နှစ်ကတည်းက ဖော်လူဂျာမြို့ကို ဝိုင်းထားသဖြင့် အိုင်အက်စ်တို့က ဒေသခံများ ထွက်ပြေးခြင်းမရှိအောင် ပိတ်ဆို့ထားသည်။



မြို့မှ ထွက်ပြေးနိုင်စွမ်းမရှိသည့် မိသားစုများသည် ၎င်းတို့၏ နေအိမ်၌ အလံဖြူအမှတ်အသားများထားရှိရန် အီရတ်တပ်ဖွဲ့က ရုပ်မြင်သံကြားမှတစ်ဆင့် သတိပေးမှုများ ပြုလုပ်ထားသည်။ **(ရိုက်တာ)**



# အမေရိကန်တို့က ဗီယက်နမ်အပေါ် လက်နက်ကုန်သွယ်ခွင့် ပိတ်ပင်မှု ဖယ်ရှား

**ဟန်နွိုင်း မေ ၂၃**

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် အာရှဒေသ၌ နိုင်ငံရေးအားပြိုင်မှုညီမျှမှုရှိစေရေး တနင်္လာနေ့က ဗီယက်နမ်သို့ ပထမဦးဆုံးအကြိမ်ဖြစ် သွားရောက်ခဲ့သည်။ တောင်တရုတ်ပင်လယ်အရေးတင်းမာမှုများ မြင့်တက်နေချိန် အမေရိကန်၏ကာကွယ်ရေးစွမ်းအားမြှင့်တင်နိုင်ရေးယခင်က ရန်ဘက်နိုင်ငံဖြစ်ခဲ့သော ဗီယက်နမ်သို့သွားရောက်ခဲ့ခြင်းဖြစ်သည်။

ထိုခရီးစဉ်၌ ဗီယက်နမ်သမ္မတ ထရန်ဒိုင်ကန်က အမေရိကန်နိုင်ငံသည် ဗီယက်နမ်အပေါ်လက်နက်ကုန်သွယ်မှုကို ပိတ်ပင်လိုက်ကြောင်း တနင်္လာနေ့က ပြောကြားသည်။

အဆိုပါခရီးစဉ်မစတင်မီ ဝါရှင်တန်၌ ဗီယက်နမ်အပေါ်ဆယ်စုနှစ်တစ်ခုကျော်ကြာအောင်ထားရှိခဲ့သည့် လက်နက်ကုန်သွယ်ခွင့် ပိတ်ဆို့မှုများကို ဖယ်ရှားသင့်မသင့်နှင့်အမေရိကန်တပ်၏ နည်းပညာများ ဖြန့်ဝေရန်သင့်မသင့်အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သည်။

ပိတ်ဆို့မှုတစ်စိတ်တစ်ဒေသကို ၂၀၁၄ ခုနှစ်နှောင်းပိုင်းကတည်းက ဖြေလျှော့ပြီးဖြစ်သည်။ သို့သော်သုတေသီများက ထိုသို့ပြုလုပ်ခြင်းမှာစွန့်စားရာရောက်ကြောင်း လူ့အခွင့်အရေးနှင့်ပတ်သက်၍ ပြင်းထန်စွာတောင်းဆိုလျက်ရှိသည့် အာရှဒေသမဟာမိတ်များနှင့် ဆွေးနွေးရာတွင် သက်ရောက်မှုရှိနိုင်ကြောင်း ပြောသည်။

ဗီယက်နမ်နိုင်ငံသည်လက်နက်ပိတ်ဆို့ထားမှုကို ဖြေလျှော့ပေးရန်တောင်းဆိုလျက်ရှိပြီး နိုင်ငံတော်ကာကွယ်ရေး၊ ကုန်သွယ်ရေးမိတ်ဖက်များထံမှ လက်နက်ဝယ်ယူခြင်းမှာ သမားရိုးကျကိစ္စပင်ဖြစ်ကြောင်း ပြောသည်။
**(ရိုက်တာ)**

# ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာ သင့် မသင့် အားပြိုင်လျက်ရှိ

**လန်ဒန် မေ ၂၃**

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှနုတ်ထွက်ရန် သင့်မသင့်နှင့်ပတ်သက်၍ ဗြိတိန်၌အကြီးအကျယ် အငြင်းပွားလျက်ရှိသည်။ ဇွန် ၂၃ ရက်တွင် ပြုလုပ်မည့်လူထုဆန္ဒခံယူပွဲ မကျင်းပမီ သဘောထား ကွဲလွဲမှုများဖြစ်ပေါ်လျက်ရှိသည်။ လူထုဆန္ဒခံယူပွဲကျင်းပရန် တစ်လသာလိုတော့မည်ဖြစ်သည်။

ဥရောပသမဂ္ဂမှ ခွဲထွက်လိုခြင်းမရှိသော ဗြိတိန်ပြည်သူများက ဥရောပသမဂ္ဂသို့ တင်ပို့နေသည့် ဗြိတိန်ထွက်ကုန်များမှာ ထက်ဝက်နီးပါးရှိကြောင်း၊ ထို့ကြောင့် ဥရောပသမဂ္ဂမှခွဲထွက်မည်ဆိုပါက ဗြိတိန်၏စီးပွားရေးကိုထိခိုက်မည်ဖြစ်ကြောင်း ဝေဖန်ကြသည်။

ထို့အပြင် အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းများ၌လည်း အခက်ကြုံနိုင်ပြီး လုံခြုံရေးကိစ္စများဆောင်ရွက်ရာ၌လည်း နှောင့်နှေးနိုင်သည်ဟု ပြောဆိုကြသည်။ ဥရောပသမဂ္ဂမှ ထွက်ခွာလိုသည့်ဘက်မှပြောဆိုမှုအရ ဥရောပသမဂ္ဂမှ ဗြိတိန်သို့ ဝင်ရောက်လာသည့် ရွှေ့ပြောင်းဒုက္ခသည်အရေအတွက်မှာ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခွင့်ကြောင့် မြင့်တက်လာကြောင်း၊ ဥရောပသမဂ္ဂ၏စည်းမျဉ်းစည်းကမ်းများမှာ ဗြိတိန်၏လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်ကို ပိတ်ပင်တားဆီးလျက်ရှိကြောင်း ပြောဆိုကြသည်။ လွန်ခဲ့သော သီတင်းပတ်ကနောက်ဆုံးကောက်ယူခဲ့သော စာရင်း များအရ ဥရောပသမဂ္ဂမှခွဲထွက်လိုခြင်းမရှိသည့်ဘက်မှ ၄၄ ရာခိုင်နှုန်းရှိပြီး ခွဲထွက်လိုသည့်ဘက်မှ ၄၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**

# အာကာသယာဉ်ငယ်တစ်စင်း အိန္ဒိယလွှတ်တင်

**နယူးဒေလီ မေ ၂၃**

အာကာသယာဉ်များ ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေး ယှဉ်ပြိုင်မှုတစ်ခုအဖြစ် အိန္ဒိယနိုင်ငံသည် လူလိုက်ပါခြင်းမရှိသည့် အာကာသယာဉ်တစ်စင်းကိုလွှတ်တင်ခဲ့သည်။

အဆိုပါယာဉ်ကိုအန်ဒရာပရာဒေ့ရှ်ပြည်နယ်မှ လွှတ်တင်ခြင်းဖြစ်ပြီးပင်လယ်ထဲသို့ ထိုးမကျမီ လေထုထဲသို့ ၇၀ ကီလိုမီတာခန့်ပျံသန်းခဲ့သည်ဟု ခန့်မှန်းထားသည်။

၂၀၁၁ ခုနှစ်မှစ၍ အာကာသယာဉ်လွှတ်တင်မှုအစီအစဉ်ကို နာဆာမှရပ်ဆိုင်းခဲ့ပြီးနောက် အာကာသယာဉ်များဆက်လက်ပေါ်ထွန်းလာစေရေးဒီဇိုင်းယှဉ်ပြိုင်မှုမှာပိုမိုပြင်းထန်လာခဲ့သည်။ အိန္ဒိယနိုင်ငံသည်အာကာသယာဉ်သုတေသနပြုလုပ်မှုများကို အရေးပါသော လုပ်ငန်းအဖြစ် ဆက်လက်လုပ်ဆောင်လျက်ရှိပြီး အာကာသအစီအစဉ်နှင့်ပတ်သက်၍ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသည်။
**(ဘီဘီစီ)**

# အမေရိကန်စစ်အခြေစိုက်စခန်းမှ စစ်သည်များ၏ ပြစ်မှုကျူးလွန်မှုများကို ထိရောက်စွာအရေးယူပေးရန် အိုဘားမားအား ဂျပန်ဝန်ကြီးချုပ်တောင်းဆို

**တိုကျို မေ ၂၃**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အမေရိကန် စစ်အခြေစိုက်စခန်းရှိ တပ်ဖွဲ့ဝင်များ၏ ပြစ်မှုများကို ထိရောက်စွာကာကွယ်မှုပြုရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားကို တိုက်တွန်းလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် မေ ၂၃ ရက်က ဖော်ပြခဲ့သည်။

အိုကီနာဝါ မြို့တော်ဝန် တာကာရှီ အိုနာဂါနှင့် တနင်္လာနေ့က တိုကျို၌ တွေ့ဆုံစဉ် အာဘေးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အိုကီနာဝါရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား ဒေသခံ အသက် ၂၀ အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းကို စွန့်ပစ်ထား၍ သံသယမှုဖြင့် ဖမ်းဆီးပြီးနောက် အဆိုပါတွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အိုနာဂါက အဆိုပါလုပ်ရပ်သည် လက်ခံနိုင်စရာ အကြောင်းမရှိကြောင်း အာဘေးကိုပြောကြားခဲ့သည်။ အိုကီနာဝါတွင် အမေရိကန် စစ်အခြေစိုက်စခန်းရှိနေသမျှ ထိုသို့ပြစ်မှုမျိုးများမရှောင်လွှဲနိုင်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။




အိုနာဂါက အိုကီနာဂါရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေးအတွက် အမေရိကန်သမ္မတအားတိုက်ရိုက်စကားပြောရန်အတွက် အခွင့်အရေးတစ်ခု ဖန်တီးပေးရန် အာဘေးအား တောင်းဆိုလိုက်ကြောင်း သိရသည်။

အဆိုပါကိစ္စကို အာဘေးအနေဖြင့် ဒေါသထွက်နေကြောင်း သိရသည်။

ယခုအပတ်နှောင်းပိုင်းတွင် ကျင်းပပြုလုပ်မည့် အိုင်ဆဲ-ရှီမာ ဆွေးနွေးပွဲ၏ သီးခြားဆွေးနွေးမှုတွင် ယင်းအပေါ် ထိထိရောက်ရောက် အရေးယူမှုများ ပြုလုပ်ရန် အိုဘားမားအား အာဘေးက ပြောကြားမည်ဖြစ်ကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**

# အမေရိကန် - ရုရှား လတ်တလော ဆက်ဆံရေး

သက်မွန်ဦး

**ခရိုင်းမီးယားဒေသကို ရုရှားတို့ တိုက်ခိုက်သိမ်းပိုက်တဲ့လုပ်ရပ် ဖြစ်ပေါ်ပြီးနောက် ရုရှား-အမေရိကန် ဆက်ဆံရေး အကျဘက်သို့ ဦးတည်လာတာကို လေ့လာသူတွေနှင့် နိုင်ငံရေးသမားတွေက အရင်က သူတို့တွေးထင်မထားတဲ့ ဒုတိယ စစ်အေးတိုက်ပွဲ ပေါ်ထွန်းမှုအစပဲလို့ ပြောဆိုလာကြပါတယ်။ နေတိုးတပ်ဖွဲ့ရဲ့မဟာမိတ် ဥရောပက စစ်အေးတိုက်ပွဲကို ကာကွယ်တားဆီးဖို့ ကြိုးစားနေတယ်လို့ ဆိုသော်လည်း အမေရိကန်နဲ့ရုရှားတို့ နှစ်ဖက်စလုံးက ဒုတိယစစ်အေးတိုက်ပွဲဆီသို့ ဦးတည်နေတာကို တွေ့ရပါတယ်။ ခေတ်သစ်စစ်အေးတိုက်ပွဲကို ဆက်ရွှေ့သွားမယ်ဆိုရင်တစ်ဖက်ကလည်း ခြေတစ်လှမ်းဆက်တိုးရုံပါပဲလို့ ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီးဒက်ဗ် ဆိုပါတယ်။**

ဒါဆိုရင် စစ်အေးတိုက်ပွဲက အခုဖြစ်နေပြီလား။ အလားတူဖြစ်ရပ်မျိုးတွေတော့ ရှိနေပါတယ်။ ဘောလ်တစ်ပင်လယ်ပြင်မှာရှိတဲ့ အမေရိကန်လေယာဉ်တွေနဲ့ သင်္ဘောတွေကို ရုရှားတိုက်လေယာဉ်တွေက သတိထားစောင့်ကြည့်နေပြီး ဥရောပမှာ အမေရိကန်သံချပ်ကာတပ်တွေ ဖြန့်ချထားမှုတွေ ပြုလုပ်နေပါတယ်။ နေတိုးအဖွဲ့ကလည်း ရုရှားနယ်စပ်မှာ စစ်ရေးလေ့ကျင့်မှုတွေ စတင်ပြုလုပ်နေပါတယ်။ တင်းမာမှုတွေကလည်း ထင်ထင်ရှားရှားမြင့်တက်ခဲ့ပါတယ်။ သို့သော်လည်း လက်ရှိအခြေအနေတွေက စစ်အေးတိုက်ပွဲရဲ့လက္ခဏာတွေတော့မဟုတ်သေးပါဘူး။ အကယ်၍ နှစ်ဖက်စလုံးက ပါးပါးနပ်နပ်နဲ့ ဆက်ဆံပြုမူနေကြမယ်ဆိုရင် စစ်အေးတိုက်ပွဲ ဒုတိယအကြိမ် ပေါ်ထွက်လာစရာအကြောင်းမရှိပါဘူး။

ပထမအချက်အနေနဲ့ လက်ရှိ အမေရိကန်-ရုရှား ယှဉ်ပြိုင်မှုဟာ စစ်အေးကာလတုန်းက ထားရှိခဲ့တဲ့ သဘောတရားရေးရာအပိုင်းတွေ မပါဝင်တော့ပါဘူး။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ၄၅ နှစ်နီးပါးအကြာ ဆိုဗီယက်ကွန်မြူနစ်ဝါဒ အဆုံးစွန် ပြိုကွဲသွားပြီးတဲ့အခါမှာ မော်စကိုနဲ့ အနောက်နိုင်ငံတွေအကြားမှာ အစစ်အမှန် သဘောတရားရေးရာစစ်ပွဲတွေ ပေါ်ထွက်လာခဲ့တယ်။ အမေရိကန်နဲ့ ဥရောပက ဒီမိုကရေစီသဘောတရားတွေ၊ လွတ်လပ်တဲ့ဈေးကွက်နဲ့ တစ်ဦးချင်းအခွင့်အရေးတွေကို အာရုံစိုက်နေတဲ့အချိန်မှာ ဆိုဗီယက်သဘောတရားတွေကတော့ သာတူညီမျှစီးပွားရေးဘက်ကိုပဲ အရှိန်မြှင့်လုပ်ဆောင်ခဲ့တယ်။ ဆိုဗီယက်အမြင်ဘက်ကကြည့်မယ်ဆိုရင် ကွန်မြူနစ်ဝါဒဟာ လူ့အဖွဲ့အစည်းတည်ဆောက်မှုအတွက် အစစ်အမှန်တရားကိုပေးမယ်လို့ယူဆပြီး ကွန်မြူနစ်ခေါင်းဆောင်တွေဟာ ကြောက်စရာကောင်းတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို လိုက်လုပ်ဖို့ နှောင့်နှေးမနေခဲ့ကြဘူး။

ယနေ့ ဝါရှင်တန်နဲ့ မော်စကိုကြားမှာရှိတဲ့ ယှဉ်ပြိုင်မှုဟာ ဒီလိုသဘောတရားရေးရာ အချင်းများမှုတွေမရှိတော့ဘူး။ ခေတ်ပြိုင်ရုရှားဟာ သူ့ရဲ့ကိုယ်ပိုင်ဟန် အရင်းရှင်စနစ် လူနည်းစုကိုယ်စားပြု အစိုးရပုံစံနဲ့ အကျင့်ပျက်ခြစားမှု ပြဿနာရှိပေမယ့်လည်း မော်စကိုဟာ လူ့အဖွဲ့အစည်းတစ်ခုကို ဘယ်လိုတည်ဆောက်ယူရမလဲဆိုတဲ့ မက်ဆေ့ကို ကမ္ဘာကြီးကိုပေးနိုင်ခဲ့တယ်။ ရုရှားဟာ တစ်ခါတစ်ရံမှာ ဥရောပတိုက်သားဝါဒီ သို့မဟုတ် ဥရောပနဲ့ အနောက်နိုင်ငံတွေကို ဆန့်ကျင်မှုလျော့နည်းသွားတဲ့အပေါ်မှာ အခြေပြုထားတဲ့ ပုံစံဆိုတာ အခိုင်အမာ ပြောဖို့ မဖြစ်နိုင်သေးပါဘူး။

လက်ရှိရုရှား-အမေရိကန် တင်းမာမှုတွေဟာလည်း စစ်အေးကာလအတွင်းက ဖြစ်ပေါ်ခဲ့တဲ့ ဂလိုဘယ်အစိတ်အပိုင်းတွေ မဟုတ်တော့ဘူး။အန်ဂိုလာကနေ နိုင်ကရာဂွါအထိနဲ့ ဗီယက်နမ်ကနေ အာဖဂန်နစ္စတန်အထိ ဝါရှင်တန်နဲ့ မော်စကိုဟာ စစ်ရေးယှဉ်ပြိုင်မှုတွေ တစီတတန်းကြီး ရင်ဆိုင်ကြုံတွေ့နေတယ်။ ခေတ်ပြိုင်ရုရှားဟာ ဆီးရီးယားမှာ တပ်ဖွဲ့တွေတပ်ဖြန့်ချထားမှုတွေနဲ့

**ယနေ့ပြောနေတဲ့ နေတိုး- ရုရှားယှဉ်ပြိုင်မှုဟာ မူအမျိုးမျိုးကွဲပြားနေပါတယ်။ ၂၀၁၅ ခုနှစ်မှာ စစ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ဝါရှင်တန်က သုံးစွဲခဲ့တာဟာ မော်စကိုထက် ကာကွယ်ရေးအသုံးစရိတ် ဆယ်ဆပိုနေပါတယ်။ ရုရှားက တပ်ဖွဲ့အင်အားကို ခေတ်မီအဆင့်မြှင့်တင်နေပြီး ဝါရှင်တန်ကလည်း စစ်ရေးနည်းပညာတွေကို ကရင်မလင်ထက်သာအောင်လုပ်ဆောင်နေ**

အရှေ့အလယ်ပိုင်းဒေသကို တစ်ကျော့ပြန် ဝင်ရောက်လာပေမယ့် လက်ရှိ ဝါရှင်တန်နဲ့ မော်စကိုကြားက တင်းမာမှုတွေဟာ ဥရောပကို ဗဟိုပြုပြီး အပြင်းထန်ဆုံးဖြစ်ပေါ်နေတာကို တွေ့နေရပါတယ်။

ဒါ့အပြင် ရုရှားနဲ့အမေရိကန်ကြားမှာရှိတဲ့ စီးပွားရေးမညီမျှမှုကလည်း စစ်အေးကာလတုန်းက ပုံစံထက်ပိုပြီး ကြီးမားလာတယ်။ ၁၉၆၁ ခုနှစ်က ဆိုဗီယက်ခေါင်းဆောင် နီကီတာခရူးရှက်က နှစ်ပေါင်း ၂၀ အတွင်းမှာ ဆိုဗီယက်ရဲ့ လူနေမှုအဆင့်အတန်းဟာ အခြားအရင်းရှင်နိုင်ငံတွေထက် ပိုသာစေရမယ်လို့ ကြွားလုံးထုတ်ခဲ့ပါတယ်။ စီးပွားရေးအရ မပြည့်စုံမှုတွေရှိပေမယ့်လည်း ခရူးရှက်ရဲ့ကြွားလုံးတွေဟာ ယုံရခက်ကြီးပါပဲ။ ၁၉၆၀ အစောပိုင်းနဲ့ ၁၉၇၅ ကာလတစ်လျှောက်မှာ ဆိုဗီယက်ရဲ့စီးပွားရေးဟာ အမေရိကန်ထက် ပိုမိုတိုးတက်ခဲ့တာကို တွေ့ခဲ့ရပါတယ်။ အဲဒီနှစ်တွေက အမေရိကန်စီးပွားရေးထက် ၅၈ ရာခိုင်နှုန်း သာလွန်ခဲ့ပါတယ်။

သို့သော်လည်း လက်ရှိအမေရိကန်ဒေါ်လာ ၁၈ ထရီလီယံပိုင်တဲ့ အမေရိကန်ရဲ့စီးပွားရေးဟာ ခန့်မှန်းခြေအားဖြင့် ရုရှားထက် ဆယ်ဆပိုနေပါတယ်။ ဒ့ါအပြင် ရုရှားစီးပွားရေးဟာ ပြီးခဲ့သောနှစ်ပေါင်းများစွာအတွင်း အကျဘက်ကို ဦးတည်ခဲ့တယ်လို့ ခန့်မှန်းရပါတယ်။ သဘာဝသယံဇာတတွေပေါ်မှာ မှီခိုလွန်းတဲ့ ရုရှားစီးပွားရေးဟာ အကျင့်ပျက်ခြစားမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရစဉ်မှာ အမေရိကန်စီးပွားရေးဟာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပေမယ့်လည်း ကမ္ဘာ့ထိပ်တန်းနေရာကို လျှင်လျှင်မြန်မြန်ရောက်လာခဲ့တယ်။ ရိုးရိုးရှင်းရှင်းပဲ ၂၀ ရာစု ဂလိုဘယ်အင်အားဟာ စီးပွားရေးကို အချက်အချာပြုပြီး နိုင်ငံရေးပေါင်းစည်းမှုတွေ ပြုလုပ်လာခဲ့တာကို တွေ့ရပြီး ရုရှားဟာ အမေရိကန်နဲ့ စစ်အေးပုံစံယှဉ်ပြိုင်တဲ့နေရာမှာ စီးပွားရေးကို အခြေခံဖို့ မေ့လျော့ခဲ့တယ်။

နောက်ဆုံးအချက်က ဆိုဗီယက်တပ်ဖွဲ့နဲ့ ယနေ့ရုရှားတပ်ဖွဲ့အင်အား ကွာခြားချက်ဟာ မယုံနိုင်စရာပါပဲ။ စစ်အေးကာလက ဆိုဗီယက်တွေနဲ့သူတို့ရဲ့ ဝါဆောမဟာမိတ်တွေဟာ နေတိုးတပ်ဖွဲ့တွေကို တိုက်ခိုက်ဖို့ ဥရောပမှာ ၁၇၃ ဖွဲ့ စုစည်းနိုင်ခဲ့တယ်။ ဆိုဗီယက်တွေဟာ တင့်ကားတွေ၊ တင့်ကားဖျက်လက်နက်တွေ၊ စစ်ရေးမှာ အသုံးပြုတဲ့ပစ္စည်းတွေ အရေအတွက်သုံးဆပိုပိုင်ဆိုင်ခဲ့ကြပြီး သံချပ်ကာတပ်ဖွဲ့ဝင်တွေကိုလည်း နှစ်ဆတိုးမြှင့်နိုင်ခဲ့တာကို တွေ့ရပါတယ်။

ယနေ့ပြောနေတဲ့ နေတိုး- ရုရှားယှဉ်ပြိုင်မှုဟာ မူအမျိုးမျိုးကွဲပြားနေပါတယ်။ ၂၀၁၅ ခုနှစ်မှာ စစ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ဝါရှင်တန်က သုံးစွဲခဲ့တာဟာ မော်စကိုထက် ကာကွယ်ရေးအသုံးစရိတ် ဆယ်ဆပိုနေပါတယ်။ ရုရှားက တပ်ဖွဲ့အင်အားကို ခေတ်မီအဆင့်မြှင့်တင်နေပြီး ဝါရှင်တန်ကလည်း စစ်ရေးနည်းပညာတွေကို ကရင်မလင်ထက်သာအောင်လုပ်ဆောင်နေပါတယ်။ ဘောလ်တစ်လို ဒေသမျိုးမှာ ရုရှားအနေနဲ့ သူ့ရဲ့ကနဦးအောင်မြင်မှုကို ထိန်းထားနိုင်ပေမယ့် စစ်အေးကာလအတွင်း ရင်ဆိုင်ရတဲ့ အနောက်နိုင်ငံတွေကိုတော့ သူ့ရဲ့သတ္တိကို ပြသနိုင်မှာမဟုတ်ပါဘူး။

စစ်ပွဲကို ဦးတည်နေတဲ့ လက်ရှိတင်းမာမှုတွေကို ကာကွယ်ဖို့ဆိုရင် အမေရိကန်အနေနဲ့ အောက်ပါအချက်တွေကို လိုက်နာဖို့လိုပါတယ်။ ပထမအချက် ဝါရှင်တန်နဲ့မော်စကိုဟာ နှစ်ဖက်စလုံးက စစ်ရေးပြုမူဆောင်ရွက်မှုတွေအတွက် တိကျတဲ့မူကြမ်းတွေ ချမှတ်ထားဖို့လိုပါတယ်။ ဆီးရီးယားမှာ ဖြစ်နေတဲ့ ပဋိပက္ခတွေကို လျှော့ချဖို့ ဝါရှင်တန်နဲ့မော်စကို ပူးပေါင်းလုပ်ဆောင်ရမှာပါ။ ဒီနေရာမှာ နှစ်ဖက်စလုံးက အားထုတ်လုပ်ဆောင်ဖို့ လိုပါတယ်။

ဒုတိယအချက်အနေနဲ့ အမေရိကန်ဟာ ရုရှားနဲ့ တိုက်ရိုက်ဆက်နွှယ်မှုရှိတဲ့ ၎င်းရဲ့ ဥရောပမဟာမိတ်တွေအပေါ် ကိုယ့်ဘက်ပါအောင် မက်လုံးပေးဆွဲဆောင်မှုပြုလုပ်တာတွေကို ရှောင်ရှားရပါမယ်။ မဟာမိတ်တွေနဲ့ ရုရှားကို ခွဲမပစ်စေဘဲ အနောက်အုပ်စုတွေကို တစ်သံတည်းထွက်စေဖို့ အမေရိကန်က စွမ်းဆောင်ရမှာပါ။ နောက်ဆုံးအချက်အနေနဲ့ အမေရိကန်ဟာ ရုရှားနဲ့တတ်နိုင်သလောက်ပူးပေါင်းဆောင်ရွက်ဖြေရှင်းပြီး မတတ်သာတဲ့အခါမှသာ စစ်ပွဲကိုရွေးချယ်ဖို့ဖြစ်ပါတယ်။ ယူကရိန်းအရှေ့ပိုင်းမှာ ရုရှားက ကမကထပြုလုပ်တဲ့ စစ်ပွဲအဆုံးသတ်ဖို့ ရေးဆွဲချထားတဲ့ မင့်ခ်စ်သဘောတူညီချက်ကို အပြည့်အဝ မလိုက်နာနိုင်သေးသရွေ့ အနောက်အုပ်စုဟာ မော်စကိုအပေါ် အရေးယူပိတ်ဆို့မှုတွေကို ထိန်းသိမ်းထားရမှာပဲဖြစ်ပါတယ်။ ဒီသဘောတူညီချက်မှာ ကီယက်ဗ်နယ်စပ်ကို ရုရှားက ထိန်းချုပ်မှုဖြေလျှော့ပေးပြီး ယူကရိန်းမှာရှိတဲ့ တပ်ဖွဲ့တွေကို အပြီးသတ်ရုပ်သိမ်းဖို့ပါပါတယ်။ ယူကရိန်းအပေါ် ဆန့်ကျင်နေတဲ့စစ်ကို မော်စကိုက အဆုံးမသတ်နိုင်သေးခင်အထိ သာမန်ဆက်ဆံရေးဟာ ဖြစ်လာမှာမဟုတ်ပါဘူး။

တစ်ချိန်တည်းမှာပဲ အနောက်အုပ်စုဟာ ရုရှားနဲ့ ပူးပေါင်းပြီး အခွင့်အရေးတွေ ရလာနိုင်ပါတယ်။ အနောက်အကျိုးစီးပွားကို မြှင့်တင်နိုင်ပါတယ်။ နျူကလီးယားလက်နက် မပြန့်ပွားရေး၊ နျူကလီးယားအကြမ်းဖက်မှု မဖြစ်ပေါ်စေရေး၊ အာဖဂန်ကို တည်ငြိမ်အောင်ပြုလုပ်ရေး၊ သဘာဝပတ်ဝန်းကျင်အရေး ပူးပေါင်းဆောင်ရွက်နိုင်မှုအပြင် အိုင်အက်စ်အဖွဲ့နဲ့ အခြားကိစ္စရပ်တွေကိုစုံစမ်းထောက်လှမ်းတဲ့နေရာမှာလည်း မျှဝေလုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ခြုံပြီးပြောမယ်ဆိုရင် လက်ရှိဖြစ်ပေါ်နေတဲ့ တင်းမာမှုတွေဟာ စစ်အေးကာလ အမှတ်လက္ခဏာတွေမရှိဘူးလို့ ပြောလို့ရပါတယ်။

**ကိုးကား-ရိုက်တာ**



## ဘော်ဒါဆောင်၌ မီးလောင်ကျွမ်းမှုကြောင့် ကျောင်းသူ ၁၇ ဦး သေဆုံး

**ဗန်ကောက် မေ ၂၃**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်ရှိ ဘော်ဒါဆောင်၌ တနင်္ဂနွေနေ့ညက မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျောင်းသူ ၁၇ ဦး သေဆုံးခဲ့ပြီး အခြားကျောင်းသူငါးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ကျောင်းသူနှစ်ဦးမှာလည်း ပျောက်ဆုံးနေဆဲဖြစ်သည်ဟု တနင်္လာနေ့၌ ရဲများကပြောသည်ဟု ဒေသတွင်းသတင်းစာများတွင် ဖော်ပြထားသည်။

သေဆုံးသွားသူ ကျောင်းသူများမှာ အသက် ငါးနှစ်မှ ၁၂ နှစ်အရွယ် ကျောင်းသူများဖြစ်ကြသည်။ အဆိုပါ ဘော်ဒါဆောင်၌ ကျောင်းသူပေါင်း ၃၈ ဦး နေထိုင်ကြပြီး ၎င်းတို့သည် ချင်းရိုင်နှင့်ချင်းမိုင်မြို့များမှ ပညာသင်ယူရန် လာရောက်နေထိုင်ကြသူများဖြစ်သည်။

မီးတောက်ကြီးမားသောကြောင့် အရာရှိများသည် ကျောင်းသူအနည်းငယ်ကိုသာ ကယ်ဆယ်နိုင်ခဲ့ပြီး အချို့ကျောင်းသူများမှာအတွင်း၌ ပိတ်မိနေခဲ့သည်။

(ဆင်ဟွာ)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်း

**ဟိုပုံး မေ ၂၃**

ရှမ်းပြည်နယ် တောင်ပိုင်း ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့က ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများအပေါ် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုက အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းက ရှင်းလင်းဆွေးနွေးရာတွင် "၂၀၁၆ခုနှစ် ဧပြီ ၁ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများက ရွေးချယ်တင်မြှောက်ခဲ့သည့် အစိုးရသစ်အနေဖြင့် နိုင်ငံ့တာဝန်များကို စတင်ထမ်းဆောင်သည့် ရက် ၁၀၀ အတွင်း ပြည်သူလူထုက အသိအမှတ်ပြုသည့် တုံ့ပြန်မှုရရှိစေရေးအတွက် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍ အနေဖြင့် ရက် ၁၀၀ စီမံချက်ရေးဆွဲဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးစိုင်းဆိုင်ဝမ်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိ ရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၂၃**

ပို့ဆောင်ရေးနှင့် ဆယ်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဇွန်လအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | တနိုင်း၊ ဟိုပင် |
| ၃။ | ကယားပြည်နယ် | ဒီမောဆို၊ ဖရူဆို |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်၊ ကန့်ဘလူ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ကြို့ပင်ကောက် |
| ၆။ | မကွေးတိုင်းဒေသကြီး | ချောက်၊ ထီးလင်း၊ ဂန့်ဂေါ၊ ငဖဲ၊အောင်လံ၊ ဆင်ပေါင်ဝဲ |
| ၇။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး၊ သာစည်၊ တောင်သာ၊ ပျော်ဘွယ် |
| ၈။ | မွန်ပြည်နယ် | မုဒုံ၊ ပေါင် |
| ၉။ | ရခိုင်ပြည်နယ် | သံတွဲ၊ တောင်ကုတ် |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ဥက္ကံ၊ ဒလ |
| ၁၁။ | ရှမ်းပြည်နယ် | ပင်းတယ၊ မိုးနဲ၊ မိုင်းဖြတ် |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော်၊ ရေကြည်၊ လေးမျက်နှာ၊ အင်္ဂပူ၊ ဒေးဒရဲ |

# သက်မွေးဝမ်းကျောင်းထောက်ကူပြု သင်တန်းဖွင့်

**မုဒုံ မေ ၂၃**

မွန်ပြည်နယ် မုဒုံမြို့နယ် အခွန်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်သော မေလဒုတိယပတ်မှစ၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းတွင် အကျီတံဆိပ်ရိုက်နည်း၊ အဝတ်လျှော်ဆပ်ပြာရည်နှင့် ခေါင်းလျှော်ရည်များချက်လုပ်နည်း၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေးပညာများ၊ သံဂဟေဆက်နည်း၊ ငွေနှင်းမှိုစိုက်ပျိုးနည်း၊ မွေးမြူရေးနှင့်စိုက်ပျိုးရေး ပညာပေးသင်တန်းများ ပို့ချပေးခဲ့သည်။ ထိုကဲ့သို့ ကျေးရွာနေပြည်သူများအား အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး မိသားစုဝင်ငွေများ တိုးပွားစေမည်ဖြစ်သည်။

**ဝဝဝဝ**

# မိုးသည်းထန်မှုကြောင့် သစ်ပင်နှင့် နေအိမ်အချို့လဲပြို

**ဒလ မေ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မေ ၂၂ ရက် နံနက် ၈ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေတိုက်ခတ်မှုဖြစ်ပွားရာ သစ်ပင်နှင့် နေအိမ်များ လဲပြိုပျက်စီးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်း၍ လေတိုက်ခတ်မှုကြောင့် တံတားချောင်း ကျေးရွာ ကုက္ကိုပင်တစ်ပင် ပြိုလဲခဲ့ရာ နေအိမ်နှစ်လုံးပြိုကျပြီး အမိုးများလန်သွားကြောင်း သိရသည်။ အဆိုပါပျက်စီးမှုဖြစ်ပွားသည့်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ် သက်နိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လာရောက်ရှင်းလင်းပေးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး**

# မသင်္ကာမှုဖြင့်ဖမ်းဆီးထားသူများအား စစ်ဆေးရာမှ ဆိုင်ကယ် ၁၃ စီးခိုးမှုပေါ်

**နေပြည်တော် မေ ၂၃**



မန္တလေးတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များသည် မေ ၂၂ ရက် နံနက်ပိုင်းက မြစ်ငယ်နယ်မြေ ရဲစခန်းတွင် မသင်္ကာမှုဖြင့်ဖမ်းဆီးထားသည့် ပြင်ဦးလွင်မြို့နယ် ရေငယ်ရွာနေသူများဖြစ်သည့် အောင်လှိုင်ဦး(၁၉နှစ်)နှင့် သီဟထွန်း(ခ)အရှည်ကြီး(၁၈နှစ်)တို့အား သက်သေများနှင့်အတူ စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ်တို့အတွင်းမှ ဆိုင်ကယ်မျိုးစုံ ၁၃ စီးအား မင်းသူအောင်၊ ကိုခန့်(ခ)ခန့်ဇော်ဖြိုးတို့နှင့်အတူ လိုက်လံခိုးယူခဲ့ကြောင်းသိရှိရ၍ သက်သေခံဆိုင်ကယ်များကို လိုက်လံ သိမ်းဆည်းပြီး အောင်လှိုင်ဦးပါ လေးဦးအား သက်ဆိုင်ရာ ရဲစခန်းများ၌ ခိုးမှုမသင်္ကာမှုများဖြင့် အမှုဖွင့်အရေးယူထားကြောင်းနှင့် မင်းသူအောင်နှင့် ကိုခန့်(ခ)ခန့်ဇော်ဖြိုးတို့နှစ်ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် တောင်ပိုင်းခရိုင်တရားရုံးနှင့် သန်လျင်မြို့နယ်တရားရုံးစစ်ဆေး

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် မေ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးနှင့် သန်လျင်မြို့နယ် တရားရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီးချုပ်သည် တောင်ပိုင်းခရိုင်တရားရုံးနှင့် သန်လျင်မြို့နယ် တရားရုံးရှိ တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကြန့်ကြာမှုခင်းများ အမြန်ပြီးပြတ်ရေး၊ မှုခင်းလက်ကျန်များ လျော့နည်းကျဆင်းရေး၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင်လတ်**

# မေ ၂၃ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၆ ခုနှစ် မေ ၂၃ ရက် (တနင်္လာနေ့)ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၂၀၀၀ မှ ၄၃၀၀၀ |
| ၂။ | ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၀၀၀ မှ ၃၂၀၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၀၀၀ မှ ၂၅၀၀၀ |
| ၆။ | နွှေသီးထပ်(ရှယ်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၈၀၀ မှ ၁၉၀၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၁၆၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၀၀ မှ ၁၇၀၀ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ ၊ မြစ်သား၊ မင်းဘူး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၇၅၀ |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၄၀၀ မှ ၃၇၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၅၀၀ |
| ၁၂။ | ငရုတ်ရှည် | ကျောက်ရဲ၊ ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ ဇီယက်နမ်၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၇၀ မှ ၄၃၀၀ |
| ၁၃။ | ငရုတ်(မိုးထောင်) | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၀၀၀ |
| ၁၄။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၇၀၀ |
| ၁၅။ | သရက်သီး(စိန်တစ်လုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၆၀၀၀ |
| ၁၆။ | သရက်သီး(ရင်ကွဲ) | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၅၀၀၀ မှ ၄၀၀၀၀ |
| ၁၇။ | မင်းကွတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀ မှ ၁၅၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။ | | | | | |

# ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုလုပ်ရန် နှိုးဆော်ချက်

**"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း**
**ငါးရစ်တစ်ကောင် သုံးလရှောင် ထောင်သောင်းတိုးပွား ရေရှည်စား"**

* မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်ကြပါသည်။
* ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီး သွားစေနိုင်ပါသည်။
* စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေချိုငါးလုပ်ငန်းဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
* သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မိုးဆက်လက်ပိုနေမည်

**နေပြည်တော် မေ ၂၃**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။

**(မိုး/ဇလ)**

# အောက်ကြည့်မြင်တိုင်လမ်းမပေါ်၌ ယာဉ်လေးစီးဆင့်ကဲတိုက်

**ကြည့်မြင်တိုင် မေ ၂၃**

ကြည့်မြင်တိုင် မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမ ရွှေလိပ်ပြာ အိမ်ရာရှေ့၌ မေ ၂၂ ရက် ညသန်းခေါင်ယံအချိန်က ယာဉ်လေးစီး ဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုဖြစ်ပွားပုံမှာ ဗားကရာဘက်မှ အောက်ကြည့်မြင်တိုင်လမ်းအတိုင်း



ယာဉ်မောင်းမျိုးဇော်ဦး မောင်းနှင်လာသော YGN 5F/---- PORTER ယာဉ်သည် တိုင်းပညာရေးရုံးရှေ့အရောက်တွင် ယာဉ်တစ်စီးကို ကျော်တက်ရာမှ အရှိန် မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောအတွင်းသို့ ရောက်ရှိခဲ့ပြီး ရွှေလိပ်ပြာ အိမ်ရာရှေ့တွင် ညအိပ်တန်းစီရပ်ထားသော ယာဉ်များကို တိုက်မိခြင်းဖြစ်ကြောင်း ကိုယ်တိုင်မြင် တွေ့သူတစ်ဦးက ပြောသည်။

ရှေးဦးစွာ ပလက်ဖောင်းဘေးတွင် ရပ်ထားသော 5E/---- ကလူဂျာ (အနက်ရောင်) ၏ရှေ့နှင့် ဘယ်ဘက်တစ်ခြမ်းလုံးအား ဝင်တိုက်ပြီး ယင်းနောက်တွင် ရပ်ထားသော 6H/----အာရမတ် (ရွှေအိုရောင်)ယာဉ်၏ဘေးနှင့် နောက်တို့အား ဝင်တိုက်မိပြီး BB အမျိုးအစား 5E/---(အနက်ရောင်) ယာဉ်ရှေ့ပိုင်းတစ်ခုလုံးအား ဝင်တိုက်မိပြီးမှ ဘေးစောင်းလဲသွားခဲ့ခြင်းဖြစ် သည်။

ယာဉ်တိမ်းမှောက်စဉ် ယာဉ်မောင်းမှာ ကားဦးခေါင်းအတွင်း ပိတ်မိနေသဖြင့် အိမ်ရာအတွင်းမှ လူများထွက်လာပြီး ယာဉ်မောင်းကို ကယ်ဆယ်ပြီး ယာဉ်အား ပြန်လည် တည့်မတ်ပေးခဲ့သည်။

ယာဉ်တိုက်မှုကြောင့် PORTER ယာဉ်၏ရှေ့ပိုင်းတစ်ခုလုံးပျက်စီးခဲ့ပြီး ယာဉ်မောင်း မျိုးဇော်ဦး(၂၀ နှစ်)အား ကြည့်မြင်တိုင် မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**

# တစ်အိမ်တည်းနေသူအားသတ်ပြီး ထွက်ပြေးသူ နေ့ချင်းဖမ်းမိ

**ကြည့်မြင်တိုင် မေ ၂၃**

ကြည့်မြင်တိုင်မြို့နယ်အတွင်း မေ ၂၂ ရက် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်က တစ်အိမ်တည်းနေ မရီးဝမ်းကွဲတော်စပ်သူအား ဓားရိုးတပ်ထားသော လှံဖြင့်ထိုးပြီးထွက်ပြေးသွားသူကို ရဲတပ်ဖွဲ့ဝင်များက ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ၃ လမ်း အိမ်အမှတ် (၂၉/က) အောက်ထပ်နေ မျိုးဇော်ဦး(၃၀ နှစ်)သည် အပေါ်ထပ်နေ ဒေါ်သန်းသန်းဝင်း (သေဆုံးသူ၏ မိခင်)နှင့်စကားများနေ၍ သမီးဖြစ်သူမနွယ်နွယ်ဝင်း(၄၂ နှစ်)က အိမ်အပေါ်ထပ်မှ ဆင်းလာစဉ် မျိုးဇော်ဦးကအနီးရှိ အရှည်သုံးပေခန့် စတီးပိုက်တွင် တပ်ထားသော အသွားခြောက်လက်မခန့်ရှိ လှံဖြင့် ညာဘက်ညှပ်ရိုးအတွင်း ထိုးသွင်းခဲ့ခြင်းဖြစ် သည်။

ဒဏ်ရာရရှိသွားသော မနွယ်နွယ်ဝင်းအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားသည်။ ထို့နောက်ထွက်ပြေးသွားသော ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းမိရေးအတွက် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ် စိုးကျော်စွာ၊ ကြည့်မြင်တိုင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်ဖြိုးဝေမင်း၊ စက်ဆန်းရဲစခန်းမှ နယ်ထိန်း အရာရှိ ဒုရဲအုပ်မိုးကျော်နှင့် ရဲတပ်ဖွဲ့ဝင်များက ဖြစ်ပွားချိန်မှစ၍ တစ်လျှောက်လုံးလိုက်လံစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူအား ညနေ ၃ နာရီခွဲခန့်တွင် ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ စက်ဆန်းရပ်ကွက် မင်းမဟော်လမ်းပေါ်တွင် ဖမ်းဆီးမိခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ကြည့်မြင်တိုင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# နတ်တလင်း၌ ဆိုင်ကယ်နှင့် ကားမျက်နှာချင်းဆိုင်တိုက်မိ

**နတ်တလင်း မေ ၂၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် သနပ်ကွင်းရွာအနီး မေ ၂၃ ရက် ညနေ ၂ နာရီ ခွဲခန့်က ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကို မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်မျိုးသိန်းနှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်-ပြည်လမ်းမိုင်တိုင်အမှတ် (၁၃၄/၆)အနီး ရန်ကုန်ဘက်မှ မောင်းနှင်လာသော ယာဉ်မောင်းသန်းအေး (၆၂နှစ်) တိုက်ကြီးမြို့နယ် YGN-II/------ တောင်းအေ့စ်ယာဉ်တွင် ကောင်းမြတ်သူ(ခ) မိုးဒီ (၂၀ နှစ်)၊ ဒေါ်အေးဟန် (၆၂နှစ်)၊ ဒေါ်တင်နွယ် (၅၂နှစ်)တို့ စီးနင်းလိုက်ပါလာပြီး ပြည်ဘက်မှကျော်ဌေး (၅၈နှစ်) ကြို့ပင်ကောက်မြို့နယ် မောင်းနှင်သည့် ၃၅ယ/-------CLICK ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိပြီး ဆိုင်ကယ်မောင်းသူ ကျော်ဌေးမှာ သေဆုံး၍ ယာဉ်ပေါ်ပါကောင်းမြတ်သူ (ခ) မိုးဒီမှာ ဒဏ်ရာရရှိသဖြင့် နတ်တလင်းပြည်သူ့ဆေးရုံသို့ပို့ဆောင်ပြီး ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၀၆၂)



# စွပ်စွဲခံရသူ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးအတွက်အယူခံတောင်းခံချက်ကို တရားရုံးတော်မှ လက်ခံဆုံးဖြတ်

**ဗန်ကောက် မေ ၂၃**

ထိုင်းနိုင်ငံ တောင်ပိုင်း စူရတ်ဌာနီ ခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း) အမှုမှ အစွပ်စွဲခံရသော မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးတို့၏ အမှုတွဲအတွက် အယူခံတင်သွင်းရမည့်ရက်ကို ဧပြီ ၂၂ရက်အထိ ထပ်မံတိုးမြှင့်ခွင့်ရရှိခဲ့သော်လည်း အမှုတွဲအဆင်သင့်မဖြစ်သေးသည့်အတွက် ထိုင်းရှေ့နေများကောင်စီမှ ကော့စမွေခရိုင်တရားရုံးတော်သို့ ရွှေ့ဆိုင်းခွင့်တောင်းခံခဲ့ရာ ရုံးတော်မှ ထိုင်းရှေ့နေနှင့် မောင်ဝင်းဇော်ထွန်းနှင့် မောင်ဇော်လင်းတို့၏ မိဘများက အယူခံတောင်းခံချက်ကိုမေ ၂၃ ရက် ညနေပိုင်းတွင် လက်ခံဆုံးဖြတ်ခဲ့ကြောင်း ဗန်ကောက် မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီအဖွဲ့ မှ သိရသည်။ သေဒဏ်ချမှတ်ခဲ့သော အစွပ်စွဲခံရ မြန်မာရွှေ့ပြောင်းအလုပ်သမား မောင်ဝင်းဇော်ထွန်း၏ မိခင်ဖြစ်သူက "ကျွန်မရဲ့သားဟာ ဒီပြစ်မှုတွေကို မကျူးလွန်ကြောင်း ကျွန်မယုံကြည်တယ်၊ ထိုင်းနိုင်ငံက ဆုံးဖြတ်မယ့် တရားမျှတမှုတွေကို ရရှိမယ်လို့လည်း မျှော်လင့်ထားတယ်၊ ကျွန်မအနေနဲ့လည်း ဥပဒေဘောင်ထဲကနေ အဆုံးစွန်အထိ ကြိုးပမ်းရင်ဆိုင်သွားပါမယ်"ဟုပြောသည်။

အဆိုပါ အစွပ်စွဲခံရ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးဖြစ်သော ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့အားပြီးခဲ့သည့် နှစ် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကော့စမွေခရိုင် တရားရုံးတော်မှ လူသတ်မှု၊ မုဒိမ်းမှုတို့ အပါအဝင်ပုဒ်မ ခုနစ်ခုတို့ဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ရုံးတော်က ၎င်းတို့အတွက် တစ်လအတွင်း အယူခံတင်သွင်းနိုင်သည်ဟု သတ်မှတ်ခဲ့သော်လည်း အမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပြန်လည်စုဆောင်းရသည့်အတွက် အချိန်လုံလောက်မှု မရှိသောကြောင့် ဗန်ကောက် မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီအဖွဲ့က ရက်ထပ်မံတိုးမြှင့် တောင်းခံခဲ့ရာမှ တရားရုံးတော်က ဧပြီ ၂၂ ရက်အထိ ထပ်မံတိုးမြှင့် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး ယခုလ ၁၉ ရက်တွင် အမှုလိုက်ထိုင်းရှေ့နေများကောင်စီက ထပ်မံရွှေ့ဆိုင်းခွင့် တောင်းဆိုခဲ့ရာမှ မေ ၂၃ရက်အထိ အယူခံဝင်မည့်ရက်ကို ထပ်တိုး ရရှိခဲ့ခြင်းဖြစ်သည်။

လိပ်ကျွန်းအထူးစုံစမ်းရေးကော်မတီ (၃) မှ တာဝန်ခံဦးထူးချစ်က "၁၉၇ မျက်နှာပါတဲ့ အယူခံလွှာကို ဒီနေ့ မနက်က ကော့စမွေတရားရုံးတော်မှာ တင်လိုက်ပါတယ်။ ဒေသစံတော်ချိန် ညနေ ၃ နာရီလောက်မှာ တရားရုံးက အယူခံကိုလက်ခံကြောင်း အကြောင်းကြားလာပါတယ်။ အယူခံမှာတော့ မျိုးရိုးဗီဇ နဲ့ပတ်သက်ပြီး ပြည်တွင်း ပြည်ပအကူအညီနဲ့ စနစ်တကျ ပြင်ဆင်ထားတယ်လို့ ကျွန်တော်တို့ရှေ့နေတွေက ပြောပါတယ်၊ မြို့နယ် အယူခံပြီးရင် တရားရုံးက ဆုံးဖြတ်ချက်ပေါ်မှာ မူတည်ပြီး အဆင့်ဆင့် စနစ်တကျဆောင်ရွက်သွားမှာပါ" ဟု ရှင်းပြသည်။ အယူခံတင်သွင်းရာ၌ မြန်မာနိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးထားသည့် အထူးကိုယ်စားလှယ်အဖွဲ့၊ ထိုင်းရှေ့နေများကောင်စီ၊ ပြည်ပမှ မှုခင်းပညာရှင်များ၏ အကြံပြုချက်များဖြင့် ထင်ရှားသော အယူခံအကြောင်းပြချက် ၁၅ ချက်အပေါ်တွင် အခြေခံပြီး ရေးသား ပြုစုထားသည်သာဖြစ်ကြောင်း၊ ယခုလ ၁၉ ရက်က တင်သွင်းလွှာကို အချောသပ် ရေးသားပြုစုနိုင်ခဲ့သည်သာဖြစ်ကြောင်း၊ အယူခံတင်သွင်းလွှာမှာ စာမျက်နှာ ၂၀၀ နီးပါးလောက် ရှိကြောင်းနှင့် အယူခံတင်သွင်းလွှာ လက်ခံပြီးသည်နှင့် တစ်ပြိုင်တည်း ထိုင်းနိုင်ငံ ဥပဒေအရ အယူခံတရားရုံးဖွဲ့စည်းရမည်ဖြစ်ကြောင်း ဗန်ကောက်မြန်မာသံရုံး အထူးစုံစမ်းရေးကော်မတီအဖွဲ့မှ သိရသည်။

အယူခံတရားရုံး ဖွဲ့ပေးပြီးသည်နှင့် နှစ်ဖက်အယူခံ (တရားလို၊ တရားခံ) များကို တရားရုံးတော်က ဆင့်ခေါ်မည်ဖြစ်ကြောင်း၊ အယူခံတရားရုံးမှာ ဥပဒေနှင့်အညီ တရားမျှတမှုကို ဆောင်ကြဉ်းနိုင်စေရန် မျှော်လင့်ထားပါကြောင်းနှင့် တရားရုံးတော်မှ အယူခံလက်ခံပြီးသည့်နောက် ထိုင်းသတင်းဌာနများက လိပ်ကျွန်း(ခိုတောင်ကျွန်း) အမှုကို အကျယ်တဝင့် ဖော်ပြလာခဲ့ကြကြောင်း ဗန်ကောက် မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီအဖွဲ့ မှ စုံစမ်းသိရသည်။

**စိုးဝင်း (SP)**

# ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ၌ အမျိုးသမီးတစ်ဦး သေနတ်မှန်သေဆုံး

**ဖားကန့် မေ ၂၃**

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ကျေးရွာ ရပ်ကွက် (၁) ၌ နေထိုင်သည့် ရာအိမ်မှူးအမျိုးသမီးတစ်ဦး မေ ၂၂ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် လူနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်သဖြင့် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်ရှန်ကျေးရွာ ရပ်ကွက် (၁) (1A/18) တွင် နေထိုင်သည့် ဒေါ်နန္ဒာလှိုင် (၃၉ နှစ်) ရာအိမ်မှူးဖြစ်သူသည် သားဖြစ်သူ ဇူးဝေမျိုးနှင့်အတူ အိမ်အောက်ထပ်၌ရှိနေစဉ် ညနေ ၅ နာရီခွဲခန့်တွင် လူငယ်နှစ်ဦး အိမ်ထဲသို့ဝင်လာပြီး ဆိုင်ကယ်ပျောက်တိုင်ကြားလိုကြောင်း ပြောနေစဉ် အခြားလူငယ်တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားစဉ် အပေါ်ထပ်၌ အိပ်ပျော်နေသည့် ဦးမျိုးထွန်း (၄၀ နှစ်) က အိမ်အောက်ထပ်၌ သေနတ်သံကြားရပြီး သားဖြစ်သူ၏ အော်ဟစ်သံကြားရသဖြင့် အိမ်အောက်ဆင်းလာချိန်၌ လူနှစ်ဦးဆိုင်ကယ်ဖြင့် ထွက်ပြေးသွားသည်ကို တွေ့ရကာ ဇနီးဖြစ်သူ သေနတ်ဒဏ်ရာများဖြင့် လဲကျနေသောကြောင့် ဖားကန့်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားကြောင်း သိရသည်။

ဒဏ်ရာများကို စစ်ဆေးခဲ့ရာ ဒေါ်နန္ဒာလှိုင်တွင် သေနတ်ဒဏ်ရာခြောက်ချက်ရရှိခဲ့ကြောင်းသိရပြီး ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေး ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၀၆၄)


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/5610 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8056 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန**

## တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ (၁၂)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသူများသည် ၂၄-၅-၂၀၁၆ ရက်မှစ၍ ၂၄-၆-၂၀၁၆ ရက်အထိ ရိုက်နှိပ်မည့် ပုံစံအရေအတွက်နှင့် တင်ဒါစည်းကမ်းချက်များအား တစ်စောင်လျှင်ငွေ ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် ပုံစံနမူနာများကိုလည်း အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာန၊ ထောက်ပံ့နှင့်ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် ၄၈၊ နေပြည်တော်တွင် လာရောက်ကြည့်ရှုနိုင်ပြီး ၂၄-၆-၂၀၁၆ ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ထောက်ပံ့နှင့် ဖြည့်တည်းရေးဌာနခွဲ ဖုန်း-၀၆၇-၄၃၁၀၂၇နှင့် ၀၆၇-၄၃၁၀၄၂ တို့တွင် ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန**

## အမည်ပြောင်း

ဓနုဖြူမြို့၊ အထက၊ နဝမတန်းမှ မင်းတစုအုပ်စု၊ ဂျိုးအိုင်ကျေးရွာနေ ဦးစန်းလွင်၏သား မောင်ညီညီပိုင်ခန့်အား ယနေ့မှစ၍ မောင်ညီညီပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ညီညီပိုင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချမ်းဦး(ဘ)ဦးသောင်းတင် ၁၀/ရမန(နိုင်)၁၃၉၃၃၉ ၏ နိုင်ငံကူးလက်မှတ် MA-473111 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၇၃၂၃၃၃၇**

## အမည်ပြောင်း

ဦးဇော်ဇော်၏သမီး မအုပင်မြို့၊ အထက(၁)၊ စတုတ္ထတန်းမှ မရှုမငြိးအား ယနေ့မှစ၍ မရွှေရေးချယ်ဟု ပြောင်းလဲခေါ်ပါရန်။

**မရွှေရေးချယ်**

## အမည်ပြောင်း

ဦးစိုးလှိုင်-ဒေါ်စိုးသီတာတို့၏ သမီး ပုသိမ်မြို့၊ အမက(၉) ယိုးဒယားကုန်းကျောင်း တတိယတန်းမှ မချစ်သဲဦးအား ယနေ့မှစ၍ မချမ်းဆင့်နေခြည်ဟု ပြောင်းလဲခေါ်ပါရန်။ **မချမ်းဆင့်နေခြည်**

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ အထက(၂) အင်းစိန်၊ အဋ္ဌမတန်း(D)မှ နန်းသူဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ဒိ ၃/ဘအန(နိုင်)၃၆၅၀၃၅ ဖြစ်ပါကြောင်း။

## ခြံရောင်းမည်

သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ နီလာ (၃) လမ်း၊ ဂရန်မြေ (၄၀'x၈၀')၊ အုတ်တံတိုင်းခတ်ပြီး၊ ကျပ်သိန်း (၁၈၅၀) ညှိနှိုင်း။ ပိုင်ရှင်အမည်ပေါက်

မရမ်းကုန်းမြို့နယ်၊ (၇) မိုင်၊ အောင်မင်္ဂလာလမ်း၊ ဂရန်မြေ (၃၆'x၈၅')၊ အုတ် တံတိုင်းခတ်ပြီး။ ကျပ်သိန်း (၅၈၀၀) ညှိနှိုင်း။ ပိုင်ရှင်မည်ပေါက်။

သံလျင်မြို့နယ်၊ ဘုရားကုန်း (၄၀'x၆၀') ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ ကျပ်သိန်း (၃၈၀)၊ ညှိနှိုင်း

ဖုန်း-၀၉၄၄၂၄၅၅၂၄၊ ၀၉၇၉၄၄၀၇၀၄၄၊ ၀၉၇၈၃၈၂၀၈၈၃

## ဟိုတယ်လုပ်ငန်း ကို

- ဘယ်နေရာမှာ ဘယ်လိုရင်းနှီးမြှုပ်နှံမယ်
- ဘယ်ဈေးကွက်အတွက် ဘယ်လိုဆောက်မယ်
- ဘယ်လို အသုံးအဆောင်၊ ဝန်ထမ်းနဲ့ ဖွဲ့စည်းမယ်
- အမြတ်ရအောင် ဘယ်လို စီမံ ခန့်ခွဲမယ်

စတဲ့ ဆုံးဖြတ်ချက်တွေ ချဖို့ ကူညီနေပါတယ်

**HOST Hotel Consultant**

(လုပ်ငန်းအပ်/နာရီပိုင်း တိုင်ပင်ဆွေးနွေးနိုင်ပါသည်။)

4-B, Lamai Condo, 99, Myay Nu St., San Chaung Tsp., Yangon. Ph- 09- 51 99 071, 09- 79 964 9983



Southern အတွက် ဒုတိယဂိုးကို ရန်နိုင်ထွေး သွင်းယူလိုက်စဉ် (ဓာတ်ပုံ-ဖိုးသော်ဇင်)

# Southern အသင်း ပထမဆုံး နိုင်ပွဲရရှိ

**ရန်ကုန် မေ ၂၃**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၂) နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ Southern နှင့် ဇေယျာရွှေမြေအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် Southern အသင်းက ရခိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ Southern အသင်းမှာ ယခုရာသီတွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရာသီဝက်အပြောင်းအရွှေ့ကာလတွင် နိုင်ငံခြားသားကစားသမားများ ခေါ်ယူပြီးနောက်ပိုင်း ဒုတိယအကျော့အဖွင့်ပွဲစဉ်မှာပင် နိုင်ပွဲဖြင့်စတင်နိုင်ခဲ့ခြင်းဖြစ်သည်။ Southern အသင်းမှာ ယခုပွဲအနိုင်ရလဒ်ကြောင့် ဇယားအောက်ဆုံးမှ လွတ်မြောက်သွားခဲ့ပြီး အဆင့်(၁၁)နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။ ရခိုင်အသင်းသည် အမှတ်ကွာဟမှုနည်းပါးသည့် Southern အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် တန်းဆင်းအန္တရာယ်ရှိသွားခဲ့သည်။

Southern အသင်းသည် နိုင်ငံခြားသားကစားသမားများ အပါအဝင် လူစုံပါဝင်ခဲ့ပြီး ရခိုင်အသင်းမှာလည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲကစားခဲ့ရပြီး တန်းဆင်းဇုန်အတွင်းမှ Southern အသင်း၏ ရုန်းကန်မှုများကို တွေ့မြင်ခဲ့ရသည်။ မိနစ် ၃၀ တွင် မိုက်ကယ်၏ ခေါင်းတိုက်ဂိုးဖြင့် Southern အသင်း အဖွင့်ဂိုးစရခဲ့ပြီး ၃၉ မိနစ်တွင် ရန်နိုင်ထွေးက ရခိုင်ဂိုးသမား ချမ်းငြိမ်းကျော်၏ အမှားကို အခွင့်ကောင်းယူကာ ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်းချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း နှစ်သိမ့်ဂိုးပင် မရခဲ့ပေ။ Southern အသင်းအတွက် တတိယဂိုးကို ၅၈ မိနစ်တွင် ချီကာက သွင်းယူပေးခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသောပွဲတွင် ဇေယျာရွှေမြေအသင်းက Horizon အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် (နေပြည်တော်) ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံ၌ ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကြီးမှူး၍ ရောဝတီဘဏ်၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၆ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် (နေပြည်တော်)၏ စတုတ္ထနေ့ ၁၈ ကျင်းပွဲစဉ်များကို မေ ၂၂ ရက်က ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက အဓိကပံ့ပိုးကူညီသော ရောဝတီဘဏ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ရာ Max Myanmar Group of Companies ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်က လက်ခံရယူသည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးကျော်ကျော်မြင့်က ပြိုင်ပွဲကို လက်ခံကျင်းပပေးသော ရွှေ့ဂ်ရယ်မြန်မာဂေါက်ကွင်းအား အမှတ်တရလက်ဆောင်ပေးအပ်ရာ ရွှေ့ဂ်ရယ်မြန်မာဂေါက်ကွင်းမှ




အထွေထွေမန်နေဂျာ ဒေါ်ခင်ထွေးအေးက လက်ခံရယူသည်။ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ၌ ဒုတိယရရှိသော သင်းဝေခိုင်၊ ပထမရရှိသော ခင်မာနွယ်၊ ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ၌ ဒုတိယဆုရရှိသော မင်းနိုင်စိုး၊ ပထမဆုရရှိသော ဟိန်းစည်သူနှင့် ပရော်ဖက်ရှင်နယ်အဆင့်ပြိုင်ပွဲ၌ သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ ပထမရရှိခဲ့သည့် အောင်ဝင်းတို့ကို ရောဝတီဘဏ်မှ တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ဆက်လက်၍ Max Myanmar Group of Companies ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်က ပရော်ဖက်ရှင်နယ်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အောင်ဝင်း (Modern Hanthawaddy Golf Academy) အား ဆုကြေးငွေချက်လက်မှတ် ချီးမြှင့်ခဲ့သည်။

**ဖိုးသော်ဇင်**

# စပိန်ဘုရင့်ဖလား ဘာစီလိုနာ ရယူ

၂၀၁၅-၂၀၁၆ စပိန်ဘုရင့်ဖလားဗိုလ်လုပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက ဘာစီလိုနာနှင့် ဆီဗီလာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းနှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး စပိန်ဘုရင့်ဖလားကို ၂၈ ကြိမ်မြောက် ဆွတ်ခူးခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး အဓိကကစားသမားများ လူစုံပါဝင်ခဲ့ပြီး ပွဲချိန် ၃၆ မိနစ်တွင် ဘာစီလိုနာမှ အားထားရသော နောက်ခံကစားသမား မာရှေယာနို တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ ဘာစီလိုနာသည် တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ခဲ့သော်လည်း တိုက်စစ်အားမလျော့ခဲ့ပေ။ ပွဲချိန်ပြည့်အထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ မိနစ် ၉၀ တွင် ဆီဗီလာကွင်းလယ်ကစားသမား ဘာနီဂါတိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ အချိန်ပို မိနစ် ၃၀ ထပ်မံကစားခဲ့ရာ ပွဲချိန် ၉၇ မိနစ်တွင် နောက်တန်းကစားသမား ဂျော်ဒီအယ်လ်ဘာက ဘာစီလိုနာအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ အချိန်ပို မိနစ် ၃၀ ပြီးခါနီးတွင် တိုက်စစ်မှူး နေမာက ဘာစီလိုနာအတွက် ဒုတိယမြောက်ဂိုးသွင်းယူခဲ့သည်။ အချိန်ပိုပြီးခါနီးတွင် ဆီဗီလာအသင်းမှ နောက်တန်းကစားသမား ကာရီကို နှစ်ဝါတစ်နီဖြင့် ထပ်မံထုတ်ပယ်ခံရသည်။ ဘာစီလိုနာအသင်းသည် ယင်းပွဲ အနိုင်ရရှိသည့်အတွက် နှစ်နှစ်ဆက်တိုက် စပိန်ဘုရင့်ဖလား ရရှိခဲ့သည်။

နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သော စပိန်ဘုရင့်ဖလားကို ၁၉၀၃ ခုနှစ်တွင် စတင်ခဲ့ကာ ပထမဦးဆုံးနှစ်တွင် ဘီလ်ဘာအိုက မက်ဒရစ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဦးဆုံးဖလားရရှိထားသည်။ စပိန်ဘုရင့်ဖလားကို ဘာစီလိုနာက ၂၈ ကြိမ်ရရှိထားပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည်။ ဘီလ်ဘာအိုက ၂၃ ကြိမ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး ရီးရဲမက်ဒရစ်က ၁၉ ကြိမ်နှင့် အက်သလက်တီကိုက ၁၀ ကြိမ် ရရှိထားသည်။

**သီဟ**

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

နေပြည်တော်နေ ပါမောက္ခ ဒေါက်တာ ဦးဝင်းမြတ်အေး (ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)နှင့် ပါမောက္ခ ဒေါက်တာ မြသီတာ(ဥက္ကဋ္ဌ၊ သားဖွားမီးယပ်ပညာအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း)တို့၏ တစ်ဦးတည်းသောသား

**မောင်စိုးလင်းမြတ်(ခ)မောင်မြတ်စိုးဦး**

**BE(Computer Engineering) Hons;**
**M.Sc (Computer Science) (National University of Singapore)**
**Head of Product (Momolay), Tech, Myanmar Co.,Ltd.**

နှင့်

ရန်ကုန်မြို့နေ ဦးစိုင်းဆမ်နှင့် ဒေါ်နန်းနွမ်း (ရှမ်းမေတ္တာ လက်ဖက်ခြောက်ပွဲရုံ)တို့၏ တတိယသမီး

**မနန်းမို**

**BE(Computer Engineering) Hons; (National University of Singapore),**
**Marketing Manager, Bee Talk**

တို့၏ ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) NOVOTEL YANGON MAX HOTEL ၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲသို့မင်္ဂလာလက်ဖွဲ့ပေးပို့ပါသော နိုင်ငံတော်သမ္မတနှင့် ဇနီးအားလည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက၊ ဒုတိယသမ္မတ(၁)နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသူများနှင့် ကိုယ်တိုင်ကြွရောက်ကြပါသော နှစ်ဘက်ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားပေးပါသော မင်္ဂလာသဘင်နာယကကြီး မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးရဲမြနှင့်ဇနီး သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာကတ်သရင်းဘသိုက်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်အားလည်းကောင်း၊မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပါရမီဆေးရုံ၏ဥက္ကဋ္ဌ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးသိန်းအောင်နှင့်ဇနီး ပါရမီဆေးရုံ၏ဒါရိုက်တာ ဒေါ်အယ်လ်နာသိန်းအား လည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စိုးလင်းမြတ်(ခ)မောင်မြတ်စိုးဦး နှင့် မနန်းမို**

## ကျောင်းသားဟောင်းများအသင်း အကြိုညှိနှိုင်းအစည်းအဝေး

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ကျောင်းသားဟောင်းများအသင်း(University of Dental Medicine, Yangon Alumni) ဖွဲ့စည်းနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို အဆိုပါတက္ကသိုလ် ရွှေရတုခန်းမ၌ ၁၀-၆-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ သင်တန်းနှစ်အလိုက် စိတ်ပါဝင်စားသူ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျောင်းသားဟောင်းများအသင်းဖြစ်မြောက်ရေးကော်မတီ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

**ဆက်သွယ်ရန် ပုဂ္ဂိုလ်များ**

| | |
|---|---|
| ပါမောက္ခ ဒေါက်တာမြင့်မြင့်စန်း | ဖုန်း-၀၉-၅၁၂၀၄၅၂ |
| ဒေါက်တာရွှေလှိုင် | ဖုန်း-၀၉-၅၀၁၃၈၂၁ |
| ဒေါက်တာကျော်တင့် | ဖုန်း-၀၉-၅၁၉၀၅၂၄ |
| ဒေါက်တာဝင်းဇော်ဖုန်း | ဖုန်း-၀၉-၂၀၂၄၂၁၉၊ ၀၉-၂၅၄၀၁၉၈၁၉ |
| ဒေါက်တာအောင်မိုးလွင် | ဖုန်း-၀၉-၅၀၉၃၆၄၇ |

## မိဘ အမည်မှန်

အမှတ်(၇)၊ အထက၊ အင်းစိန်၊ သတ္တမတန်း(A)အောင်တွင် ပညာသင်ကြားနေသော မအေးနန္ဒာအောင်၏ မိဘအမည်မှန်မှာ ဦးသောင်းတင် ၁၂/လမန(နိုင်)၀၅၅၀၈၉ နှင့် ဒေါ်ခင်သူဝေ ၁၂/တမန(နိုင်)၁၂၉၄၄၂ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၉)ရပ်ကွက်၊ ဦးထွန်းမြင့်လမ်း၊ မြေကွက်အမှတ် (၄၇၃)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ ဦးမြင့်ဆွေ(၁၂/ကတတ(နိုင်) ၀၁၉၂၃၂ ) ကိုင်ဆောင်သူ အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်မြင့်ဇော် (၇/သဝတ(နိုင်)၀၀၈၆၅၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L, Dip.CA, WIPO | LL.B, D.B.L, D.I.L, D.M.L, WIPO |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) |

**Hein Htet San Law Firm**
ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

## အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် 1972 Batch B.A (Law), LL.B ကျောင်းသား ကျောင်းသူများ၏ ဆဌမအကြိမ် မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းအားလုံး မပျက်မကွက် ကြွရောက်ကြပါရန် ခင်မင်စွာဖိတ်ကြားအပ်ပါသည်။

(ဖိတ်စာသီးခြားပေးပို့မည်မဟုတ်ပါ။)

| | |
|---|---|
| **နေ့ရက်** | - ၂၈-၅-၂၀၁၆ ရက် (စနေနေ့) |
| **အချိန်** | - နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ |
| **နေရာ** | - တက္ကသိုလ်များဓမ္မာရုံ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ |

(ဆရာကန်တော့ပွဲ ကျင်းပပြီးသည့် ၂၈-၅-၂၀၁၆ ရက် မွန်းလွဲ ၁း၀၀ နာရီတွင် ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာအနီး မိုးယွန်းကြီးအင်းသို့ အပန်းဖြေခရီးစဉ်ထွက်ပါမည်။ ၂၉-၅-၂၀၁၆ ရက် ညဦးပိုင်း ရန်ကုန်ပြန်ရောက်ပါမည်။)

**ဆက်သွယ်ရန်**
**သန်းဝင်း ဖုန်း-၀၉-၄၃၀၄၈၆၀၂၊ ဌေးကျော် ဖုန်း-၀၉-၇၉၅၄၀၈၀၅၂**
**တင်မောင်ဝင်း ဖုန်း-၀၉-၅၁၇၁၁၃၈၊ ထူးထူးငွေ ဖုန်း-၅၁၂၁၅၂၂**
**အေးမင်း ဖုန်း-၀၉-၅၀၀၃၆၁၇၊ တက်ဝင်းမြိုင် ဖုန်း-၂၅၀၇၉၇၀၇၇**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၁-၅-၂၀၁၆ ရက် ကုမ္ပဏီများနှင့်ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများ၏ တောင်းဆိုချက်အရ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ရက်အား ၃၀-၅-၂၀၁၆ရက် ညနေ ၁၆း၃၀နာရီသို့ ပြောင်းရွှေ့သတ်မှတ်လိုက်သည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

SMILE ပိုက်မျိုးစုံ
ဝါယာရှော့ကြောင့်မီးမလောင်နိုင်တဲ့
SMILE လျှပ်စစ်မီးပိုက်
ရှိနေပါပြီ။
အမှတ်(11)လေးထောင့်ကန်လမ်းဆေ/ကရပ်ကွက်၊
သယ်န်းကျွန်းမြို့နယ်/ရန်ကုန်မြို့။ Ph:09-5135266,420005255။

## မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေး မြိတ်၌ဆောင်ရွက်


**မြိတ် မေ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရက် ၁၀၀ လုပ်ငန်းစဉ်များမှ မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ဆိပ်ငယ်ရပ်ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက အမှာစကားပြောကြားခဲ့ပြီး ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသော်က(အောက် မြန်မာပြည်) က တနင်္သာရီကမ်းရိုးတန်းဒေသအား နှစ်စဉ် မေ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ဆိုးရွားသောရာသီဥတု (Foul Weather )အဖြစ် သတ်မှတ်ထားသည့်အတွက် ယင်းကာလအတွင်း ပြေးဆွဲခုတ်မောင်းနေသော ရေယာဉ်များ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားစဉ်လည်းကောင်း၊ ရေပြင်တွင် ခုတ်မောင်းနေစဉ်၌ လည်းကောင်း၊ မိုးဒဏ်၊ လေဒဏ်၊ လှိုင်းဒဏ် စသည့် သဘာဝ ဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တာဝန်ရှိသူတို့က သဘာဝဘေး အန္တရာယ် ကာကွယ်ရေးအတွက် ရေယာဉ်တည်ဆောက်ရေးနှင့် စစ်ဆေးရေး၊ ပင်လယ်ပြင်သွားလာမှု အရေးကြီးကြောင်း၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ ရေယာဉ်မောင်းနှင်သူများ၊ ခရီးသည်များ လိုက်နာသတိပြုရမည့် အကြောင်းအရာများနှင့် ပင်လယ်ပြင် လုံခြုံမှု၊ မိမိရေယာဉ်ဝန်ထမ်းများနှင့် ခရီးသည်များ၏ အသက်ဘေးအန္တရာယ် လုံခြုံမှု၊ တင်ဆောင်ထားသောကုန်ပစ္စည်းများ၏ ဘေးအန္တရာယ်လုံခြုံမှုအတွက် အဓိကတာဝန်ရှိသူဖြစ်၍ မည်သည့်အချိန်ကာလတွင်မဆို သတိရှိပြီး အန္တရာယ်ကို ကြိုတင်တွက်ဆ၍ ကြိုးစားရှောင်ရှားကြရန်နှင့် ပင်လယ်ပြင်တွင်ဖြစ်စေ ဆိပ်ကမ်းရေပြင်တွင်ဖြစ်စေ မိမိအနီးအနားရှိ လှေသင်္ဘောများ ဘေးအန္တရာယ်ကျရောက်ခြင်းတွေ့ရှိပါက ကူညီဆောင်ရွက်ပေးသွားရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**




**ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ်ရှိ လွယ်တောက်ကျေးရွာအပါအဝင် ကျေးရွာကိုးရွာ မီးရရှိရေးအတွက် ဒီဇယ်အင်ဂျင်စက်ဖြင့် လျှပ်စစ်ဓာတ်အားပေးဝေရေးကို မေလပထမပတ်မှစ၍ ဆောင်ရွက်လျက်ရှိစဉ်။ (အဆိုပါအစီအစဉ်မှာ JICA ODA ချေးငွေဖြင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်းအဆင့်(၁) ဆောင်ရွက်ချက်များဖြစ်သည်။)** ဟန်ဌေး(လားရှိုး)

## တောင်သူများအသိပညာပေးဆွေးနွေးပွဲကျင်းပ

**လှိုင်းဘွဲ့ မေ ၂၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ကစိုကျေးရွာအုပ်စုနှင့် နောင်ခလုံးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တောင်သူများအား အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် မိုးစပါးအပါအဝင် မိုးသီးနှံပင်များ၊ နှစ်ရှည်သီးနှံပင်များ၊ စိုက်ပျိုးထုတ်လုပ်မှု အနှောင့်အယှက် အဟန့်အတား မဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေး၊ ရက် ၁၀၀ အတွင်း မိုးစပါးတစ်ဧက အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ရေး နည်းပညာဆွေးနွေးပွဲကို မေလဒုတိယပတ်က ပြုလုပ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးမှုအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲလာရေး၊ မြေဆီလွှာပြုပြင်မှုကို အချိန် ရာသီနှင့်အညီ ဆောင်ရွက်ရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများကို အချိုးကျရောစပ်သုံးစွဲရေး၊ စိုက်ပျိုးမှုလုပ်ငန်းစဉ်အဆင့်တိုင်းတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို အလေးအနက်ထား ဆောင်ရွက်လာစေရန် ပြည်နယ်ဒုတိယဦးစီးမှူး ဦးဇော်လင်း၊ မြို့နယ် ဦးစီးမှူး ဦးဇင်ဇခုပ်နှင့် စိုက်ပျိုးရေး နည်းပညာပေးအဖွဲ့များမှ အကြံပြုဆွေးနွေးပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန် /ဆက်)**

## ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် ရဲတပ်ဖွဲ့မှ ရေနုတ်မြောင်းများ ဆယ်ယူလုပ်အားပေး

**ရေဦး မေ ၂၃**

ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ပြည်သူ့အတွက် ရက် ၁၀၀စီမံချက်တစ်ခုအဖြစ် ရေဦးမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူးဒုရဲမှူး အောင်မြဦး၊ မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးကျော်ကျော်ညွှန့်တို့ဦးဆောင်ကာ ရဲတပ်ဖွဲ့ဝင်များသည် မေ ၂၁ ရက် နံနက် ၈ နာရီက ဗိုလ်အောင်ဇေယျရပ်ကွက် အ.ထ.က(၂) နှင့်ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများဆယ်ယူခြင်း၊ ချုံနွယ်သစ်ပင်များရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေနုတ်မြောင်းများဆယ်ယူလုပ်အားပေးရာသို့ ကျောင်းအကျိုးတော်ဆောင်များ၊ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အပတ်စဉ်စနေနေ့တိုင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**



## ရက် ၁၀၀ စီမံချက် သီပေါ၌ ကျေးလက်ဒေသတံတားဆောက်

**သီပေါ မေ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကုန်းသာ-မိုင်းလင်း ကျေးလက်ဒေသလမ်းပေါ်ရှိကွန်ကရစ်တံတား ၁၄ ကုန်ကျငွေ ကျပ်သန်း ၈ ဒသမ ၄၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်း ကျော်ပြီးစီးပြီဖြစ်သည်။ တံတားကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်အဖွဲ့ မေ ၂၀ ရက်က တံတားဆောက်လုပ် ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်တံတားဆောက်လုပ်ပေးခြင်းကြောင့် ဒေသခံပြည်သူများနွေ၊ မိုး၊ ဆောင်း အချိန်မရွေး အဆင်ပြေချောမွေ့စွာဖြတ်သန်းသွားလာနိုင်ပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စများဆောင်ရွက်ရာ၌ ယခင်ကထက်များစွာ အကျိုးပြုမည့်အပြင် တောင်သူလယ်သမားများအနေဖြင့် လည်း ခြံထွက်သီးနှံ၊ စပါး၊ ပဲ၊ ဂျုံ၊ ပြောင်း၊ လိမ္မော်၊ ရှောက်ချိုသီးများ မြို့ပြနှင့် တစ်ဖက်နိုင်ငံသို့လွယ်လင့်တကူ ရောင်းဝယ်ဖောက်ကားနိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## သရက်ခရိုင်၌ ရက် ၁၀၀ စီမံချက် လမ်း၊ တံတားများပြုပြင်

**သရက် မေ ၂၃**

သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ခရိုင်အတွင်းရှိ (သရက်၊ ကံမ၊ မင်းတုန်း၊ မင်းလှ၊ ဆင်ပေါင်ဝဲ)မြို့နယ်များတွင် လမ်းတံတားနှင့်ရေပေးဝေရေးလုပ်ငန်းများကို ရက် ၁၀၀ စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ကွန်ကရစ်တံတားနှစ်စင်း၊ ကွန်ကရစ်ရေကျော်နှစ်ခု နှင့် သောက်သုံးရေရရှိရေးအတွက် မြေသားရေကန်သုံးကန်နှင့်စက်ရေတွင်း ပြုပြင်ခြင်းနှစ်ခု တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများကို ဇွန်လတတိယပတ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ကံမမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ပါ လမ်းတံတားလုပ်ငန်းများမှ ရွှေတော-ကရင်စုကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပေ ၂၀ အရှည် ကွန်ကရစ်တံတားတည်ဆောက်မည့်နေရာ ရွေးချယ်ခြင်းနှင့် လုပ်ငန်းအမြန်ဆုံးစတင်နိုင်ရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများ အမြန်ဆုံးရရှိနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ပစ္စည်းဝယ်ယူရေးအဖွဲ့နှင့်တွေ့ဆုံညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

## ရွှေကူမြို့နယ် ရက် ၁၀၀ စီမံကိန်း ကျေးရွာချင်းဆက်တံတား ဆောက်လုပ်

**ရွှေကူ မေ ၂၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရွှေကူမြို့နယ်အတွက် ငွေလုံးငွေရင်း(မွမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၅၈၅ သန်းဖြင့် ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းများဖြစ်သော ကျေးလက်လမ်းလေးလမ်း၊ ကျေးလက်တံတားသုံးစင်းနှင့် ရေပေးရေးလုပ်ငန်းတစ်ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများအနက် ကျောက်ကြီးဘုတာ- အမတ်ကြီးကုန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ (၄၀×၃၄×၁၀)တံတားပြုပြင်ခြင်းလုပ်ငန်းခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၀၀ သန်းဖြင့် မြို့နယ်ဦးစီးမှူးဦးသိန်းလင်းနှင့်ရုံးအဖွဲ့သည် မေ ၂၀ ရက်နံနက် ၉ နာရီတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးကို ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# ရက် ၁၀၀ အတွင်း ယန္တရားကြီးများ ပိုမိုတင်သွင်းခွင့်နှင့် ကုန်သွယ်မှုဖြေလျှော့ရန် ဦးစားပေးဆောင်ရွက်မည်

[စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရက် ၁၀၀ စီမံချက်]

**တွေ့ဆုံမေးမြန်း-ဆုနှင်းလှဲ့**

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သည့် အစိုးရအဖွဲ့သည် သက်ဆိုင်ရာ ဌာနအသီးသီးအလိုက် ကဏ္ဍအလိုက် အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း ထိရောက်သော ပြုပြင်ပြောင်းလဲမှုများ၊ ဝန်ဆောင်မှုများ လုပ်ဆောင်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည်လည်း ဦးစားပေးစီမံဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်ဟု သိရသည်။



မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ရှိ ကုန်သွယ်ရေးဇုန်မြင်ကွင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-သန့်ဇင် မူဆယ်)

**လုပ်ငန်းသုံး ယာဉ်ယန္တရားကြီးများ ပိုမိုတင်သွင်းခွင့်ပြုမည်**

"အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှုများအနေနဲ့ နယ်စပ်စခန်းတွေမှာ သွင်းကုန်လိုင်စင်ရရှိပြီး တင်သွင်းဖို့ ကျန်ရှိနေတဲ့ ယာဉ်ယန္တရားတွေကို သွင်းကုန်လိုင်စင်တိုးမြှင့်ပေးပြီး တင်သွင်းခွင့်ပြုပေးသွားမှာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ပြောသည်။

လုပ်ငန်းသုံးယာဉ်ယန္တရားများ တင်သွင်းခွင့်ပြုပေးခဲ့ရာတွင် ကုမ္ပဏီတစ်ခုလျှင် တစ်နှစ်အတွင်း ၁၀ စီးသာ ခွင့်ပြုပေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်အရ ယာဉ်ယန္တရားများ လိုအပ်ချက်ရှိသော ကုမ္ပဏီများအနေဖြင့် အခြားသော ကုမ္ပဏီများမှတစ်ဆင့် ပြန်လည်ဝယ်ယူနေရသည့်အတွက် ကုန်ကျစရိတ်များ ပိုမိုကြုံတွေ့နေကာ အခက်အခဲများ ဖြစ်ပေါ်နေမှုအပေါ် လိုအပ်ချက် တကယ်ရှိသော ကုမ္ပဏီများအနေဖြင့် လိုင်စင်တစ်စောင်လျှင် ယာဉ်ယန္တရား ၁၀ စီးနှုန်း တင်သွင်းခွင့်ပြုမည်ဖြစ်သည့်အပြင် လိုင်စင်ထပ်မံလျှောက်ထားမှုများကိုလည်း ဖြေလျှော့ကာ ခွင့်ပြုပေးသွားမည်ဟု သိရသည်။

ကချင်ပြည်နယ်၊ ကန်ပိုက်တီးနယ်စပ်ဒေသ၌ တစ်ဖက်နိုင်ငံမှ ယာဉ်နှင့် ယန္တရားများ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် တင်သွင်းဝင်ရောက်နေကြောင်း စိစစ်တွေ့ရှိရမှုအပေါ် စစ်ဆေးဖော်ထုတ်နေစဉ်အတွင်း ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းအပြင် အခြားသော နယ်စပ်ကုန်သွယ်ရေးစခန်းအားလုံးတွင် လုပ်ငန်းသုံး ယာဉ်ယန္တရားများ တင်သွင်းခြင်းနှင့် ယာဉ်ယန္တရားသွင်းကုန် လိုင်စင်ထုတ်ပေးခြင်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှစ၍ ရပ်ဆိုင်းထားခဲ့သည်။

ယင်းသို့ ရပ်ဆိုင်းခဲ့မှုကြောင့် နယ်စပ်ကုန်သွယ်ရေးစခန်း အသီးသီးတွင် သွင်းကုန်လိုင်စင်ရရှိပြီး တင်သွင်းရန်ကျန်ရှိနေသော ယာဉ်၊ ယန္တရားများမှာ ကုန်တင်ယာဉ် ၉၂၀၄ စီး၊ လယ်ယာသုံးယာဉ် ၃၄၁၁ စီး၊ ခရီးသည်တင်ယာဉ် ၉၂၇ စီးနှင့် ရေယာဉ်၊ မီးသတ်ယာဉ်များ ပါဝင်နေပြီး အချို့ယာဉ်ယန္တရားများမှာ သတ်မှတ်အခွန်ပေးဆောင်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် တစ်ဖက်နိုင်ငံနယ်စပ်တွင် ရောက်ရှိနေသော ယာဉ်များပါဝင်နေသလို တစ်ဖက်နိုင်ငံကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုပြီး ယာဉ်များလည်း ပါဝင်နေသည်။

တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့သို့ ရောက်ရှိနေသော ယာဉ်များမှာ တရုတ်နိုင်ငံ၏ လုပ်ထုံးလုပ်နည်းများအရ ပို့ကုန်အဖြစ် သတ်မှတ်ထားပြီးဖြစ်သည့်အတွက် ရွှေလီမြို့သို့ ပြန်လည်သယ်ဆောင်ခွင့်မရှိသည့်အပြင် ရွှေလီမြို့ကို ရောက်ရှိနေသော ယာဉ်များမှာလည်း ကုန်းတွင်းပိုင်းမှ ပင်လယ်ဆိပ်ကမ်းအထိ ကီလိုမီတာ ၃၀၀၀ ခန့်ကွာဝေးသည့်အတွက် ကုန်သည်လုပ်ငန်းရှင်များ ကုန်ကျစရိတ်ပိုမိုကုန်ကျနိုင်သည့်အပြင် အချိန်ကြန့်ကြာမှု အခက်အခဲများကြုံတွေ့နေရသည့်အတွက်ကြောင့် ဖြေရှင်းဆောင်ရွက်ပေးရခြင်းဖြစ်သည်။

သွင်းကုန်လိုင်စင်ရရှိပြီး နယ်စပ်တွင်တင်သွင်းရန် ကျန်ရှိနေသည့် ယာဉ်ယန္တရားများ လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုကာ တင်သွင်းခွင့်ပြုရန် ခွင့်ပြုချက်ရရှိပြီးဖြစ်သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သွင်းကုန်လိုင်စင် သက်တမ်းတိုးမြှင့်ခွင့်ပြုပေးခြင်းကို နေပြည်တော်ရုံးချုပ်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် မူဆယ်ကုန်သွယ်ရေးဇုန်တို့တွင် ဆောင်ရွက်ပေးလျက်ရှိပြီး လိုင်စင်ပါအချက်အလက်များ ကွဲလွဲမှုမရှိစေရန်နှင့် မှန်မှန်ကန်ကန် စနစ်တကျတင်သွင်းရန်အတွက် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းစစ်ဆေးဆောင်ရွက်ကာ မြဝတီကုန်သွယ်ရေးဇုန်၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နှင့် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းခွင့်ပြုသွားမည်**

သွင်းကုန်လိုင်စင် သက်တမ်းတိုးမြှင့်ခွင့်ပြုပေးခြင်းကို နေပြည်တော်ရုံးချုပ်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် မူဆယ်ကုန်သွယ်ရေးဇုန်တို့တွင် ဆောင်ရွက်ပေးလျက်ရှိပြီး လိုင်စင်ပါအချက်အလက်များ ကွဲလွဲမှုမရှိစေရန်နှင့် မှန်မှန်ကန်ကန် စနစ်တကျ တင်သွင်းရန်အတွက် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း စစ်ဆေးဆောင်ရွက်ကာ မြဝတီကုန်သွယ်ရေးဇုန်၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နှင့် တာချီလိတ်နယ်စပ် ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းခွင့်ပြုသွားမည်ဟုသိရပြီး ရက် ၁၀၀ အတွင်း စီမံဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

**နယ်စပ်ကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ရေး အလေးပေးဆောင်ရွက်**

နယ်စပ်ဒေသရှိ ဒေသခံကုန်သည်ငယ်များအတွက် တစ်နိုင်တစ်ပိုင် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် Individual Trading Card (ITC) ဖြင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေမှုကိုလည်း တိုးမြှင့်ကာ ခွင့်ပြုပေးသွားမည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

"နယ်စပ်ဒေသက ဒေသခံကုန်သည်ငယ်တွေအတွက် တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင်ကတ်နဲ့ ခွင့်ပြုဆောင်ရွက်ပေးထားတဲ့ တစ်ရက်ကို ကျပ်သိန်း ၂၀နှုန်းနဲ့ ၅ ရက်ကို သိန်း ၁၀၀ နှုန်း ကုန်သွယ်မှုပြုထားရာကနေ အခုစီမံချက်မှာ တစ်ရက်ကို ကျပ်သိန်း ၃၀ နဲ့ ၅ ရက်စာကျပ်သိန်း ၁၅၀အထိ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အတွက် ကိုယ်ပိုင်ကုမ္ပဏီမထူထောင်နိုင်သေးတဲ့ နယ်စပ်ဒေသမှာရှိတဲ့ ဒေသခံကုန်သည်ငယ်တွေအနေနဲ့ လုပ်ငန်းကို ပိုမိုတိုးချဲ့နိုင်ပြီး အတွေ့အကြုံနဲ့ အခွင့်အလမ်းတွေ ပိုမိုရရှိလာမှာဖြစ်သလို နိုင်ငံတော်အတွက်လည်း အခွန်အခပိုမိုရရှိလာမှာဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏလည်း တိုးတက်လာမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ရှင်းပြသည်။

ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှု ရန်ကုန်တွင်လည်း ပြင်ဆင်ဖြေလျှော့ ဆောင်ရွက်ပေးမည်ဟု ဆိုသည်။

အလားတူ ပို့ကုန်သွင်းကုန်ကဏ္ဍတွင် လိုင်စင်လျှောက်ထားမှုကို နေပြည်တော်ရုံးချုပ်နည်းတူ ရန်ကုန်တွင်လည်း ပြင်ဆင်ဖြေလျှော့ကာ ဆောင်ရွက်ပေးသွားမည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ယခင်က ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးတွင် အချို့ကုန်ပစ္စည်းအမယ်များအား လျှောက်ထားခွင့်မပြုဘဲ နေပြည်တော်ရုံးချုပ်၌သာ လာရောက်လျှောက်ထားရသည်။

**ပြည်ပတင်ပို့ရန် ကန့်သတ်ကုန်များ ဖြေလျှော့တင်ပို့ခွင့်ပြုသွားမည်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်ပသို့တင်ပို့ရန် ကန့်သတ်ထားသော ပို့ကုန် ၁၂ မျိုးအနက်မှ အချို့အမယ်များအား ဖြေလျှော့တင်ပို့ခွင့်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဟု သိရသည်။

ကုန်ပစ္စည်း ၁၂ မျိုးကို ပြည်ပသို့ တင်ပို့ခွင့်မပြုသည့် ကုန်ပစ္စည်းများအဖြစ် ကန့်သတ်ထားရာတွင် ပန်းနှမ်းဆီ၊ မုန်ညင်း၊ မုန်ညင်းဆီ၊ နေကြာ၊ နေကြာဆီ၊ ဆီကြိတ်ဖတ်အားလုံး၊ ရွှေ၊ စိန်၊ ရေနံ၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များ၊ ပုစွန်ဖွဲ၊ ဆင်စွယ်၊ လက်နက်ခဲယမ်းမီးကျောက်၊ ရှေးဟောင်းပစ္စည်းများ စသည်တို့ဖြစ်ပြီး အဆိုပါ ၁၂ မျိုးအနက်မှ ပန်းနှမ်းဆီ၊ မုန်ညင်း (မုန်ညင်းဆီ)၊ နေကြာ(နေကြာဆီ)သုံးမျိုးတို့အား ပြည်ပသို့တင်ပို့ခွင့်ပြုရန် ဦးစွာဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

**Negative List ဖြင့် ထုတ်ပြန်ထားသော သွင်းကုန် H.S Code Line - ၄၄၀၅ လိုင်းအနက် အချို့ကို ထပ်မံဖြေလျှော့**

နိုင်ငံတကာတွင် သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သောပစ္စည်းများကိုသာ Negative List အဖြစ် သတ်မှတ်ပြီး ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း ၂၀၁၅ ခုနှစ် ဇူလိုင်လကတည်းက စတင်ကျင့်သုံးနေသည်ဟုသိရပြီး Negative List တွင် မပါဝင်သော ကုန်ပစ္စည်းများကို တင်သွင်းမည်ဆိုပါက လိုင်စင်လျှောက်ထားရန်မလိုအပ်ဘဲ အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေညာလွှာ ဖွင့်လှစ်ပြီး တင်သွင်းဆောင်ရွက်ရမည် ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်ပမှတင်သွင်းလာသည့် ကုန်ပစ္စည်း H.S code Line တစ်သောင်းကျော်ရှိရာတွင် လိုင်စင်လျှောက်ထားရယူရန် လိုအပ်သည့် ကုန်ပစ္စည်းလိုင်းပေါင်း ၄၄၀၅ လိုင်းအား Negative List အဖြစ် ထုတ်ပြန်ဆောင်ရွက်ထားပြီဖြစ်သည်ဟု သိရသည်။

Negative List အဖြစ် ထုတ်ပြန်ထားသည့် H.S code Line ၄၄၀၅ လိုင်းအနက်မှ အချို့လိုင်းများ (အထူးသဖြင့် ထောက်ခံချက်ရယူရန်မလိုအပ်သည့်)ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးပြီး ထပ်မံဖြေလျှော့ ထုတ်ပြန်ကြေညာပေးသွားမည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

**ကုန်သွယ်မှု အချက်အလက်ဘဏ္ဍာတိုက် တရားဝင်လွှင့်တင်ရန် စီမံဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံ ကုန်စည်ကုန်သွယ်ရေးသဘောတူညီချက် ART ၏ Article ; ၁၃ အရ Asean Trade Repository ကို ထူထောင်ရမည်ဖြစ်ပြီး National Trade Repository (NTR) များထူထောင်၍ ART သို့ ချိတ်ဆက်ရမည်ဖြစ်သည်။

ကုန်သွယ်မှုအချက်အလက်များ ပွင့်လင်းမြင်သာမှု ရှိစေရေး၊ ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရေးနှင့် ပိုမိုကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်တစ်ခု တည်ဆောက်နိုင်ရေးအတွက် NTR ကို စတင်အကောင်အထည်ဖော်ဆောင်ခဲ့ပြီး ART သို့ ချိတ်ဆက်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။

အဆိုပါ National Trade Repository သည် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တင်သွင်းတင်ပို့လိုသည့် ကုန်ပစ္စည်းတစ်မယ်ချင်းအလိုက် ကုန်သွယ်မှုနှင့် ပတ်သက်သည့် သိရှိလိုသည်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ကြည့်ရှုနိုင်မည်ဟု သိရသည်။ (ဥပမာအားဖြင့် ကုန်ပစ္စည်းတင်သွင်းတင်ပို့ရာတွင် သိရှိလိုသည့် Traffic Nomenclature၊ MFN Rate၊ Form ပုံစံများ၊ Legal Document များ၊ Measure and procedure များ၊ လိုအပ်သည့်ထောက်ခံချက်များ၊ လိုင်စင်လိုအပ်မှု ရှိ၊ မရှိ) စသည်တို့ကို သိရှိနိုင်မည်ဖြစ်သည်။

Myanmar National Trade Repository အား အာဆီယံနိုင်ငံများ စုစည်းချိတ်ဆက်ထားသည့် Asean Trade Repository သို့လည်း တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အာဆီယံနိုင်ငံများသို့ ကုန်စည်တင်ပို့ခြင်း၊ တင်သွင်းခြင်းများပြုလုပ်ရာတွင် သက်ဆိုင်ရာနိုင်ငံမှ ချမှတ်ထားသည့် ကုန်ပစ္စည်းများနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များကို အင်္ဂလိပ်ဘာသာဖြင့်လည်း ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။



ပြည်ပတင်ပို့မည့် သရက်သီးများ ထုပ်ပိုးမှုဆောင်ရွက်နေစဉ် (ဓာတ်ပုံ-သန့်ဇင် မူဆယ်)

**ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားမှု အွန်လိုင်းအပြည့်အဝသုံးစွဲနိုင်ရေးစနစ် ဆောင်ရွက်သွားမည်**

အလားတူ ရက် ၁၀၀ စီမံချက်များအတွင်းတွင် ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားမှုအပေါ် အွန်လိုင်း အပြည့်အဝသုံးစွဲနိုင်တဲ့စနစ် Fulling OnLine Licence System အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းသို့ ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားရာတွင် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့်နည်းတူ အင်တာနက်ရရှိသည့် မည်သည့်နေရာတွင်မဆို လိုင်စင်လျှောက်ထားရယူခြင်းများကို ရုံးသို့လာရောက်ရန် မလိုအပ်ဘဲ Fulling OnLine Licence System အသုံးပြုဆောင်ရွက်နိုင်ရေးကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ငွေပေးချေခြင်း၊ ထောက်ခံချက်စစ်ဆေးခြင်းများနှင့် အချက်အလက်လုံခြုံမှုစနစ်များကို ထည့်သွင်းဆောင်ရွက်ထားသည်ဟု သိရသည်။ Fulling OnLine Licence System စနစ်ဖြင့် ထောက်ခံချက်ရယူရန် မလိုအပ်သည့် ကုန်ပစ္စည်းအုပ်စုများနှင့် CMP အထည်ချုပ်လုပ်ငန်းများအတွက် လျှောက်ထားမှုများကို ဦးစွာအနေဖြင့် ရက် ၁၀၀ အတွင်း စတင်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပြီး အဆင့်အလိုက် ကုန်ပစ္စည်းအမယ်များကိုလည်း ရက် ၁၀၀ နောက်ပိုင်းတွင် ဆက်လက်တိုးချဲ့၍ လျှောက်ထားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။



ပြည်တွင်း၌ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း အဆင်ပြေစေရန် ပြည်ပမှ တင်သွင်းလာသည့် ခရီးသည်တင်ယာဉ်များ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ် တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်း ဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ် လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှစတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူ စုစည်းဖော်ပြအပ်ပါသည်။

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀



## လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုးညှင်း မေ ၂၃**

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အတွင်းရှိ မော်ဟန်၊ ညောင်ကိုင်း၊ သာယာကုန်း၊ ဆယ်မိုင်၊ မော်ဟဲစသည့်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရက် ၁၀၀ စီမံကိန်းလုပ်ငန်းများဖြစ်သော ၁၁ ကေဗွီလိုင်း ၂၀ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၄ ဒသမ ၃ မိုင်နှင့် ၁၁ / ၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ (၅) ရုံတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းနိုင်ဦး၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းဗိုလ်၊ မိုးညှင်းခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထိုက်ဦးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှကျော်တို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ယင်းလျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းများကို မေလကုန်တွင် အပြီးဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းများပြီးစီးပါက ကျေးရွာငါးရွာရှိ အိမ်ထောင်စု ၂၁၀၀ ခန့်အား လျှပ်စစ်မီးဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ကျွဲ၊ နွားများအားကာကွယ်ဆေးအခမဲ့ထိုးနှံပေး



**ရန်ကုန် မေ ၂၃**

မိုးဦးကျ ကျွဲ၊ နွားများ ကူးစက်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်း အစီအစဉ်တစ်ရပ်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျွဲ၊ နွားများအား ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနအနေဖြင့် မိုးဦးကျကာလ ကျွဲ၊ နွားများကူးစက်ရောဂါ မရှိစေရေး အတွက် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါတယ်။ အဓိကအားဖြင့် လည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါနဲ့ ပေါင်ပုပ်/လက်ပုပ်ရောဂါကာကွယ်ဆေးတွေကို ထိုးနှံပေးလျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ ဒီကာကွယ်ဆေးတွေကို အခမဲ့ထိုးနှံပေးတာဖြစ်ပါတယ်"ဟု ရန်ကုန်အရှေ့ပိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာသန်းလွင်က ပြောသည်။

အရှေ့ပိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဆောင်ပြီး ဒေါက်တာခိုင်မင်းသူ၊ ဒေါက်တာခန့်ဇော်အောင်၊ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်မေနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများပါဝင်သောအဖွဲ့သည် မေလတတိယပတ်က မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်နှင့် ရွှေပေါက်ကံ(၁၃) ရပ်ကွက်တို့တွင် တစ်ပိုင်တစ်နိုင်မွေးမြူထားသည့် နို့စားနွားကောင်ရေ ၂၇၂ ကောင်ကို အဆိုပါ ကာကွယ်ဆေးသုံးမျိုးထိုးနှံပေးခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်ကာကွယ်ဆေးထိုးအဖွဲ့သည် ယင်းမတိုင်မီက သဃ်န်းကျွန်းမြို့နယ်တွင်လည်း ကျွဲ၊ နွားအကောင်ရေ ၂၀၀ ကျော်ကို ကာကွယ်ဆေးများထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သာကေတ၊ ဒေါပုံအစရှိသည့် မြို့နယ်များ၌လည်း ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## ဝါးအခြေခံလက်မှုလုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

**ကော့မှူး မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် တောင်ချောင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးအခြေခံလက်မှုလုပ်ငန်းသင်တန်းဆင်းပွဲကို မေလတတိယပတ်က ကျင်းပရာ တောင်ပိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါ်စန်းစန်းလွင်(လ/ထညွှန်မှူး)နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဝါးအခြေခံလက်မှုထုတ်ကုန်ထုတ်လုပ်နည်းသင်တန်းကို သင်တန်းနည်းပြများက သင်တန်းသား ၃၀ ကို ၁၅ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ရက် ၁၀၀ ပြည်သူ့အကျိုးပြု အသိပညာပေးဟောပြော

**သဲကုန်း မေ ၂၃**

ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အရ သဲကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူလူထုအသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို မေ ၁၈ ရက်က ရဲရွဲ့ကန်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသူထက်အောင်က အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးအောင်သိန်းက စားသုံးရန်မသင့်သောအစားအစာများနှင့်ဓာတုဆိုးဆေးများအကြောင်း၊ မီးသတ်ဦးစီးမှူး ဦးဝေယံအောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်းနှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးနိုင်လင်းက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းအနေဖြင့် ကလေးများနှင့်အတူ လေ့ကျင့်ခန်းအတူဆောင်ရွက်ခြင်း၊ ပုံပြင်ပြောပြခြင်းနှင့် စာအုပ်စာစောင်များဖတ်ရှုစေခြင်းစသည့်လုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စလင်း၌ ရက် ၁၀၀ လုပ်ငန်းစဉ်များ ဆောင်ရွက်



**စလင်း မေ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ မေလတတိယပတ်က နိုင်ငံတော်အစိုးရသစ်တာဝန်ယူသည့်ကာလအတွင်း ရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲဆောင်ရွက်ချက်များကို ရက် ၁၀၀ စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ စလင်းရဲတပ်ဖွဲ့ စခန်းမှူး ဒုရဲမှူးဝင်းတင့်ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် မြေမိကုန်းကျေးရွာသို့ သွားရောက်ပြီး ရာဇဝတ်မှုများကျဆင်းပပျောက်ရေးနှင့် ရဲလုပ်ငန်းစဉ်များကို တစ်အိမ်တက်ဆင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ကျိုင်းတုံမြို့နယ်၌ ကတ်တောင်-တာခွယ်တံတားသစ်ဖွင့်

**ကျိုင်းတုံ မေ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စုနှင့် ယမ်းကြိမ်ကျေးရွာအုပ်စုတို့ကိုဆက်သွယ်ပေးသည့် နမ့်ခင်ချောင်းကူး ကတ်တောင်-တာခွယ်သံကူကွန်ကရစ် တံတားဖွင့်ပွဲကို မေ ၂၁ ရက်က ကတ်တောင်ကျေးရွာရှိ အဆိုပါတံတားသစ်၌ကျင်းပသည်။

"ဒေသနေပြည်သူတွေက ဒီလိုအခိုင်အမာတည်ဆောက်ထားတဲ့တံတားမျိုးကိုမျှော်လင့်ခဲ့ပါတယ်။ ငွေကြေးအင်အားမတတ်နိုင်လို့ ဝါးတံတားထိုးပြီးသွားလာခဲ့ရတာပါ။ ဒီနမ့်ခင်ချောင်းဟာ မိုးတွင်းမှာဆို ကျေးရွာအုပ်စုနှစ်ခုကို ပိုင်းခြားထားသလိုဖြစ်ပြီး သွားရေးခက်ခဲတယ်။ အခုတော့ ဒေသနေပြည်သူတွေပျော်ရွှင်ရပါပြီ။ ဒေသထွက်သီးနှံတွေ ကုန်သွယ်ဖို့လည်း အဆင်ပြေသွားပါပြီ"ဟု ကတ်တောင်ကျေးရွာနေ ဦးစိုင်းလုံးမွေဖက ပြောသည်။

အဆိုပါအခမ်းအနားတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုက တံတားတည်ဆောက်ခြင်းကို ရှင်းလင်းပြီး အာခါတိုင်းရင်းသားရေးရာဝန်ကြီး ဦးအာဗေလ၊ ကျိုင်းတုံတပ်နယ်မှူးဗိုလ်မှူးချုပ်တင့်လွင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းတံတားကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်သော သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးစေရန် များစွာအထောက်အကူဖြစ်စေကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



# ပုဂံနှင့် ဆပဒ

**မောင်သာ(ရှေးဟောင်းသုတေသန)**



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံနှင့် ညောင်ဦးတစ်ဝိုက်တွင် စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်းစသည့် ရှေးဟောင်း အဆောက်အအုံများစွာ ရှိသည့်အနက် ဆပဒသည် ညောင်ဦးမြို့ထိပ်တွင်တည်ရှိသည့် သမိုင်းဝင်စေတီတစ်ဆူဖြစ်သည်။ ဆပဒကို ပညာရှင်အချို့က ဆပဋ၊ ဆပဒဟုလည်း ရေးသားကြသည်။ ဆပဒသည် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်း၏ ဝဲဘက်၊ ညောင်ဦးမြို့အဝင်တွင် တည်ရှိနေပြီး ကားလမ်းပေါ်မှမြင်နေရသည့် စေတီတစ်ဆူဖြစ်သော်လည်း ဘုရားဖူးမော်တော်ယာဉ်အချို့သာ ရပ်နားကြသဖြင့် ဝင်ရောက်ဖူးမြော်သူနည်းပါးသည့် ပုဂံရှေးဟောင်းစေတီတစ်ဆူဖြစ်သည်။ ဆပဒစေတီကို အေဒီ ၁၂ရာစုခေတ် သီဟိုဠ်လက်ရာစေတီတစ်ဆူဟု ပညာရှင်များက သတ်မှတ်ထားကြသည်။

ဆပဒသည် ငှက်ပစ်တောင်အနီး ညောင်ဦးမြို့အဝင် သုံးမြှောင့်ကွက်လပ်ပေါ်တွင် တည်ရှိကာ အနီရောင်ထင်ရှားသဖြင့် ဘုရားနီဟုလည်း ခေါ်ဆိုသည်။ လွန်ခဲ့သော နှစ် ၃၀ နီးပါးက ပုဂံသို့ ကျွန်တော်ရောက်ရှိခဲ့စဉ် ဘုရားနီသည် ကျောက်ပန်းတောင်း-ညောင်ဦးကားများရပ်နားသည့် ကားဂိတ်နေရာ ဖြစ်ခဲ့သည်။ ကျောက်ပန်းတောင်းသို့သွားရန်ကားစောင့်ရင်း ဆပဒကို ကျွန်တော်ပထမဆုံးဖူးမြော်ခဲ့သည်မှာ ဆယ်စုနှစ်သုံးစုနီးပါးကြာခဲ့ပြီဖြစ်သည်။

ဆပဒမထေရ်သည် ယခုသီရိလင်္ကာနိုင်ငံ အနုရာဓပူရမြို့ရှိ ထူပါရာမစေတီတော်ကို ပုံစံပြုကာ စေတီတော်တစ်ဆူကို ပုဂံတွင် တည်ထားခဲ့ရာ စေတီတော်ကိုတည်ခဲ့သော မထေရ်ကို အစွဲပြုလျက် ဆပဒစေတီဟု ထင်ရှားသည်။ ဆပဒသည် ဂူဘုရားတစ်ခု မဟုတ်ဘဲ မြေစိုက်စေတီတစ်ဆူဖြစ်ကာ စတုရန်းပုံအုတ်ခုံဖိနပ်ပေါ်တွင် ခေါင်းလောင်းပုံ စေတီကိုယ်လုံးရှိသည်။ စေတီတော်အထက်ပိုင်းတွင်ရှိသည့် လေးထောင့်ဓာတ်တော်တိုက်၏ အပေါ်တွင် ထုပိကာအထွတ်ကို ပုံဟန်ခပ်ဆန်းဆန်း ပြုလုပ်ထားသည်။ ဆပဒစေတီသည် ထုပိကာအထွတ်ထိပ်ပိုင်းတွင် အနည်းငယ်ပျက်စီးနေသည်မှလွဲ၍ မူလလက်ရာအတိုင်း ရှိနေသည်။ (ထုပိကာကို မြန်မာအဘိဓာန်တွင် ပြသာဒ်အထွတ်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။)

စာရေးဆရာရွှေကိုင်းသားက ဆပဒစေတီကို ပစ္စယာသုံးဆင့်အနေဖြင့်ကြည့်လျှင် စစ်ကိုင်းဘက်မှ အပြီးမသတ်သေးသော ထူပါရုံစေတီနှင့်တူပြီး စေတိက ကုစ္ဆိဝေဒိက၊ ဆတ္တတို့ကိုပါ အပြည့်အစုံကြည့်လျှင် စစ်ကိုင်းဆင်များရှင် ခေါ် ရတနာစေတီနှင့်တူကြောင်း ပုဂံသွားမှတ်တမ်းတွင် ရေးသားခဲ့သည်။ ကုစ္ဆိဝေဒိကသည် စေတီဝမ်းကိုရံ၍ပြုအပ်သော ပစ္စယံ(ပွတ်တိုင်)ဖြစ်ပြီး ဆတ္တသည် ထီးဟု ပါဠိ-မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုသည်။

စေတီတော်ရင်ပြင်သို့တက်ရန် အုတ်လှေကားတစ်ခုရှိပြီး ယင်းအုတ်လှေကားကိုခွလျက် အမိုးပေါင်းကူးထားသည့် မုခ်ပေါက်ရှိသည်။ အုတ်လှေကားကိုးထစ်မှ တက်ရောက်၍ မုခ်ပေါက်အောက်မှ ကျော်ဖြတ်သွားလျှင် ဆပဒစေတီရင်ပြင်ပေါ်သို့ ရောက်ရှိသည်။ လေးထောင့်ပုံ အုတ်ခုံရင်ပြင်စကြံပေါ်တွင် ဆပဒသည် ထီးတည်း တည်ရှိနေကာ စေတီပတ်လည်တွင် ရှေးခေတ်လက်ရာ အုတ်မှန်ကူကွက်များကို မြင်တွေ့ရသည်။ ရင်ပြင်တွင် မည်သည့်အဆောက်အအုံမှမရှိဘဲ စေတီတစ်ခုတည်းသာရှိနေသဖြင့် ဆပဒစေတီ၏မြင်ကွင်းသည် ရှင်းလင်းနေပေသည်။ ၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်တွင် လှုပ်ခတ်ခဲ့သောငလျင်ကြောင့် ပုဂံစေတီပုထိုးများစွာ ထိခိုက်ပျက်စီးခဲ့ရာတွင် ဆပဒစေတီ၏ ဖောင်းရစ်များ ပျက်စီးခဲ့သည်။

ပုဂံကို အေဒီ ၂ ရာစု အစောပိုင်းတွင် သမုဒ္ဒရာဇ်မင်းက တည်ထောင်ခဲ့သည်ဟု ဆိုကြသော်လည်း မြို့တံခါး ၁၂ ခုရှိသည့် ပုဂံမြို့တော်ကို အေဒီ ၈၄၉ ခုနှစ်တွင် ပျဉ်ပြားမင်းက တည်ထောင်ခဲ့သည်။ အေဒီ ၁၁ ရာစုနှင့် ၁၂ ရာစုများတွင် ပုဂံကို ပါဠိအမည် အရိမဒ္ဒနပူရဟု ခေါ်ဆိုခဲ့ပြီး မြန်မာဘာသာဖြင့် ရန်သူအပေါင်းကိုချေမှုန်းသောမြို့တော်ဟု အဓိပ္ပာယ်ရသည်။ အရိမဒ္ဒနကို ပေါက္ကံ၊ ပုဂံစသည့် အမည်များနှင့်အတူ ခေါ်တွင်ခဲ့သည်။ ခိုင်မာသော အထောက်အထားများအရ ပုဂံကို ပထမဦးစွာ အုပ်စိုးခဲ့သည့်ဘုရင်သည် အနော်ရထာ(ခရစ်နှစ် ၁၀၄၄-၁၀၇၇) ဖြစ်သည်။ အနော်ရထာမင်းကြီး ပြုလုပ်ခဲ့သော အုတ်ခွက်ဘုရားများကို မြန်မာနိုင်ငံ နေရာဒေသအနှံ့တွင် တွေ့ရှိခဲ့ရပေသည်။ အနော်ရထာမတိုင်မီကပင် ပုဂံတွင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဆောက်လုပ်ခဲ့ရာ ယင်းတို့ကို အမျိုးအစား ရှစ်ခုခွဲခြားနိုင်ပြီး ထူပ(စေတီလုံး)၊ လိုဏ်ဘုရား(ဂူဘုရား)၊ ဘုန်းတော်ကြီးကျောင်း၊ သိမ်၊ ပိဋကတ်တိုက်၊ နန်းတော်ရာ၊ ဥမင်နှင့် ဌာပနာတိုက်တို့ ဖြစ်ကြသည်။

ထူပ(စေတီလုံး)များသည် လိုဏ်မပါရှိသည့် လုံးတော်ပြည့်အဆောက်အအုံများဖြစ်ကြပြီး ဗူးဘုရားနှင့် ငကျဲနားတောင်းကဲ့သို့ ခေါင်လုံးစေတီများ၊ လောကနန္ဒာ၊ ရွှေဆံတော်တို့ကဲ့သို့ ပစ္စယာလျှောအဆင့်ဆင့်တွင် ခေါင်းလောင်းပုံတည်ထားသော စေတီများ၊ စိမ်းညက်ညီမဘုရားကဲ့သို့ လေးထောင့်ပစ္စယာအဆင့်ဆင့်ပေါ်တွင် ပုထိုးတင်ကာ ဖရုံတုံးခံထားသည့် စေတီများနှင့် ဆပဒကဲ့သို့ သီဟိုဠ်ပုံစံစေတီများ ဖြစ်ကြသည်။ ပုဂံ-ချောက် ကားလမ်းဘေးတွင်တည်ထားသည့် စိမ်းညက်ဘုရားနှစ်ဆူသည် အတူယှဉ်လျက်တည်ရှိနေပြီး စိမ်းညက်ညီမဘုရားသည် စေတီလုံးဖြစ်၍ စိမ်းညက်အစ်မဘုရားသည် လိုဏ်ဘုရားဖြစ်သည်။



လိုဏ်ဘုရားများသည် အာနန္ဒာ၊ သဗ္ဗညု၊ ကန်တော့ပလ္လင်တို့ကဲ့သို့ လိုဏ်ပါသော ဂူဘုရားများဖြစ်ကြကာ ပုဂံတွင် သဗ္ဗညုသည် အမြင့်ဆုံးဂူဘုရားဖြစ်သည်။ ပုဂံယဉ်ကျေးမှုနယ်မြေတွင် ရှင်အရဟံအုတ်ကျောင်းကဲ့သို့သော ဘုန်းကြီးကျောင်းများ၊ ဥပါလိသိမ်ကဲ့သို့ သိမ်အဆောက်အအုံများ၊ ကျန်စစ်သားဥမင်၊ ကျောက်ဂူဥမင်၊ သမီးဝုက်နှင့် မြားသ စသော ဥမင်များကိုလည်း တွေ့ရှိရပေသည်။ သရပါတံခါး၏ နောက်ဘက်တွင် ပိဋကတ်တိုက်အဆောက်အအုံဟောင်း ရှိသည်။ ပုဂံရှိ စေတီပုထိုးများကို 'လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်း'ဟု မှတ်သားခဲ့ကြရာတွင် သံပေါက်၏စပ်ထုံးသည် အစလေးလုံး အလယ်သုံး အဆုံးငါးခုဖြစ်သဖြင့် အစလေးလုံးကိုသာ ကောက်ယူရသောကြောင့် ပုဂံဘုရားအရေအတွက်သည် ၄၄၄၆ ဆူရှိခဲ့ကြောင်း ယူသင့်ပေသည်။ အင်းဝခေတ် မိုးညင်းမင်းတရားလက်ထက်တွင် ပုဂံဘုရားများအရေအတွက်ကို 'ဝင်းဝင်းထိန်လျှံ ပုဂံဘုရားပေါင်း'ဟု ဆိုခဲ့သဖြင့် ၄၄၇၄ ဆူ ဖြစ်ပေသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက ပုဂံရှိ စေတီပုထိုးများကို မှတ်ပုံတင်ရာတွင် ၂၂၁၇ ဆူရှိကြောင်းနှင့် 'ကျောင်းကြီးအုတ်နီ'ဟု အမှတ်အသားပြုကြောင်း မှတ်သားခဲ့ဖူးပါသည်။

**မင်းရှင်စောသည် ထီးနန်းလက်လွှတ်ခဲ့ရသဖြင့် ညီတော်ထံမှထီးနန်းကို တိုက်ခိုက်ယူရန် ချီလာချိန်တွင် နရသူသည် ပုံ့သကူမထေရ်အား နောင်တော်ထံ ထီးနန်းအပ်ပါမည်ဟုပြောဆိုကာ စေ့စပ်ခိုင်းခဲ့သည်။ ပုံ့သကူမထေရ် စေ့စပ်ပေးသဖြင့် ညီအစ်ကိုနှစ်ဦးသည် ပဋိပက္ခများ ပြေငြိမ်းသွားခဲ့ပြီး နရသူသည် နောင်တော်မင်းရှင်စောကို ထီးနန်းလွှဲအပ်ခဲ့သည်။ သို့သော် နရသူသည် ထီးနန်းအပ်ခဲ့သည့်ညမှာပင် နောင်တော်မင်းရှင်စောကို အဆိပ်ခတ်ကာ လုပ်ကြံခဲ့သဖြင့် ပုံ့သကူမထေရ်သည် ပုဂံတွင်မနေတော့ဘဲ . . .**

ယင်းတို့အနက် ဘုရားအမှတ်(၁၈၇)ဖြစ်သည့် ဆပဒစေတီသည် စက်ဝိုင်းပုံအောက်ခံခုံလုံးပေါ်တွင် ခေါင်းလောင်းပုံတည်ထားပြီး အပေါ်တွင် သေတ္တာတစ်လုံးပုံသဏ္ဌာန်ရှိသော ဟာမိက ခေါ် ဓာတ်တော်တိုက်ရှိသည့် စေတီတစ်ဆူဖြစ်သည်။ ယင်းသို့ ဟာမိကပါရှိသော စေတီများကို အိန္ဒိယနိုင်ငံတွင် တွေ့ရှိနိုင်သည်။ ဆပဒစေတီ၏ ဟာမိကအပေါ်တွင် စေတီအထွတ်ကို ထီးတော်ကဲ့သို့ ပြုလုပ်ထားပြီး စေတီအထွတ်တွင် ဖောင်းရစ်များကိုလည်း ပြုလုပ်ထားသည်။ ပုဂံခေတ်ကတည်ခဲ့သည့် ဘုရားပုထိုးများတွင် ယခုခေတ်ကဲ့သို့ ထီးတော်များတင်ထားခြင်း မရှိပါချေ။

မြန်မာနိုင်ငံနှင့် သီဟိုဠ်နိုင်ငံတို့သည် အနော်ရထာမင်းမတိုင်မီကပင် ဆက်ဆံမှုများရှိခဲ့ပြီး အနော်ရထာမင်းလက်ထက်တွင် နှစ်နိုင်ငံဆက်ဆံမှု ခိုင်မာခဲ့ပြီးဖြစ်သည်။ အနော်ရထာမင်းသည် မိမိနှင့်ခေတ်ပြိုင် သီဟိုဠ်ဘုရင် ပထမဝိဇယဗာဟု(ခရစ်နှစ် ၁၀၅၅-၁၁၁၀) ထံသို့ သံအဖွဲ့တစ်ဖွဲ့ စေလွှတ်ကာ ဗုဒ္ဓစွယ်တော်ကိုတောင်းခံခဲ့သကဲ့သို့ သီဟိုဠ်ဘုရင်ကလည်း အနော်ရထာမင်းကြီးထံ ရဟန်းအပါး ၁၀၀၀ ကို သီဟိုဠ်သို့စေလွှတ်ပေးရန် ပင့်ဖိတ်ခဲ့သည်။ သီဟိုဠ်နိုင်ငံအား အိန္ဒိယတောင်ပိုင်းမှ ဒမိလလူမျိုးများ ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် စီးပွားရေးသာမက သာသနာရေးလည်း အလွန်အားနည်းသွားခဲ့ရာ ဥပသမ္ပဒါကံဆောင် ရဟန်းသံဃာတော်များ နည်းပါးသွားခဲ့သဖြင့် ပုဂံမှရဟန်းတော်များကို ပင့်ဖိတ်ခဲ့သည်။

မြန်မာနိုင်ငံမှ သီဟိုဠ်သို့ ပထမဆုံးကြွခဲ့သော ရဟန်းတော်သည် ပုံ့သကူမထေရ်ဖြစ်သည်။ အလောင်းစည်သူကွယ်လွန်ချိန်တွင် သားငယ်နရသူက ပုဂံထီးနန်းကို ဆက်ခံခဲ့သည်။ အလောင်းစည်သူ၏သားကြီး မင်းရှင်စောသည် ထီးနန်းလက်လွှတ်ခဲ့ရသဖြင့် ညီတော်ထံမှထီးနန်းကို တိုက်ခိုက်ယူရန် ချီလာချိန်တွင် နရသူသည် ပုံ့သကူမထေရ်အား နောင်တော်ထံ ထီးနန်းအပ်ပါမည်ဟုပြောဆိုကာ စေ့စပ်ခိုင်းခဲ့သည်။ ပုံ့သကူမထေရ် စေ့စပ်ပေးသဖြင့် ညီအစ်ကိုနှစ်ဦးသည် ပဋိပက္ခများ ပြေငြိမ်းသွားခဲ့ပြီး နရသူသည် နောင်တော်မင်းရှင်စောကို ထီးနန်းလွှဲအပ်ခဲ့သည်။ သို့သော် နရသူသည် ထီးနန်းအပ်ခဲ့သည့်ညမှာပင် နောင်တော်မင်းရှင်စောကို အဆိပ်ခတ်ကာ လုပ်ကြံခဲ့သဖြင့် ပုံ့သကူမထေရ်သည် ပုဂံတွင်မနေတော့ဘဲ သီဟိုဠ်သို့ကြွသွားခဲ့ပြီး နရပတိစည်သူ နန်းတက်ချိန်ရောက်မှ ပုဂံသို့ ပြန်လည်ကြွလာခဲ့သည်။

သီဟိုဠ်သို့ ဒုတိယမြောက်ကြွသော ရဟန်းတော်သည် ငှက်ပစ်တောင်ဂိုဏ်း၏ ဦးစီးနာယက ဥတ္တရာဇီဝမထေရ် ဖြစ်သည်။ ပုံ့သကူမထေရ်သည် သီဟိုဠ်သို့ ပထမဦးစွာကြွခဲ့သော်လည်း ဓမ္မခရီးသွားရောက်ခဲ့သည့် ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်သွား ပထမ ဓမ္မခရီးသည်အဖြစ် ထင်ရှားခဲ့သည်။ ခရစ်နှစ် ၁၁၇၀ ပြည့်နှစ်တွင် ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်သို့ကြွရန် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ပုသိမ်သို့ ဦးစွာလာခဲ့သည်။ ဥတ္တရာဇီဝမထေရ်နှင့်အတူ ပုသိမ်နယ်မှ သာမဏေတစ်ပါး အပါအဝင် ရဟန်းအချို့လိုက်ပါသွားခဲ့သည်။ ထိုသာမဏေကို ပုသိမ်စီရင်စုအတွင်းရှိ ယခု ငပုတောမြို့နယ်ဟု ယူဆရဖွယ်ရှိသည့် ဆပဒရွာတွင် မြန်မာသက္ကရာဇ် ၅၁၂ ခုနှစ်(ခရစ်နှစ် ၁၁၅၀ ပြည့်နှစ်)တွင် ဖွားမြင်ခဲ့ပြီး သာမဏေပြုသောအခါ ရှင်သဒ္ဓမ္မဇောတိပါလဟု ဘွဲ့မည်ရှိကြောင်း ရဟန်းစာဆိုတော်များ အတ္ထုပ္ပတ္တိ စာအုပ်တွင် ရေးသားထားသည်။ နောင်အခါတွင် မွေးဖွားရာဇာတိမြေကို အစွဲပြုလျက် ဆပဒဟု ဘွဲ့မည်ထင်ရှားခဲ့သည်။

ပုဂံခေတ်တွင် ဆပဒအမည်ဖြင့် မထေရ်သုံးပါး ပေါ်ထွန်းခဲ့ရာ သဒ္ဓမ္မဇောတိပါလသည် ပထမ ဆပဒမထေရ် ဖြစ်သည်။ ရှင်ဉာဏသဒ္ဓမ္မဘွဲ့ရ ဒုတိယ ဆပဒမထေရ်နှင့် ရှင်ဓမ္မသီရိဘွဲ့ရ တတိယ ဆပဒမထေရ်တို့သည် ပထမ ဆပဒကို ဆက်ခံခဲ့ကြသည့် ရဟန်းတော်များ ဖြစ်ကြသည်။

ပထမ ဆပဒမထေရ်သည် ပုဂံသို့ သီဟိုဠ်သာသနာကို ယူဆောင်လာခဲ့ပြီး စာပေကျမ်းဂန်များကိုပြုစုခဲ့သည့် ရဟန်းတော်တစ်ပါးဖြစ်သည်။ ဆပဒသည် သီဟိုဠ်ကျွန်းသို့ရောက်ချိန်တွင် ရဟန်းပြုရမည့် အသက်အပိုင်းအခြားသို့ ရောက်ရှိပြီဖြစ်သောကြောင့် ဆရာဖြစ်သူ ဥတ္တရာဇီဝမထေရ်နှင့် သီဟိုဠ်ရဟန်းများက ပဉ္စင်းပြုပေးခဲ့ကာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဥတ္တရာဇီဝမထေရ် မြန်မာနိုင်ငံသို့ပြန်လာချိန်တွင် ဆပဒသည် သီဟိုဠ်တွင် ဆက်လက်ပညာသင်ယူရန် ဆရာထံခွင့်ပန်ခဲ့ပြီး ဆရာနှင့်အတူ ပုဂံသို့ ပြန်လည်လိုက်ပါလာခြင်းမပြုဘဲ သီဟိုဠ်တွင်နေရစ်ခဲ့ကာ ပိဋကတ်စာပေများကို သင်ယူခဲ့သည်။ ဆပဒရဟန်းတော် သီဟိုဠ်တွင်ရှိနေချိန်သည် သီဟိုဠ်နိုင်ငံတွင် ဘုရင်ဖြစ်သူ ပရက္ကမဗာဟုက ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားစေရန် ဆောင်ရွက်နေချိန်ဖြစ်သည်။ ပရက္ကမဗာဟုသည် ပုဂံမင်းဆက်ဘုရင်များဖြစ်သည့် နရသူ၊ မင်းယဉ်နရသိင်္ခ၊ နရပတိစည်သူတို့နှင့် ခေတ်ပြိုင်ဖြစ်သည်။ ဆပဒသည် ဗုဒ္ဓစာပေကျမ်းစာများအပြင် သီဟိုဠ်ရှိ ဗုဒ္ဓယဉ်ကျေးမှုနှင့် စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများကိုလည်း လေ့လာခဲ့ကာ သီဟိုဠ်တွင် ၁၀ နှစ်ကြာ နေထိုင်ခဲ့သည်။

ဥတ္တရာဇီဝမထေရ် သီဟိုဠ်သို့ရောက်ရှိခဲ့စဉ်က သီဟိုဠ်ရဟန်းများနှင့် မြန်မာရဟန်းများသည် အတူတကွကံဆောင်လျက် သံဃာ့ကိစ္စများကို ဆောင်ရွက်ခဲ့သော်လည်း သီဟိုဠ်ကျွန်း၌ ၁၀ နှစ်ကျော် နေထိုင်ခဲ့ပြီးဖြစ်သည့် ဆပဒသည် သီဟိုဠ်သာသနာ၏ ဩဇာသက်ရောက်မှုကိုခံခဲ့ရသည်။ ဆပဒသည် မြန်မာနိုင်ငံသို့ပြန်လည်ကြွလာချိန်တွင် မိမိနှင့်အတူ သံဃာ့ကိစ္စများဆောင်ရွက်နိုင်ရန် သီဟိုဠ်မှ မိမိနှင့်သီတင်းသုံးဖော်များဖြစ်သည့် တာမရလိပ္ပတိရွာသား သီဝလိမထေရ်၊ ကမ္ဘောဇမင်း၏သားတော် တာမလိန္ဒမထေရ်၊ ကိဉ္စိပူရသား အာနန္ဒာမထေရ်နှင့် သီဟိုဠ်ကျွန်းသား ရာဟုလာမထေရ်တို့ကို ပုဂံသို့ ပင့်ဆောင်လာခဲ့သည်။

ဆပဒမထေရ်နှင့် သီဟိုဠ်ရဟန်းလေးပါးတို့သည် သီဟိုဠ်မှ မြန်မာနိုင်ငံသို့ ခရစ်နှစ် ၁၁၈၀ ခုနှစ်တွင် သင်္ဘောဖြင့်ပြန်လာခဲ့ကြရာ ပုသိမ်သို့ရောက်ရှိချိန်တွင် ဝါဝင်နီးချိန်ဖြစ်သဖြင့် ပုဂံသို့ ဆက်လက်ခရီးမဆက်တော့ဘဲ ပုသိမ်တွင် တစ်ဝါဆိုခဲ့သည်။

ရဟန်းတော်များသည် ပုသိမ်မြို့တောင်ဘက်တွင် သက်ကယ်ကျောင်းတစ်ကျောင်း ဆောက်လုပ်ကာ ဝါဆိုဝါကပ်ခဲ့ကြသည်ဟု အဆိုရှိခဲ့ပြီး သီဟိုဠ်ရောက်ကျောင်းဟု ထင်ရှားခဲ့သည်။ ဆပဒနှင့် သီဟိုဠ်ရဟန်းများသည် သီတင်းကျွတ်တွင် ပုဂံသို့ကြွခဲ့ကြပြီး ဆပဒ ပုဂံသို့ရောက်ရှိချိန်တွင် မိမိ၏ ဆရာရင်းဖြစ်သူ ဥတ္တရာဇီဝမထေရ်သည် မိမိမရောက်မီ ရက်အနည်းငယ်က ပျံလွန်ခဲ့ကြောင်း သိရှိလိုက်ရသည်။

ဆပဒသည် ပုဂံသို့ပြန်လည်ရောက်ရှိခဲ့ပြီးနောက် ပုဂံဘုရင် နရပတိစည်သူ ကြည်ညိုသော၊ လေးစားသော ဆရာတော်တစ်ပါး ဖြစ်လာခဲ့သည်။ ဆပဒမထေရ်နှင့် သီဟိုဠ်ရဟန်းလေးပါးတို့သည် သီဟိုဠ်နိုင်ငံမှ မဟာဝိဟာရနိကာယဂိုဏ်းကို ပုဂံတွင် ထူထောင်ခဲ့ကာ ပုဂံသားရဟန်းများနှင့် သံဃာ့ကံမပြုကြဘဲ မိမိတို့ငါးပါးသာ ကံပြုခဲ့ကြသဖြင့် ပုဂံတွင် သံဃာဂိုဏ်းနှစ်ခု ဖြစ်လာခဲ့သည်။ ပထမဂိုဏ်းသည် ရှင်အရဟံဆောင်ကြဉ်းခဲ့သည့် ပုရိမသံဃာ(ရှေးဦး)ဂိုဏ်းဖြစ်ပြီး ဆပဒမထေရ် ဆောင်ကြဉ်းခဲ့သော သီဟိုဠ်ငါးပါးဂိုဏ်းသည် ဒုတိယ သီဟိုဠ်ရောက်ဂိုဏ်း ဖြစ်သည်။

နရပတိစည်သူမင်းသည် ဆပဒနှင့် သီဟိုဠ် ရဟန်းလေးပါးကို များစွာကြည်ညိုခဲ့သည်။ ဘုရင်၏အားပေးမှုကြောင့် ဆပဒနှင့် သီဟိုဠ်ရဟန်းများသည် ဧရာဝတီမြစ်လယ်တွင် လှေဖောင်များဖွဲ့လျက် ဥဒကုက္ခေပသိမ်ပြုကာ ပဉ္စင်းလောင်းများစွာကို ရဟန်းပြုပေးခဲ့သည်။ ထိုအချိန်မှစ၍ သီဟိုဠ်သံဃာဂိုဏ်းသည် ပုဂံတွင် များစွာ တိုးတက်ကြီးပွားခဲ့သည်။

နရပတိစည်သူမင်းသည် ဆပဒမထေရ်ကို ကျောင်းတစ်ခုလှူဒါန်းခဲ့ပြီး ကျောင်းပရိဝုဏ်အတွင်း ဘုရင့်ကောင်းမှုတော် စေတီတစ်ဆူကို တည်ထားခဲ့ရာ ဆပဒမထေရ်သည် ယနေ့မြင်တွေ့နေရသည့် ဆပဒစေတီဟု ဘွဲ့မည်တွင်လျက်ရှိသည့် သီဟိုဠ်ပုံစံစေတီတော်ကို တည်ထားခဲ့သည်။ စေတီတည်ခဲ့သည့် ခုနှစ်သက္ကရာဇ်အတိအကျကို မသိရှိသော်လည်း ဆပဒမထေရ် ပုဂံတွင်ရှိနေသည့် ခရစ်နှစ် ၁၁၈၀ ခုနှစ် နောက်ပိုင်းကာလဟု မှန်းဆနိုင်ပေသည်။ ဆပဒမထေရ်သည် ဗုဒ္ဓစာပေကျမ်းဂန်များကို ကျွမ်းကျင်တော်မူသည့်အလျောက် သဒ္ဒါကျမ်းများ၊ ဗုဒ္ဓပိဋကတ်ဆိုင်ရာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းများကို ရေးသားပြုစုခဲ့သည်။ ဆပဒမထေရ်သည် နရပတိစည်သူမင်းလက်ထက်တွင် ပျံလွန်တော်မူခဲ့ပြီး ပျံလွန်သည့် ခုနှစ်သက္ကရာဇ်အတိအကျကို မသိခဲ့ကြပါချေ။

လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ကျော်က တည်ထားခဲ့သည့် သီဟိုဠ်ဗိသုကာပုံစံ ဆပဒစေတီသည် ညောင်ဦးမြို့အဝင်တွင် မူလလက်ရာအတိုင်း ယနေ့တိုင် ထင်ရှားစွာ တည်ရှိနေသည်။ မြန်မာနိုင်ငံနှင့် သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာ)တို့၏ ယဉ်ကျေးမှု ကူးလူးဆက်သွယ်မှုတစ်ရပ်အဖြစ် သမိုင်းဝင်တည်ရှိနေသော ဆပဒသည် ပုဂံသို့ လာရောက်ကြသော ပြည်တွင်းပြည်ပဘုရားဖူးများ ဝင်ရောက်ဖူးမြော်လေ့လာသင့်သော ရှေးဟောင်းစေတီတော်တစ်ဆူပင် ဖြစ်ပါပေသည်။ ။

**ကိုးကား**

**ရဟန်းစာဆိုတော်များ အတ္ထုပ္ပတ္တိ (ဘုန်းနွယ်၊ရေစကြို)**
**ပုဂံခရီးသည်(ပါရဂူ)**
**DMHC သင်တန်းမှတ်စုများ**

# ဘဏ်အကောင့်မလိုဘဲ မီတာဘေလ်ကို အလွယ်တကူပေးဆောင်နိုင်မည့် True Money ကောင်တာစနစ်စတင်

**ရန်ကုန် မေ ၂၃**
ဘဏ်အကောင့်မရှိသူများပါ အဆင်ပြေလွယ်ကူစွာ မီတာဘေလ်ဆောင်နိုင်မည့် True Money မီတာဘေလ်စနစ်ကို ထိုင်းနိုင်ငံအခြေစိုက် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော True ကပြည်တွင်း၌ စတင်ဝန်ဆောင်မှုပေးပြီဖြစ်ကြောင်း သိရသည်။

True Money Myanmar နှင့် Connect N Pay ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့ Park Royal ဟိုတယ်၌ မေ ၁၈ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ စနစ်ကို ၂၀၁၄ နိုဝင်ဘာလအတွင်းက စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ဩဂုတ်လတွင် မိတ်ဆက်ခဲ့ကာ ယခုအချိန်တွင် စတင်အသုံးပြုနိုင်ပြီဖြစ်သည်။

လျှပ်စစ်ပစ္စည်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ဖုန်းဆိုင်၊ ဟိုတယ်နှင့် ဆေးရုံဆေးခန်းများ၊ ရပ်ကွက်အတွင်းရှိ လူတိုင်းလက်လှမ်းမီသည့် နေရာများတွင် True Money ကောင်တာများထားရှိကာ အဆိုပါကောင်တာများရှိ True Money စက်များတွင် မိမိတို့ဆောင်ရမည့်မီတာစာရွက်၊ စည်ပင်စာရွက်တို့မှ ကုတ်နံပါတ်ကိုပြော၍ ဘေလ်ပေးဆောင်နိုင်မည့် စနစ်ဖြစ်ပြီး ရန်ကုန်အနောက်ပိုင်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်များတွင် မီတာဘေလ်ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

True Money Myanmar ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်း ဒါရိုက်တာ ကိုထွန်းထွန်းလင်းက "အခုကျွန်တော်တို့က Connect N Pay နဲ့ True Money ပူးပေါင်းပြီး မီတာဘေလ်နဲ့ တခြားစည်ပင်ဘေလ်တွေကိုပါ ဆောင်လို့ရမယ့် စနစ်တစ်ခုကို မိတ်ဆက်တာပါ။ True money ကောင်တာတွေမှာ စပြီးဆောင်လို့ရနေပြီ။ တစ်ခါဆောင်ရင် ဝန်ဆောင်ခ ကျပ် ၅၀၀ တော့ သတ်မှတ်ထားပါတယ်။ ဒါကလည်း အခုလောလောဆယ် အစိုးရနဲ့ချိတ်ဆက်မှုပိုင်းအရ ကောက်ခံနေတဲ့နှုန်းပါ။ နောက်ပိုင်းကျရင်တော့ မီတာဘေလ်ပဲဖြစ်ဖြစ် စည်ပင်ခွန်ပဲဖြစ်ဖြစ် တစ်လအတွင်းဆောင်ရမယ့် အိမ်ထောင်စုတစ်ခုက အခွန်အခတွေအကုန်လုံးကိုလာဆောင်ရင် အားလုံးအတွက် ကျပ် ၅၀၀ ကောက်ခံတာမျိုး လုပ်ပေးသွားဖို့ စဉ်းစားထားတာလည်း ရှိပါတယ်"ဟုပြောသည်။

Connect N Pay ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဦးပြည့်စုံက "ဘေလ်ဆောင်မယ့်သူက True Money ရဲ့ အေးဂျင့်ဆိုင်ကိုသွားလိုက်ပြီး အဲဒီမှာ True Money စက်ကလေးရှိပါမယ်။ ဘေလ်ဆောင်မယ့်သူက လျှပ်စစ်မီတာဘေလ်ပဲဖြစ်ဖြစ်၊ စည်ပင်ခွန်ပဲဖြစ်ဖြစ် စာရွက်မှာ ကုတ်နံပါတ်လေးတွေရှိတယ်။ အဲဒီနံပါတ်ကို ပြောလိုက်ရုံနဲ့ အဲဒီဘေလ်ရဲ့ ပမာဏက ပေါ်လာလိမ့်မယ်။ ဒီလဘယ်လောက်ကျတယ်၊ ဘယ်နေ့က နောက်ဆုံးပေ့ါ။ အကယ်၍ နောက်ဆုံးဆောင်ရမယ့်ရက် ကျော်နေတာတို့ ကြွေးကျန်ရှိနေတာတို့ဆိုရင်တော့ True Money ကလက်မခံပါဘူး။ အဲဒါဆိုရင်တော့ ရုံးမှာပဲသွားဆောင်မှရမယ်"ဟု ဘေလ်ဆောင်နိုင်မည့်ပုံစံကို ရှင်းပြသည်။

လက်ရှိအချိန်တွင် ဘေလ်ဆောင်နိုင်မည့် အေးဂျင့် ၁၀၀၀ နီးပါး ရှိနေပြီဖြစ်ပြီး လာမည့် လပိုင်းအတွင်း ၃၀၀၀ နီးပါးနှင့် ယခုနှစ်ကုန်တွင် ၆၀၀၀ နီးပါးအထိ တိုးချဲ့သွားရန် စီစဉ်ထားကြောင်း၊ မီတာဘေလ်ကို စတင်ဆောင်နိုင်ပြီဖြစ်ကာ စည်ပင်ခွန်ကိုလည်း ရန်ကုန်မြို့တွင် ပေးဆောင်နိုင်ပြီဖြစ်ကြောင်း၊ နောက်ပိုင်းတွင် MPT ၏ postpaid ဘေလ်ဆောင်ခြင်း၊ လက်မှတ်များ ဝယ်ယူခြင်း၊ ဂျာနယ်လပေးယူရန် ငွေချေခြင်း စသည်တို့အပါအဝင် ငွေလွှဲလုပ်ငန်းနှင့် မိုဘိုင်းလ်ငွေချေစနစ်များကိုပါ တိုးချဲ့သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

True Money တွင် အေးဂျင့်အဖြစ် လုပ်ဆောင်လိုသူများ အနေဖြင့်လည်း ကောလ်စင်တာနံပါတ် ၀၁ ၂၃၀၅၃၆၀ သို့ ဆက်သွယ်နိုင်ပြီး True Money စက်များကို အခမဲ့လာရောက်တပ်ဆင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **သွန်းဝသန်**

# လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာတွင် နှမ်းစပါးနှင့် ပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ရေစကြို မေ ၂၃**
အယ်နီညိုရာသီဥတုကြောင့် နိုင်ငံအနှံ့တွင် ပူပြင်းခြောက်သွေ့ပြီး ရေခန်းခြောက်ခြင်း၊ ရေရှားပါး ပြတ်လပ်ခြင်းများရင်ဆိုင်ကြုံတွေ့နေရချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာမှာ လက်ပံခြေပေါ်မြစ်ရေတင်ဖြင့် နှမ်းစပါးနှင့် အခြားသီးနှံများကို အောင်မြင်စွာ စိုက်ပျိုးလျက်ရှိကြောင်းနှင့် စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံပြည်သူများ၊ တိရစ္ဆာန်များအတွက် သောက်သုံးရေအလုံအလောက်ရရှိနေသည့်အပြင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

"အခုလို အယ်နီညိုရာသီဥတုကြောင့် အပူချိန်လွန်ကဲပြီး ဒေသအတော်များများမှာ သောက်သုံးရေ ရှားပါးမှု၊ ပြတ်လပ်မှုတွေ ကြုံတွေ့နေကြရတဲ့ ကာလမှာ လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင် အကျိုးကြောင့် ကျေးရွာ ၁၂ ရွာ အိမ်ထောင်စု ၁၇၂၀၊ လူဦးရေ ၉၀၀၀ ကျော်တို့အတွက် သောက်သုံးရေ အလုံအလောက်ရရှိနေသလို နှမ်းသီးနှံများဖြစ်တဲ့ နှမ်းစပါး၊ နှမ်းပဲတီစိမ်းနဲ့ အခြား နှမ်းသီးနှံများကိုလည်းအောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု လက်ပံခြေပေါ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဝင်းက ပြောသည်။



လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင် တာဝန်ခံ ဦးစီးအရာရှိဦးသိန်းလင်းကလည်း "ကျွန်တော်တို့ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ဝန်ကြီးဌာနရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြီး ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေရရှိအောင် အစွမ်းကုန်ဖြည့်ဆည်း ပေးနေပါတယ်။ လက်ပံ ခြေပေါ်မြစ်ရေတင်ဧရိယာမှာ ၂၀၁၅-၂၀၁၆ နွေစိုက်ပျိုး ရာသီမှာ နွေစပါး ဧက ၂၀၀ အခြားသီးနှံ ဧက ၄၅၀ အတွက် ဖေဖော်ဝါရီ ၁၅ ရက်နေ့ကစပြီး စိုက်ပျိုးရေပေးဝေနေပါတယ်။ အခုဆိုရင် စပါးတွေက ၈၅ ရက်သားရှိပြီး အောင်မြင်စွာ သီးပွင့်နေပါတယ်။ အလားတူ ပဲတီစိမ်းတွေ လည်း အောင်မြင်စွာ သီးပွင့်လို့ ခူးဆွတ်နေကြပါပြီ။ ဒေသခံတောင်သူတွေအနေနဲ့ တစ်နှစ်ကို သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်တဲ့အတွက် လူမှုစီးပွားဘဝများလည်း တိုးတက်လာသလို၊ နိုင်ငံ့ရိက္ခာကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနေပါတယ်"ဟု ပြောသည်။
**ဖေထွဏ်းဇော်(ရေစကြို)**

# လူထုအခြေပြု တီဘီတိုက်ဖျက်ရေး စီမံချက် အသိပေးဆွေးနွေး

**မလှိုင် မေ ၂၃**
မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းကကြီးမှူး၍ ၂၀၁၆ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမ၌ မေ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ဒုတိယဥက္ကဋ္ဌ ဆရာဦးအောင်ရှိန်တို့က အမှာစကားပြောကြားခဲ့ပြီး လက်ထောက် စီမံချက်မန်နေဂျာ ဦးမျိုးသန့်နိုင်က စီမံချက်လုပ်ငန်းအကြောင်းနှင့် စီမံချက်အရာရှိ ဦးကျော်လင်းထွဋ်က လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

မလှိုင်မြို့နယ်တွင် တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်ကို ၂၀၁၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ တီဘီသံသယလူနာများကို ကူညီရှာဖွေပေးခြင်း၊ လူနာများအား တီဘီရောဂါပိုးရှိ မရှိ စစ်ဆေးပေးခြင်း၊ လိုအပ်ပါက ဓာတ်မှန်ရိုက်ကူးပေးခြင်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ဆေးဝါးကုသမှုခံယူနေရသော တီဘီရောဂါဝေဒနာရှင်များအား အာဟာရထောက်ပံ့မှုပေးခြင်း၊ တစ်ကိုယ်ရည်သုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် ခရီးစရိတ်အလိုက် စရိတ်များကိုလည်း ထောက်ပံ့ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**အောင်ငွေး(မလှိုင်)**

## သတင်းတိုများ

### ဆောမြို့တွင် အားကစားပြိုင်ပွဲများ လစဉ်ကျင်းပရန် စီစဉ်ထား

ဂန့်ဂေါခရိုင် ဆောမြို့၌ မြို့နယ် အားကစားနှင့်ကာယပညာကော်မတီ၏ အစီအစဉ်ဖြင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများပါဝင်သည့် အားကစားပြိုင်ပွဲများ၊ ကိုယ်ကာယလေ့ကျင့်ခန်းများကို ဇွန်လမှစတင်ကာ လစဉ်ကျင်းပသွားရန် စီစဉ်ထားကြောင်း မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ဆောမြို့တွင် ဒေသခံပြည်သူများ ကျန်းမာရေးအတွက် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ၏ အစီအစဉ်ဖြင့် အသက်ရှည်ကြောင်းတရားနှင့် လမ်းလျှောက်ခြင်းအကျိုးကျေးဇူး စာတမ်းပါ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ပညာပေးမြေစိုက်ပိုစတာကိုလည်း ဘုရင့်နောင်လမ်းဆုံ၌ မေ ၂၂ ရက်က စိုက်ထူခဲ့သည်။ **(၁၀၁)**

### မိုးကျခါနီး၌ အိမ်မိုးတောင်ထန်းနှင့်သက်ကယ်များရောင်းမလောက်ဖြစ်နေ

ယခုအခါ မုတ်သုံဝင်ရောက်ပြီဖြစ်၍ ဖြူးမြို့ပေါ်ရပ်ကွက်အချို့မှ ဆင်းရဲနွမ်းပါးသော ပြည်သူများနှင့် ကျေးလက်ပြည်သူများ အိမ်အမိုးမိုးရန်အတွက် အိမ်မိုးသက်ကယ်များကို နေ့စဉ်ဝယ်ယူလျက်ရှိရာ ဆိုင်များတွင် သက်ကယ်အပျစ် ၁၀၀ လျှင် ကျပ် ၂၄၀၀၀ မှ ၂၅၀၀၀၊ တောင်ထန်း အပျစ် ၁၀၀ လျှင် ကျပ် ၂၁၅၀၀ မှ ၂၂၀၀၀ အထိ ဈေးနှုန်းရှိနေပြီး ဝယ်ယူသူများသောကြောင့် ရောင်းမလောက်ဖြစ်နေကြောင်း သိရသည်။ ဖြူးမြို့နယ်အတွင်း ကျေးရွာများတွင် ယခင်က အိမ်မိုးရာတွင် သက်ကယ်နှင့် အင်ဖက်များကိုသာ သုံးခဲ့ရာမှ ယခုအခါ သစ်တောသစ်ပင် ပြုန်းတီးမှုကြောင့် အင်ဖက်များမှာ လုံးဝမရှိကြတော့ဘဲ သက်ကယ်နှင့် တောင်ထန်းများကိုသာ မိုးနေကြကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

### မိုးနဲမြို့၌ စာဖတ်ဝိုင်းနှင့်ဟောပြောပွဲပြုလုပ်

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းမှပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်၊ စာတတ်သူတိုင်း စာဖတ်သည့်အလေ့အထကောင်းများရှိလာစေရန်နှင့် ကျေးရွာစာကြည့်တိုက်များတွင် စာအုပ်များတိုးတက်ပွားများလာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်း၊ ဟောပြောပွဲနှင့် စာအုပ်များလှူဒါန်းခြင်းများကို ကျေးရွာများအရောက်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာသို့ မေ ၂၀ ရက်က သွားရောက်ခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကြုံတွေ့နိုင်သည့်ဆိုးကျိုးများအကြောင်းနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဒေသခံပြည်သူများအား ပညာပေးဟောပြောခဲ့ကြောင်းနှင့် ကျေးရွာစာကြည့်တိုက်အတွက် သုတရသစာအုပ်များနှင့် စာပေရေချမ်းစင်စာအုပ် ၂၀၀ ကို ကျေးရွာစာကြည့်တိုက်တာဝန်ခံ ဦးအောင်ဆာထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မိုးကာလတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**မော်လူး မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာ၌ မိုးရာသီကာလတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် ရပ်ကွက်များသန့်ရှင်းရေး၊ စည်ပင်သာယာဈေး သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မေ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတိုးမြင့်နှင့် တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မော်လူးနယ်မြေ ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မော်လူးဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ကျော်က ဟဲနုကျေးရွာမှ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးဘေး တစ်လျှောက်ရှိ ရေနုတ်မြောင်းများနှင့် ရပ်ကွက်များအတွင်းရှိ ရေနုတ်မြောင်းများ စုစုပေါင်း အရှည်တစ်မိုင်ခန့်ကို တူးဖော်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ လုပ်အားပေးစေတနာရှင်များကို ကုသိုလ်ရှင်များက နံနက်စာမုန့်နှင့် နေ့လယ်စာ ထမင်းဟင်းများ ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **ညီမင်းထက်(မြန်မာစာ)**

# အမျိုးသားကဇာတ်ရုံနှင့် သုဝဏ္ဏအားကစားရုံတို့ကို တရုတ်နိုင်ငံက ပြုပြင်မွမ်းမံသွားမည်

■ သတင်း - မြတ်စန္ဒီသင်းဇော်၊ ဓာတ်ပုံ - ရဲထွန်း



**ရန်ကုန် မေ ၂၃**

ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံနှင့် သုဝဏ္ဏအားကစားရုံတို့ကို ပြုပြင်မွမ်းမံရန် တရုတ်နိုင်ငံ ချင်းဟွာတက္ကသိုလ် အဆောက်အအုံဒီဇိုင်းကျောင်းမှ ပညာရှင် ၁၂ ဦး ပါဝင်သော လေ့လာရေးအဖွဲ့သည် အဆိုပါအဆောက်အအုံများ၏ တည်ဆောက်ပုံ၊ လုံခြုံရေးနှင့်ပတ်သက်၍ စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

အလားတူ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဖွဲ့ဝင်များနှင့် မြန်မာဘက်မှ တာဝန်ရှိသူများသည် အဆိုပါအဆောက်အအုံများပြုပြင်တည်ဆောက်မှုပမာဏနှင့် အစီအစဉ်များနှင့် ပတ်သက်၍ မေ ၂၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က "အခုကတော့ ပထမပိုင်း အကြိုလေ့လာတဲ့ကဏ္ဍ ဖြစ်ပါတယ်၊ တရုတ်နိုင်ငံက သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေကိုဖိတ်ခေါ်လာပြီး အချိန်ကာလသတ်မှတ်ဖို့ လေ့လာနေဆဲပါ။ ဒီစီမံကိန်းနှစ်ခုကို အမြန်ဆုံး စတင်အကောင်အထည်ဖော်နိုင်မယ်၊ ပြည်သူလူထုအမြန်ဆုံး အကျိုးခံစားနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ အချိန်ကာလ တိတိကျကျကတော့ အခုပြောလို့မရသေးပါဘူး၊ ကုန်ကျစရိတ်နဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူတွေ လေ့လာဆဲပါ၊ ပမာဏကတော့များမယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပစ္စည်းတွေကို အသစ်လဲလှယ်တပ်ဆင်ရမှာ မို့လို့ပါ၊ ဒီအဆောက်အအုံကြီး နှစ်ခုက တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးကို များပြားစွာ အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်"ဟုပြောသည်။

အမျိုးသားကဇာတ်ရုံ (ရန်ကုန်) သည် တရုတ်နိုင်ငံအစိုးရ၏အကူအညီဖြင့် ၁၉၈၈ ခုနှစ် မတ်လတွင်စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၉ ခုနှစ် ဇွန်လတွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ စုစုပေါင်း ဧရိယာ စတုရန်းမီတာ ၃၄၇၀၀ ကျယ်ဝန်းပြီး အဆောက်အအုံတစ်ခုလုံး၏ဧရိယာမှာ စတုရန်းမီတာ ၁၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

သုဝဏ္ဏအားကစားကွင်းသည်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ အကူအညီဖြင့် ၁၉၈၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ် မတ်လတွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ စုစုပေါင်းဧရိယာ ၆၉၅၀၀ စတုရန်းမီတာရှိပြီး အဆောက်အအုံတစ်ခုလုံးဧရိယာ ၂၆၀၀၀ စတုရန်းမီတာ ရှိကြောင်းသိရသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းဦးက "ဒီလိုအဆင့်မြှင့်တင်ဆောင်ရွက်တဲ့အတွက် အလွန်ကိုကောင်းပါတယ်၊ အမျိုးသား ကဇာတ်ရုံကို အဆင့်မြှင့်တင်လိုက်ရင် လာရောက်ကြည့်ရှုတဲ့ ပရိသတ်တွေလည်း ကောင်းမွန်တဲ့ခံစားမှုမျိုးရရှိမှာပါ။ ပြင်ဆင်နေတဲ့ကာလတွေမှာတော့ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးအတွက် ပိတ်ထားမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ နေရာနှစ်ခုစလုံးသည် ပြုပြင်တည်ဆောက်ရမည့်အချိန်ကာလသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ သုဝဏ္ဏအားကစားကွင်းသည် အသုံးပြုမှုများပြားသောကြောင့် အဆောက်အအုံနှင့် ပစ္စည်းများဟောင်းနွမ်းနေခြင်း၊ လေအေးပေးစက်စွမ်းရည်များလျော့ကျခြင်း၊ မီးသတ်စနစ်များ ယိုယွင်းနေခြင်း၊ အတွင်းအပြင် အပြင်အဆင်များ ပျက်စီးနေခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အမျိုးသား ကဇာတ်ရုံတွင်လည်း အဆောက်အအုံနှင့်ပစ္စည်းကိရိယာများ ဟောင်းနွမ်းနေခြင်း၊ စင်မြင့်ကိရိယာများ၊ စင်မြင့်မီးအလင်းရောင်များနှင့် Speaker များ ခေတ်နောက်ကျနေခြင်း၊ အတွင်းအပြင် အပြင်အဆင်များ ပျက်စီးနေခြင်းများဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

ထို့ကြောင့် အထက်ပါနေရာနှစ်ခုကို ဘက်စုံပြုပြင်ပေးရန် နှစ်ဖက်နိုင်ငံတို့မှ တာဝန်ရှိသူများသည် Feasibility Study ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

## သတင်းတိုများ

### တိုင်းရင်းဆေးကုဌာနမှ အခမဲ့ကွင်းဆင်းကုသပေး

ဂန့်ဂေါခရိုင် ထီးလင်းမြို့ အမှတ် (၁) ရပ်ကွက်နေပြည်သူများအား အခမဲ့ ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ဆေးကုသမှုများကို မြို့နယ်တိုင်းရင်းဆေးကုဌာနက မေ ၁၈ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဦးလှရွှေနှင့် ဝန်ထမ်းများက ကွင်းဆင်းကုသပေးခဲ့ခြင်းဖြစ်ပြီး ပြည်သူ ၅၀ ကျော်ကို ကျန်းမာရေးစစ်ဆေးပေးကာ ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း၊ ရောဂါများ စစ်ဆေးကုသပေးခြင်းနှင့်အတူ တိုင်းရင်းဆေးမှူးနှင့် ရပ်ကွက်နေပြည်သူများတွေ့ဆုံ၍ တိုင်းရင်းဆေးကုဌာနက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူများ၏ အကြံပြုချက်များကိုလည်း ရယူခဲ့ကာ မှတ်တမ်းတင်ထားခြင်း၊ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးသစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ မိုးရာသီကာလတွင် ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများကို မြို့နယ်လျှပ်စစ်မှူး ဦးဝင်းညွန့်နှင့် ဝန်ထမ်းများက မေလ တတိယပတ်အတွင်း မှစ၍ ခုတ်ထွင်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကြောင့် မိုးရာသီကာလတွင် လေပြင်းတိုက်ခတ်၍ သစ်ကိုင်းများ ကျိုးပြတ်ကာ ဓာတ်အားလိုင်းများပြတ်တောက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကာ ဓာတ်အား ပျောက်ဆုံးမှုကိုလည်း လျော့နည်းစေမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### မြစိမ်းရောင်စီမံကိန်းကော်မတီ အသစ်ပြန်လည်ရွေးချယ်

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းမှ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဖြစ်သော ဂရံရွာသစ်ကျေးရွာမှ မြစိမ်းရောင်စီမံကိန်းကော်မတီဝင်သစ်များကို ကျေးရွာနေပြည်သူများ၏ ဆန္ဒနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမြင့်အောင်နှင့် မြို့နယ် မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များက မေလ ဒုတိယပတ်အတွင်းက ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

### အပျော်တမ်း စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ငါန်းဇွန်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသား(အကြီးတန်း) အပျော်တမ်း တစ်ဦးချင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဝင်း အတွင်း၌ မေ ၁၉ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၄ ဦး ပါဝင် ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲအပြီးတွင် ပထမရရှိသူ ပြည့်ဖြိုးသူ(ပညာရေး)နှင့် ဒုတိယရရှိသူမြင့်အောင်သိန်း(မြို့နယ်ကော်မရှင်ရုံး)တို့အား မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးကိုကိုနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# လှိုင်သာယာမြို့နယ်၏ ယာဉ်ကြောပိတ်ဆို့မှုအများဆုံး နေရာများတွင် ယာဉ်ထိန်းအင်အားအပြည့်ဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၂၃**

ရန်ကုန်မြို့၏ ယာဉ်မတော်တဆဖြစ်ပွားမှု အများဆုံး မြို့နယ်များတွင် ပါဝင်နေသော လှိုင်သာယာမြို့နယ်အတွင်းမှ နေ့စဉ် ယာဉ်နှင့်ပြည်သူဖြတ်သန်းမှုများသည့် လမ်းမကြီး သုံးခုတွင် မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောရှင်းလင်းရေးလုပ်ငန်းများကို ယာဉ်ကြောပိတ်ဆို့မှု အဖြစ်များချိန် နံနက်ပိုင်း၊ ညနေပိုင်းနှင့် ညပိုင်းအချိန်များတွင် အင်အားအပြည့်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရန်ကုန်-ပုသိမ် ကားလမ်းမကြီးက စက်မှုဇုန်၊ ပန်းလှိုင်အိမ်ရာ၊ FMI အိမ်ရာပေါ်မှာရှိတဲ့အတွက် နေ့စဉ် လူနဲ့ ယာဉ်ဖြတ်သန်းမှု များတယ်။ အများဆုံး ယာဉ်ကြောပိတ်တာက ဘုရင့်နောင်တိုးဂိတ်ရှေ့နားက ပန်းလှိုင်ဂေါက်ကွင်း အကွေ့နဲ့ အဲဒီနားက FMI အဝင်အထွက်မှာ နံနက်၊ ညနေအချိန်တွေ ယာဉ်ကြောပိတ်တတ်တယ်။ စက်ရုံလုပ်သား ဖြတ်သန်းမှုများတဲ့ အဆင့်မြင့်မှတ်တိုင်နဲ့ ဗိုလ်ချုပ်မှတ်တိုင်မှာလည်း ယာဉ်ကြောပိတ်တတ်တယ်။ ပြီးတော့ သမကုန်းအဝိုင်းနဲ့ ဘီအိုစီအဝိုင်းလည်း ယာဉ်ကြောပိတ်တတ်တယ်။ လူတွေ စည်းကမ်းလိုက်နာမယ်။ ရပ်မျဉ်း၊ လူကူးမျဉ်းနဲ့ ခုံးကျော်တံတား တည်ဆောက်ပေးမယ်ဆိုရင် ယာဉ်ကြောပိတ်ဆို့မှုကင်းရှင်းနိုင်ပါတယ်။ အဓိကကတော့ ကားလမ်းပေါ်၊ ကားလမ်းဘေး ဈေးသည်တွေကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်နေတာကိုလည်း ဖြေရှင်းနိုင်မယ်ဆိုရင် ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းသွားမှာပါ"ဟု အမှတ်(၆၈)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးဌွေတင်က ပြောသည်။



လှိုင်သာယာမြို့နယ်အတွင်း ရန်ကုန်-ပုသိမ်ကားလမ်း၊ ရန်ကုန်-ညောင်တုန်းကားလမ်းနှင့် အဓိကလမ်းမကြီးများဖြစ်သော တပင်ရွှေထီးနှင့် အနော်ရထာလမ်းမကြီးများတွင် လမ်းမီးများမရှိသည့်အတွက် ညအချိန်များတွင် ယာဉ်တိုက်မှုဖြစ်ပေါ်ရန် တွန်းအားပေးသကဲ့သို့ဖြစ်နေပြီး ညပိုင်း စက်ရုံဆင်းအလုပ်သမားများအတွက်လည်း ယာဉ်အန္တရာယ်ကို စိုးရိမ်နေရလျက်ရှိသည်။ ထို့ကြောင့် မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စု အမှတ်(၆၈) အနေဖြင့် မီးတန်းယာဉ်ဖြင့်လည်းကောင်း၊ ဆိုင်ကယ်များဖြင့်လည်းကောင်း အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် တပ်ဖွဲ့စုအင်အားအပြည့်ဖြင့် ယာဉ်ကြောရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



# စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**ထီးလင်း မေ ၂၃**

ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ထီးလင်းမြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ မေ ၁၉ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဦးက အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနက တရားဝင်ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သော စားသောက်ကုန်များ၊ စားသုံးဆီများ၊ အလှကုန်ပစ္စည်းများနှင့် သုံးစွဲခွင့်မပြုသော ဆိုးဆေးများပါဝင်နေသည့် အစားအစာများအကြောင်းကို ပိုစတာများပြသ၍ ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါအဖွဲ့သည် ထီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘွေကီးအောင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဝင်းသန်းတို့နှင့်အတူ ထီးလင်းမြို့မဈေးအတွင်းရှိ ဈေးဆိုင်များတွင် ရောင်းချနေသော စားသောက်ကုန်များကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်းဆွေ**

# အတိုးနှုန်းမဲ့ ၆ လအရစ်ကျ

## စုဌေလည်းတိုး၊အရစ်ကျလည်းဝယ်ယူနိုင်ပြီ...

SAMSUNG | KBZ BANK STRENGTH OF MYANMAR

**0%**
**Interest Rate**



SAMSUNG
## Galaxy S7 edge

ဈေးနှုန်း ၉၀၀,၀၀၀ ကျပ်

လစဉ် ၁၅၀,၀၀၀ ကျပ် x ၆ ကြိမ်



SAMSUNG
## Galaxy S7

ဈေးနှုန်း ၈၀၀,၀၀၀ ကျပ်

လစဉ် ၁၃၃,၃၃၃ ကျပ် x ၆ ကြိမ်



SAMSUNG
## Galaxy Note5

ဈေးနှုန်း ၈၂၀,၀၀၀ ကျပ်

လစဉ် ၁၃၆,၆၆၇ ကျပ် x ၆ ကြိမ်



SAMSUNG
## Galaxy A5 6

ဈေးနှုန်း ၅၀၅,၀၀၀ ကျပ်

လစဉ် ၈၄,၁၆၇ ကျပ် x ၆ ကြိမ်



SAMSUNG
## Galaxy A7 6

ဈေးနှုန်း ၅၅၅,၀၀၀ ကျပ်

လစဉ် ၉၂,၅၀၀ ကျပ် x ၆ ကြိမ်

8.0 inch



SAMSUNG
## Galaxy Tab S2

ဈေးနှုန်း ၅၃၉,၀၀၀ ကျပ်

လစဉ် ၈၉,၈၃၃ ကျပ် x ၆ ကြိမ်

9.7 inch



SAMSUNG
## Galaxy Tab S2

ဈေးနှုန်း ၆၅၄,၀၀၀ ကျပ်

လစဉ် ၁၀၉,၀၀၀ ကျပ် x ၆ ကြိမ်

*ဈေးနှုန်းအတက်အကျ အပြောင်းအလဲရှိလျှင် ကြိုတင် အသိပေးသွားပါမည်။ နီးစပ်ရာဘဏ်ခွဲနှင့် Samsung Brand Shop များတွင် မဝယ်ယူမီ စုံစမ်းနိုင်သည်။ ဘဏ်မှသတ်မှတ်ထားသည့်အတိုင်း Current Account အတွက် အတိုးနှုန်းခံစားခွင့်အကျုံးမဝင်ပါ။

**Terms and conditions apply

**Installment** ဝယ်ယူနိုင်မည့် ကမ္ဘောဇဘဏ်တည်ရှိရာမြို့များ

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊ တောင်ကြီး၊ ပုသိမ်၊ ပဲခူး၊ သရက်၊ သုံးဆယ်၊ တောင်ငူ၊ ဟသ်ာတ၊ မြောင်းမြ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ပျော်ဘွယ်၊ စစ်ကိုင်း၊ ရွှေဘို၊ မိုးကုတ်၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ ကလော၊ လွိုင်ကော်၊ မုံရွာ၊ မြင်းခြံ၊ မကွေး၊ မင်းဘူး၊ ညောင်ဦး၊ ပြည်၊ ပခုက္ကူ၊ သထုံ၊ ဘားအံ၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မြဝတီ၊ မြိတ်၊ ထားဝယ်၊ ရမည်းသင်း၊ အောင်လံ။

samsungmobilemyanmar samsungmyanmar samsungmyanmar

Hotline 09977233356, 09263335050

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား CIF (Yangon) နိုင်ငံခြားငွေ (USD)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | SKD Parts for Wheel Loader(4.5 Ton-5Ton) | 2 Units |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၃၀-၅-၂၀၁၆ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက် ၃-၆-၂၀၁၆ ရက် ၁၆း၀၀ နာရီ

**စီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ် ၃၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၉၊ ၀၆၇-၄၀၅၃၂၂**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကက်သုတ်ကြေးနီ (၄၀၀)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကက်သုတ်ကြေးနီ တစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၇-၆-၂၀၁၆ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၇၈နှင့် ၀၆၇-၄၀၉၀၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန၊**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ ၆၆ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများအား တည်ဆောက်ရေးလုပ်ငန်းအပါအဝင် Turnkey စနစ်ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) မိုးမိတ်-မဘိမ်း ၆၆ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
- (၁) မိုးမိတ်-မဘိမ်း ၆၆ကေဗွီဓာတ်အားလိုင်း(၂၇)မိုင်
- (၂) မိုးမိတ်တွင် ၆၆ကေဗွီ Switch Bay တစ်ခုတိုးချဲ့ခြင်း
- (၃) မဘိမ်းတွင် ၆၆/၁၁ကေဗွီ၊ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်း

(ခ) ပုဏ္ဏားကျွန်း-ပုဏ္ဏားကျွန်းစက်မှုဇုန် ၆၆ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
- (၁) ပုဏ္ဏားကျွန်း-ပုဏ္ဏားကျွန်းစက်မှုဇုန် ၆၆ကေဗွီ ဓာတ်အားလိုင်း (၃)မိုင်
- (၂) ပုဏ္ဏားကျွန်းခွဲရုံတွင် Switch Bay တစ်ခုတိုးချဲ့ခြင်း
- (၃) ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် ၆၆/၁၁ကေဗွီ၊ ၂×၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်း

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၅-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၃-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးရာဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၅(ရတနာမြိုင်အိမ်ရာ)၊ မြေကွက်အမှတ် (၁၀၉/H)၊ ဧရိယာ ၀ဒသမ ၀၉၂ဧကသည် နှစ်(၆၀)မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးဝင်းအောင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၁၈၃၈/၂၀၁၆)တင်ပြ၍ ဒေါ်ခင်ဝသုန်ဝင်း ၁၂/ဗတထ(နိုင်)၀၄၄၃၄၀အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/6303 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/3215 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လယ်ယာသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | ထွန်စက်ကြီးများ | 5 Lots |
| (ခ) | ထွန်ယက်ရေးပစ္စည်းများ | 9 Lots |
| (ဂ) | ထွန်စက်နောက်တွဲယာဉ် | 1 Lot |
| (ဃ) | စပါးရိတ်သိမ်းခြွေလှေ့စက် | 3 Lots |
| (င) | စပါးအခြောက်ခံစက် | 1 Lot |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၅-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၆-၆-၂၀၁၆ ရက် ၁၃း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ရုံးအမှတ် ၅၀၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၃၁၃၁၅၊ ၀၆၇-၄၃၁၂၀၅**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့် မော်တော်ယာဉ်ဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ပါယာဉ်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

(က) TC အမှိုက်သိမ်းယာဉ် (၃)တန်
(ခ) GARBAGE COMPACTOR TRUCK ($14/15m^3$)

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များအား ၁-၆-၂၀၁၆ရက်မှစ၍ ၁၄-၆-၂၀၁၆ရက်ထိ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ရောင်းချမည်ဖြစ်ပြီး ၁၅-၆-၂၀၁၆ ရက် မွန်းလွဲ ၁း၀၀နာရီတွင် ၂၆လမ်း၊ ၇၁လမ်း×၇၂လမ်းကြား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့် မော်တော်ယာဉ်ဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၆၆/၃၃/၁၁ကေဗွီ ၂×၄၅အမ်ဗွီအေ ပေါက် ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၅-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၃-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး
## မြစ်ကြီးနားမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံ (၄)လုံး ဆောက်လုပ်ရန်ရှိသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရသည့် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွန်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာများကို ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် ၃၀-၅-၂၀၁၆ရက်မှစတင်ဝယ်ယူနိုင်ပြီး ၂၈-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၄-၂၉၂၆၂ တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ရာထူးဝင်သင်တန်းဆိုရင်- နေပြည်တော်မှာ

**ဦးလှိုင်ဘွား (Former Gazetted Officer)**

ရဲ့ J.H.A ရာထူးဝင်သင်တန်း-ဟာ အကောင်းဆုံးပါပဲ
စီမံ/ဘဏ္ဍာ ကျန်းမာရေး တန်းခွဲသစ်စပြီ (အဆောင်ရှိသည်)
စိတ်သစ် လူသစ် စနစ်သစ်ဖြင့် သင်ကြားပေးနေပြီ။
ဖုန်း-၀၉-၄၉၂၀၁၉၈၈၊ ၉၇၄၃၂၀၀၀၈၊ ၂၅၀၆၉၁၉၇၇၊ ၇၉၇၉၂၄၈၂၉

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် အသုံးပြုရန် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/အဆင့်မြှင့်တင်လိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာအိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လက်ရှိတပ်ဆင်ထားသော TRANSAS FULL MISSION BRIDGE SIMULATOR NAVI-TRAINER NT-PRO 4000 (Version 4.6.1) ကို TRANSAS FULL MISSION BRIDGE SIMULATOR NAVI-TRAINER NT-PRO 5000 (Version 5.3) သို့ အဆင့်မြှင့်တင်ခြင်း (1) Lot

(ခ) Enclosed Life Boat & Davit (20 Person) အသစ် ဝယ်ယူတပ်ဆင်ခြင်း (1) Lot

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရယူရန်** - ၃၀-၅-၂၀၁၆ ရက်မှ ၃-၆-၂၀၁၆ ရက်ထိ
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၁၀-၆-၂၀၁၆ ရက် ၁၅း၀၀ နာရီထိ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂၀-၆-၂၀၁၆ ရက် ၁၀း၀၀ နာရီ

၃။ လက်ရှိတပ်ဆင်ထားသော Bridge Simulator အား ကြည့်ရှုလိုပါက ၃၀-၅-၂၀၁၆ ရက်မှ ၁၀-၆-၂၀၁၆ရက်များအတွင်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ သင်ထောက်ကူပစ္စည်းဌာနနှင့်ဆက်သွယ်၍ ကြည့်ရှုနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၅၃၉၄၆၄၊ လိုင်းခွဲ (၁၁၉)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (သတ္တုရေးရာ)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ)ရှိ ဝန်ကြီးရုံး/ဦးစီးဌာန/ လုပ်ငန်း(၇)ခုတွင် အသုံးပြုမည့် ရုံးသုံးစက်ပစ္စည်းကိရိယာများ၊ ရုံးသုံးစာရေးကိရိယာများနှင့် (Toner ,Catridge & Computer Accessories)ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၆-၂၀၁၆ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန(သတ္တုရေးရာ)ဝန်ကြီးရုံး/ ဦးစီးဌာန/ လုပ်ငန်း(၇)ခုတွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (သတ္တုရေးရာ)ဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၀၉၃၇၀ |
| (ခ) | သတ္တုတွင်းဦးစီးဌာန | ဖုန်း-၀၆၇-၄၀၉၃၇၇ |
| (ဂ) | ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၁၄၀၇၉ |
| (ဃ) | အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | ဖုန်း-၀၆၇-၄၀၉၁၆၂ |
| (င) | အမှတ်(၂) သတ္တုတွင်းလုပ်ငန်း | ဖုန်း-၀၆၇-၄၀၉၃၉၁ |
| (စ) | မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း | ဖုန်း-၀၆၇-၄၁၄၉၀၉ |
| (ဆ) | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | ဖုန်း-၀၆၇-၄၁၄၀၈၃ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ ရူပဗေဒ အဓိကဖြင့် အောင်မြင်ခဲ့သော မနွေးနွေး၏ဖခင် ဦးခင်မောင်အေးနှင့် ဦးဘိုလတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်မောင်အေး(ခ)ဦးဘိုလတ်**
**၆/ကစန(နိုင်)၀၂၂၂၉၁**

## ဖခင်အမည်မှန်

ပေါင်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မိကေသီအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်း ဖြစ်ပါကြောင်း။

**ဦးမြင့်ထွန်း**

# ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁

| | | |
|---|---|---|
| မနီလာ(ခ)မဆာဒူး | **နှင့်** | ဦးကျော်ကြီး |
| **တရားလို** | | **တရားပြိုင်** |

အေးသာယာမြို့၊ အမှတ်(၆)ရပ်ကွက်၊ မီးသတ်လမ်း၊ အမှတ် (၆၄/၆၀) (ယခုနေရပ်လိပ်စာမသိ)နေ ဦးကျော်ကြီး သိစေရမည်။

သင့်အပေါ်၌ တရားလိုက နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ပါအတိုင်း အိမ်ဝိုင်းဥပစာအား လက်ရောက်ပေးအပ်၍ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဇွန် ၆ ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အုန်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**တောင်ကြီးခရိုင်တရားရုံး**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/6251၏အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃င/၈၀၄၅ Mitisubishi Fuso Fs 510 VZ, Truck(8x4) R, T/S ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမောင် GGW-၀၇၁၂၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၇၄၈၂၆ TRSTA-125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်မင်းစိုး ၅/စကန(နိုင်) ၂၀၀၁၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/တိုးချဲ့၊ မြေကွက်အမှတ် C-၉၊ မြေကွက်တည်နေရာ အမှတ် C-၉၊ ဦးဝိစာရလမ်း၊ ၃၄-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်စိန်စိန် ၁၂/ရကန(နိုင်) ၀၅၃၈၈၁ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်စိန်၏ခင်ပွန်း ဦးအောင်ခင်သည် ၇-၆-၂၀၀၆ တွင် ကွယ်လွန်ခဲ့ပြီး ဒေါ်စိန်စိန်မှ ကိတ္တိမမွေးစားစာချုပ်(၈၉၅၀/၁၈-၁၁-၂၀၁၀)ဖြင့် ဦးသန်းအေး ၁၂/ရကန(နိုင်)၀၅၇၆၄၂၊ ဦးဇော်လွင် ၁၂/သဃက(နိုင်) ၁၂၁၂၂၀၊ ဦးရဲထွဋ် ၁၂/ဥကတ(နိုင်)၀၄၆၄၄၈၊ ဦးမြတ်ဇော်ဖိုး ၁၂/ရကန(နိုင်)၀၅၃၈၅၁၊ဦးသန့်ဇော် ၁၂/ရကန(နိုင်)၀၀၀၃၅၇၊ ဦးရဲဝင်းထွန်း ၁၂/ရကန(နိုင်)၀၆၂၅၀၆၊ ဦးမင်းခိုင် ၁၂/ရကန(နိုင်) ၀၆၆၅၅၇ တို့အား မွေးစားခဲ့ပါသည်။ ယခုအခါ ဂရန်အမည်ပေါက် ဒေါ်စိန်စိန်(မွေးစားမိခင်)သည် ၁၉-၂-၂၀၁၅ရက်တွင်လည်းကောင်း၊ မွေးစားသားတစ်ဦးဖြစ်သူ ဦးမင်းခိုင်သည် ၂၄-၉-၂၀၁၃ ရက်တွင် လူပျိုကြီးဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်သွားသဖြင့် ကျန်ရှိသူ ကိတ္တိမမွေးစားသား/သမီးများဖြစ်ကြသည့် ဦးသန်းအေး+၅မှ ကိတ္တိမမွေးစားစာချုပ်(၈၉၅၀/၂၀၁၀)၊ မွေးစားမိခင်နှင့် ၎င်း၏ခင်ပွန်း သေစာရင်း၊ မွေးစားသား ကိုမင်းခိုင်၏ သေစာရင်း၊ မွေးစားသားများဖြစ်ကြောင်း အခြားသားသမီးအရင်းများနှင့် ကိတ္တိမသားသမီးများ မကျန်ရှိကြောင်း အခြားဇနီး၊ ခင်ပွန်းများလည်း မရှိကြောင်း ကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင် ကျမ်းကျိန်ထောက်ခံချက်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

MTSH
Myanmar Thilawa SEZ Holdings Public Limited

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

MTSH
Myanmar Thilawa SEZ Holdings Public Limited

Myanmar Thilawa SEZ Holdings (MTSH)
မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်းပတ်ပလစ်လီမိတက်၏
ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီဖြစ်သွားခြင်းနှင့်
MTSH ၏ တစ်ခုတည်းသောအကြံပေးကုမ္ပဏီအဖြစ် CB Securities မှပံ့ပိုးပေးခွင့်ရသည့်
အတွက် CB Bank နှင့် CB Securities မိသားစုများမှအထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

C B BANK
CO-OPERATIVE BANK LTD.
SINCE 1992

CB SECURITIES
“ We help you make a difference ”

သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင်မှ အထူးအစီအစဉ်အဖြစ်

၂၀၁၆၊ မေလ (၁)ရက်နေ့မှ ဂျူလိုင်လ (၃၀)ရက်နေ့အထိ (၃)လအတွင်း ဝယ်ယူအားပေးသူတိုင်းကို သိဒ္ဓိဝင် မှ ကျေးဇူးတုံ့ပြန်သောအားဖြင့်



HONDA FIT
ကားသစ်တစ်စီး



တစ်ကျပ်သားရွှေဆုကြီး
(၃) ဆု



ငါးမူးသားရွှေဆုကြီး
(၃) ဆု



လေးပဲသားရွှေဆု
(၁၀) ဆု

အခြားဆုမဲပေါင်းများစွာနှင့်အတူ ဖလာမပါ ကံစမ်းမဲဖောက်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း

✦ မှတ်ချက် ✦ ကံစမ်းမဲပေးသည့်အတွက် အလျော့တွက် လက်ခများ ပိုယူခြင်း၊ ရွှေအရည်အသွေး ပြောင်းလဲခြင်းလုံးဝမရှိကြောင်း အာမခံပါသည်။

ဆိုင် (၁) • အမှတ်(၂၁၅)၊၃၁×၃၂လမ်းကြား၊အနော်ရထာလမ်းမကြီး၊ဆူးလေ။
Phone : 01-250489, Hotline : 09-440 4400 36, 09-440 4400 37

ဆိုင် (၂) • အမှတ်(၁၁၁)၊သုမင်္ဂလာလမ်းနှင့်လေးထောင့်ကန်လမ်းထောင့်၊သဃ်န်းကျွန်း၊ဇဝန။
Phone : 01-8564705, Hotline : 09-440 4400 38, 09-440 4400 39

လပြည့် 09-50-37438
532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

အဆင့်မြင့်ဆန်စက်နှင့် ဂိုထောင်ရောင်းမည်
အဆင့်မြင့်တန်(၈၀)ကျဆန်စက်အသစ် ဂိုထောင်အကျယ်(၅၃)ပေ (၁၈၀)ပေ (ဂိုထောင်အသစ်)၊ မြေအကျယ် (၂၃၂)ပေ၊ ဧပေ(၆၀) နှစ်(၆၀)ဂရမ်မြေ (315 KVA AUTO TAP CHANGER)
ရွှေပြည်သာစက်မှုဇုန်(၂)ထိပ်၊ ရန်ကုန်မြို့(12000 lakhs)
Ph:09-73163902,09-785002339,09-8616010



Pre-book,
pay less, bring more.
Because you can.

Pre-book your checked baggage when booking your flights and save up to 40%^.

Singapore (direct)
Hot Fare from USD 59

jetstar.com
Jetstar

**Hot Fare has limited availability, until sold out.** Hot Fare is one way Economy Starter fare (including airport taxes and fees) with 7kg carry-on baggage only. ^Baggage fees apply. Checked baggage allowance can be purchased up to 40kg only, per passenger, per flight. Checked baggage allowance is given by combined weight, not by number of bags. No single bag can weigh more than 32kg. Other conditions apply. Selected travel periods and seat availability apply. Availability is limited (not available on all flights, school holidays and weekends). Conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

## ကြော်ငြာစာ

